မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

လုံးလုံး အကဲ့ရဲ့ခံရသောသူ၊
လုံးလုံး အချီးမွမ်းခံရသောသူဟူ၍
ရှေးအခါ၌ မရှိခဲ့ဖူး၊ နောင်အခါ၌လည်း
ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်းမရှိ။

ဓမ္မပဒ-၂၂၈
အရှင်သေဋ္ဌိလ

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၃)

သတင်း-ဆောင်းဦးနှင်း၊ ဓာတ်ပုံ-အေကေလင်း

ဒီပဲယင်း၌ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု စတင်တွေ့ရှိ ရာသီဥတုပြောင်းလဲမှုကြောင့် အချိန်စောစွာတွေ့ရှိခြင်းဖြစ်

ဒီပဲယင်း မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်း ကျေးရွာသုံးရွာ၌ ကလေးငယ်သုံးဦး သွေးလွန်တုပ်ကွေးရောဂါ မေ ၃ ရက်က စတင်ဖြစ်ပွားသည်ကို တွေ့ရှိရပြီး ယခုအခါ ဒီပဲယင်းမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက် ရှိကြောင်းနှင့် အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ် အိုင်ပေါက်တောကျေးရွာမှ ၄ နှစ်အရွယ်ယောကျ်ားလေး တစ်ဦး၊ ယင်းတွေကျေးရွာမှ ၇ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် သရက်ကျင်းကျေးရွာမှ ၁၁နှစ်အရွယ် မိန်းကလေးတစ်ဦးတို့ သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခြင်းဖြစ်ပြီး ယခု ကလေးငယ်များသည် ဒီပဲယင်းမြို့ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ကလေးငယ်များသည် ရောဂါနှင့်ပတ်သက်၍ အချိန်မီ ဆေးကုသမှုခံယူနိုင်ခဲ့သောကြောင့် အသက်အန္တရာယ်စိုးရိမ်စရာမရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒညီဆွေက ပြောကြားသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် တိုင်းဒေသကြီးအတွင်း အပူချိန်မြင့်တက်ခြင်း၊ ပြင်းထန်သောလေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မိုးသီးများကြွေကျခြင်း၊ မိုးများ အချိန်အခါမဟုတ် ရွာသွန်းခဲ့ခြင်းတို့ကြောင့် ခြင်ပေါက်ပွားမှုနှုန်းလည်း များပြားခဲ့သည်။ ယင်းဖြစ်စဉ်များကြောင့် ခြင်မှတစ်ဆင့် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါသည်လည်း ယခင်နှစ်များကထက် စော၍ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ သွေးလွန်တုပ်ကွေးဖြစ်ပွားနေသော ကျေးရွာများ၌ ရောဂါကူးစက်ပြန့်ပွားခြင်းမရှိစေရန် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊

စာမျက်နှာ ၅ ကော်လံ ၅ ❊

ဇွဲကပင်တောင်ထိပ်သို့ ကောင်းကင်ကေဘယ်လ်ကားဖြင့် တက်နိုင်ရေး စတင်ဆောင်ရွက်နေ

ဘားအံ မေ ၄

ကရင်ပြည်နယ် ဘားအံမြို့အနီး ဇွဲကပင်တောင်ထိပ်သို့ ကောင်းကင်ကေဘယ်လ်ကားဖြင့်တက်ရောက်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ စီမံကိန်းအောင်မြင်ရေးအတွက် အခက်အခဲများနှင့် ကြုံတွေ့ရသော်လည်း အောင်မြင်စေရန် မဆုတ်မနစ်ကြိုးပမ်းလျက်ရှိရာ လာမည့် နှစ်နှစ်၊ သုံးနှစ်အတွင်း အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း ဇွဲကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဇေက မေ ၃ ရက်က ပြောသည်။

"ပထမ မလေးရှားက ကုမ္ပဏီတစ်ခုနဲ့ လုပ်ဖို့စီစဉ်ခဲ့ပေမယ့် မဖြစ်ခဲ့ဘူး။ နောက် ဂျပန်အဖွဲ့အစည်းတစ်ခုနဲ့ လုပ်ဖို့ဆွေးနွေးတဲ့အခါ သူတို့က စိတ်ဝင်စားတယ်။ ငွေလည်း ချေးမယ်။ ဒါပေမယ့် စပေါ်ငွေတင်ဖို့ကိစ္စနဲ့ အခက်အခဲဖြစ်ပြန်တယ်။ အခုတော့ ဂျပန်ရောက် မြန်မာနိုင်ငံသားအချို့က သူတို့ဖြစ်အောင်ဆောင်ရွက်မယ်လို့ ဆိုတာနဲ့ မေ ၁၅ ရက်မှာ အစည်းအဝေးလုပ်ပြီး လုပ်ငန်းလွှဲအပ်ဖို့တော့ စီစဉ်နေတယ်" ဟု ဇွဲကပင်ဆရာတော်က မိန့်ကြားသည်။

စာမျက်နှာ ၄ ကော်လံ ၄ ✻

တစ်ရက် တန် ၁၀၀ ထွက်နေသော မုံရွာမြို့မှ အမှိုက်များရှင်းရန် စည်ပင်ဝန်ထမ်းအင်အားနှင့် ယာဉ်အစီးရေတိုးမြှင့်မှအဆင်ပြေမည်

မုံရွာ မေ ၄

မုံရွာမြို့ပေါ်မှတစ်ရက်လျှင် အမှိုက်တန်ချိန် ၁၀၀ နေ့စဉ်ထွက်ရှိမှုအပေါ် မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် မော်တော်ယာဉ် ၁၂ စီးရှိသည့်အနက် ကောင်းမွန်သော ရှစ်စီးဖြင့်သာ မလောက်ငသောဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်နေရသောကြောင့် တန်ချိန် ၅၀ ပင် ရှင်း၍မပြီးကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းထံမှ သိရသည်။

"မုံရွာမှာအမှိုက်က တစ်ရက်တန် ၁၀၀ လောက်ထွက်နေတော့ မလောက်မင ဝန်ထမ်းအင်အား၊ စက်အင်အားတွေနဲ့ ဘယ်လိုမှ မရှင်းနိုင်ပါဘူး။ ယာဉ်ကလည်း ၁၂ စီးရှိတာ ရှစ်စီးပဲသုံးလို့ရပြီး ကျန်တာတွေကပျက်နေတာ၊ အခုမှ စတင်ဆောင်ရွက်တာဆိုတော့ ပြင်သင့်တာတွေပြင်နေပါတယ်။ မုံရွာမှာ လတ်တလော လူငယ်၊ လူကြီးတွေ စုဖွဲ့ထားတဲ့ စေတနာလုပ်အားပေးအဖွဲ့တွေက စည်ပင်နဲ့ပေါင်းပြီး သန့်ရှင်းရေးတွေကို နေ့စဉ် နေ့ချိုချိန်မှာ ဆောင်ရွက်လာတာဟာ မြို့သန့်ရှင်းရေးအတွက် အများကြီး အထောက်အကူပြုစေသလို အများစုရဲ့စိတ်ထဲမှာ အမှိုက်ရှင်းတာကို ပူးပေါင်းလာတဲ့အပြင် လူတစ်ဦးချင်းစီရဲ့ထားရမယ့် စိတ်ဓာတ်နဲ့ စည်းကမ်းကို ပိုမိုသိရှိလာစေတဲ့အတွက် ဆက်လက်ဆောင်ရွက်သွားကြမှာပါ။ အမှိုက်ရှင်း လုပ်အားပေးတဲ့အပေါ် ငွေကြေးအလှူ

စာမျက်နှာ ၅ ကော်လံ ၁ ❒

ASA AUNG NAING SCHOOL OF ACCOUNTANCY

ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

U Aung Naing-LCCI(official page), ASA aung naing

LCCI Level - I, II, III

စာရင်းကိုင်သင်တန်းများ

for 2016, November Exam

ACCA, Dip IFR

ကျောင်းအပ်လက်ခံပြီ

LCCI International Qualifications Approved Centre

အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။

Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

မြန်မာ့အလင်း

ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်

ဒုတိယအကြိမ် လွှတ်တော်အသီးသီးတို့၏ ပထမပုံမှန်အစည်းအဝေးများ ကျင်းပနေသည်မှာ ရက်ပေါင်း ၂၀ ခန့် ရှိလာပြီ။ လွှတ်တော်ကိုယ်စားလှယ်များကလည်း မေးခွန်းများမေးမြန်းခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်း၊ အရေးကြီးအဆိုများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့် တစ်ရက်ပြီးတစ်ရက် အရှိန်ရသွက်လက်လာပြီဖြစ်သည်။

မေးခွန်းများမေးမြန်းရာတွင် မိမိကိုရွေးချယ်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်မှ ပြည်သူများ၏ လိုအပ်ချက်များ၊ ဆန္ဒများကို ဖြည့်ဆည်းပေးရန်၊ ထိခိုက်နစ်နာမှုများအတွက် ကုစားပေးရန်စသည့် ရည်ရွယ်ချက်များနှင့် မေးမြန်းကြခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် လွှတ်တော်များသို့လာရောက်၍ ဖြေကြားပေးနေကြသည်ကို တွေ့ရသည်။ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏အကျိုးစီးပွားအတွက် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့ကိုယ်စား မေးမြန်းကြသည်များကို အစိုးရအဖွဲ့မှ လုပ်ငန်းတာဝန်အလိုက် အမြင့်ဆုံးတာဝန်ရှိသူများက ပြည်သူကို အလေးမူ၍ ရှင်းလင်းဖြေကြားပေးနေကြခြင်းဖြစ်သည်ဟု ဆိုရမည်။ ဤသည်မှာ လွှတ်တော်နှင့်အစိုးရဟူသော မဏ္ဍိုင်နှစ်ရပ်တို့ အပြန်အလှန်ထိန်းကျောင်းနေကြခြင်းလည်းဖြစ်သည်။

လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များကို–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသောဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည်ထောင်စု၏အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းဟူ၍ ပြဋ္ဌာန်းထားသည်။

လက်ရှိအစိုးရအဖွဲ့နှင့် လွှတ်တော်တို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ဒုတိယမျိုးဆက် အစိုးရနှင့် လွှတ်တော်တို့ဖြစ်သည်။ ပြည်သူလူထု၏ဆန္ဒနှင့် ပိုမို၍ ကိုက်ညီသောအစိုးရနှင့် လွှတ်တော်တို့ဖြစ်သည့်အလျောက် နိုင်ငံရေးရပ်ဝန်းထဲသို့ ပြည်သူလူထုပါဝင်မှု တစ်စ တစ်စ ပိုမို အားကောင်းလာနေသည့်အနေအထားကို တွေ့မြင်နေရသည်။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပိုမို လွတ်လပ်ပွင့်လင်းမှုဆီသို့ ဦးတည်ရွေ့လျားနေသည်ကိုလည်း တွေ့မြင်နေရပြီဖြစ်သည်။

ဤသို့သောအခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင်းဆွေးနွေးကြရာ၌ အစွဲကင်းကင်းနှင့် အတ္တမာနများကိုဖယ်ခွာပြီး ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံး၏အကျိုးကို ရှေးရှုကြရမည်ဖြစ်သည်။ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကလည်း အပြန်အလှန်ထိန်းကျောင်းကာ ဒီမိုကရေစီစနစ်ပိုမို ခိုင်မာတောင့်တင်းရေးအတွက် ဟန်ချက်ညီညီ တည်ဆောက်သွားကြရမည်ဖြစ်သည်။

အစိုးရအဖွဲ့သစ်အနေဖြင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း လာမည့် တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစုပင်လုံညီလာခံစတင်နိုင်ရေး ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပြောကြားထားသည်။

လက်ရှိနိုင်ငံရေး အခင်းအကျင်းတစ်ခုလုံးသည် ငြိမ်းချမ်းရေးကို လိုလားသူတို့အတွက် လက်မလွှတ်တမ်း ရယူသင့်သော အခွင့်အရေးတစ်ခုဖြစ်သည်။ ဒီမိုကရေစီပွင့်လင်းမှုနှင့်အတူ စစ်သံတို့ကင်းဝေးကာ ငြိမ်းချမ်းရေးစကားဝိုင်းတို့ စတင်နိုင်ကြပါစေကြောင်း။

အယ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများ ဖြေရှင်းနိုင်မည့်သင်တန်းနှင့် တောင်သူပညာပေးဟောပြော

နေပြည်တော် မေ ၄

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်များရှိကျေးရွာများတွင် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် သင်တန်းနှင့် တောင်သူပညာရေးဟောပြောပွဲကို မေ ၂ ရက် မှ ၄ ရက်ထိ ရန်အောင်မြင်ကျေးရွာ၊ ကူဆယ်စုကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှငြိမ်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကိုကိုကြီးတို့က ကျေးရွာအလိုက် အယ်နီညိုနှင့်ပတ်သက်သည့် စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်အကြောင်းအရာများကိုလည်းကောင်း၊ တိုင်းမြေအသုံးချရေးမျိုးစေ့ပိုးမွှားကာကွယ်ရေးအဖွဲ့မှလည်းကောင်း ဟောပြောပို့ချပြီး တက်ရောက်လာသောတောင်သူများ၏ မေးမြန်းချက်များကို တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ကျန်ရှိသည့်ကျေးရွာများသို့လည်း တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်အဖွဲ့သည် အယ်နီညိုနှင့်ပတ်သက်သည့်စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် မေ ၄

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်းသို့ ကာတွန်းပေးပို့သော ကာတွန်းပညာရှင်များသို့ မေတ္တာရပ်ခံချက်

မြန်မာ့အလင်း သတင်းစာတိုက်သို့ပေးပို့သော ကာတွန်းစာမူများကို သတ်ပုံသတ်ညွှန်း မှန်ကန်စွာ ရေးသားပေးပို့ပါရန်၊ တိုက်ပြိုင်ပေးပို့ခြင်းမပြုလုပ်ဘဲ တစ်တိုက်တည်းသာပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။ ပေးပို့သောကာတွန်းများကို ငါးရက်အတွင်း စိစစ်ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပြီး ဆက်သွယ်ရန် လိပ်စာ(သို့) ဖုန်းနံပါတ်များပါ ကာတွန်းစာမူတွင် ထည့်သွင်းပေးရန် လိုပါသည်။ ပေးပို့ခဲ့သော ကာတွန်းစာမူများကို မိမိတို့တွင် မိတ္တူထားရှိပြီး ရွေးချယ်ခြင်းမခံရသောကာတွန်းများကို ပြန်လည်ပေးပို့သွားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ရပ်စောက် မေ ၄

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်အတွင်း ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိ မိုးသက်လေပြင်းများကျရောက်ပြီး နေအိမ်များ ပြိုကျပျက်စီးခြင်း၊ အမိုးများ လေလန်ပျက်စီးခြင်းစသည့် လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရခြင်းအကြောင်းနှင့် ဖြစ်ပေါ်လာမည့်သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေဘေးသင့် အိမ်ခြေ ၁၆၆ လုံးအတွက် ထောက်ပံ့ငွေကျပ် ၃၈၄၀၀၀၀ နှင့် ပစ္စည်းကိုးမျိုးတို့ကို ရှမ်းပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၇၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၄၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၄၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၇၀.၀
ဥရောပ	တစ်ယူရို	၁၃၄၉.၄
စင်ကာပူ	တစ်ဒေါ်လာ	၈၇၃.၄၀
ထိုင်း	တစ်ဘတ်	၃၃.၅၆၈
အိန္ဒိယ	တစ်ရူပီး	၁၇.၆၂
တရုတ်	တစ်ယွမ်	၁၈၀.၇၂
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၁၆

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ဆွေးနွေး

ရန်ကုန် မေ ၄

လွတ်လပ်စွာရေးသားခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်ရရှိရေး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး၊ မြန်မာစာပေနီးနှောဖလှယ်ပွဲများ ကျင်းပရေး၊ လက်ရှိလုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများနှင့်စပ်လျဉ်း၍ စာပေအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တွေ့ဆုံစဉ် ထည့်သွင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂနှင့် မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂတို့မှ တာဝန်ရှိသူများ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် အထက်ပါအတိုင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပြီး စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းတို့မှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့်ဆက်လက်တွေ့ဆုံပြီး **(ယာပုံ)** Print City နှင့် Book City များတည်ဆောက်ရေး၊ အစိုးရနေ့စဉ်ထုတ်သတင်းစာများတွင် စာအုပ်စင်ကဏ္ဍကို သတ်သတ်မှတ်မှတ် ထည့်သွင်းဖော်ပြရေး၊ ပုံနှိပ်သင်တန်းများပို့ချနိုင်ရေးနှင့် လက်ရှိလုပ်ငန်းအခက်အခဲများကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၌ နာယကကြီးများ၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ တက်ရောက်လာကြသူများက တရားမဝင်ခိုးကူးခွေများရောင်းချမှု ပပျောက်ရေး၊ ခေတ်ကာလနှင့်ဆီလျော်ကိုက်ညီမှုမရှိသည့် ဥပဒေများပြုပြင်ရေး၊ မူပိုင်ခွင့်ဆိုင်ရာအခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဂျာမန်ဖွံ့ဖြိုးရေးဘဏ်ထောက်ပံ့မှုဖြင့် တောင်ကြီးခရိုင်အတွင်းဖွံ့ဖြိုးရေး ဆောင်ရွက်မည်

နေပြည်တော် မေ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KFW)တို့ ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ်တောင်ကြီးခရိုင်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မေ ၂ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Dr. Bernd Kuzmits နှင့် အဖွဲ့သည် ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး တောင်နီ-တောင်လေးလုံး လမ်းလုပ်ငန်းဆောင်ရွက်သည့် စီမံကိန်းနေရာသို့ သွားရောက်၍ ကွင်းဆင်းကြည့်ရှုသည်။ **(အပေါ်ပုံ)**

ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KFW)နှင့်ပူးပေါင်း၍ စီမံကိန်းပထမအဆင့်တွင် ယူရိုငွေ ခုနစ်သန်းအထောက်အပံ့ဖြင့် တောင်ကြီးမြို့နယ်၊ ရွာငံမြို့နယ်နှင့်ဆီဆိုင်မြို့နယ်တို့အတွင်းရှိ ကျေးလက်လမ်း သုံးလမ်း လမ်းအရှည် ၃၀ ဒသမ ၀၃ ကီလိုမီတာကို ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်တွင် ယူရို ၁၁ သန်းထောက်ပံ့ငွေဖြင့် တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာလုပ်ငန်းခွင် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေး ထွန်၊ ထယ်၊ ရိတ်သိမ်းခြွေလှေ့စက် ဝန်ဆောင်ခများလျှော့ချပေးမည်

နေပြည်တော် မေ ၄

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် စီမံချက်များရေးဆွဲချမှတ်ပြီး ရက် ၁၀၀ အတွင်း သိသာထင်ရှားစွာ ထိထိရောက်ရောက် အကောင်အထည်ဖော်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရန်အတွက် ထွန်ယက်ခြင်း၊ ထယ်ထိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့စက် ဝန်ဆောင်မှုပေးခြင်းတို့အတွက် ဈေးနှုန်းများကို လျှော့ချသတ်မှတ်လိုက်သည်။ ယခင်က ထွန်တစ်ဧက ငွေကျပ် ၇၅၀၀ မှ ယခု ငွေကျပ် ၆၅၀၀ ဖြင့်လည်းကောင်း၊ ယခင်က ထယ်တစ်ဧက ငွေကျပ် ၁၅၀၀၀ မှ ယခု ငွေကျပ် ၁၃၀၀၀ ဖြင့်လည်းကောင်း၊ ယခင်က ရိတ်သိမ်းခြွေလှေ့စက် ဝန်ဆောင်ခ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ မှ ယခု ငွေကျပ် ၃၅၀၀၀ ဖြင့်လည်းကောင်း ဝန်ဆောင်ခများ အသီးသီးလျှော့ချဆောင်ရွက်ပေးမည်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာနရုံးများနှင့် စက်မှုလယ်ယာစခန်းများ၌ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

(မိုး/ဇလ)

ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့ရန် ဘုရင့်နောင်ပွဲရုံနယ်မြေအတွင်း ယာဉ်ရပ်နားစခန်းနှစ်ခုတိုးချဲ့

ရန်ကုန် မေ ၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေအတွင်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကုန်တင်ယာဉ်များနှင့် ကိုယ်ပိုင်အိမ်စီးကားများဖြင့် နေ့စဉ်ဝင်ထွက်သွားလာမှုမှာ ယာဉ်အစီးရေ ၁၂၀၀ ခန့် ရှိသည်ဖြစ်၍ ယာဉ်များကျပ်ညပ်ပိတ်ဆို့နေပြီး ကုန်တင်ကုန်ချရာ၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့်အတွက် ကုန်သည်အချို့ထံမှ ညည်းညူသံများကို ကြားသိရသည်။

ယခုနှစ်ကုန်သည်ပွဲစား ရောင်းသူဝယ်သူ စီးပွားရေးလုပ်ငန်းရှင်များ ယာဉ်ကျပ်တည်းပိတ်ဆို့မှုကြောင့် စိတ်ပြိုငြင်မှုမဖြစ်ရလေအောင် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်ပါ အဖွဲ့ဝင် ၅၃ ဦးဖြင့် ညှိနှိုင်း၍ နေ့လုံခြုံရေးနှင့် ယာဉ်ရှင်းအဖွဲ့ အုပ်ချုပ်သူ ဦးတင်ယု၊ တာဝန်ခံ(၁) ဦးအေးလွင်၊ တာဝန်ခံ(၂) ဦးကျော်စိုး ဦးစီးလျက် လုံခြုံရေးဝန်ထမ်း ၄၀ ဖြင့် ယာဉ်ကြောရှင်းလင်းရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယာဉ်ပိတ်ဆို့ကျပ်တည်းမှုကို ဖြေလျှော့ရန် ၁၂ ဘီး၊ ခြောက်ဘီး ကုန်တင်ယာဉ် အစီးရေ ၄၀ ဝင်ဆံ့သော ယာဉ်ရပ်နားစခန်း နှစ်ခုတိုးချဲ့ထားပြီးဖြစ်ကြောင်း အဆိုပါကြီးကြပ်ကွပ်ကဲရေးရုံးမှ သိရသည်။

နေ့လုံခြုံရေးနှင့် ယာဉ်ရှင်းအဖွဲ့ တာဝန်ခံ (၂) ဦးကျော်စိုးက “ဘုရင့်နောင်ပွဲရုံဝင်းထဲမှာ မိန်းလမ်းလေးလမ်းရှိတယ်။ ကံ့ကော်လမ်း၊ ယင်းမာလမ်း၊ အင်ကြင်းလမ်း၊ ရိုးကြီးချောင်းလမ်း အဲဒီမိန်းလမ်းလေးလမ်းစလုံးက အသွားအပြန် နှစ်လမ်းသွားဖြစ်ပါတယ်။ ကျွန်တော်က မိန်းလမ်းပိတ်သွားမှာပဲကြောက်တယ်။ မိန်းလမ်းနဲ့ လမ်းသွယ်ဆုံရာပွိုင့်တွေမှာ လမ်းရှင်းဝန်ထမ်းတစ်ဦးစီ ချထားပါတယ်။ လမ်းသွယ်တွေက တစ်လမ်းမောင်းပဲ ခွင့်ပြုထားပါတယ်။ ယာဉ်မရပ်ရတဲ့ နေရာတွေလည်း ရှိတယ်။ မရပ်ရတဲ့နေရာမှာ ရပ်ရင်တော့ ယာဉ်ကြီးကြပ်ကွပ်ကဲရေးရုံးက ပြေစာနဲ့ ဒဏ်ရိုက်တယ်။ ယာဉ်ရပ်နားစခန်းတစ်ခုအတွက် ရိုးကြီးချောင်းဘေးက အမှိုက်တွေရှင်းပြီး ကုန်တင်ယာဉ် အစီး ၄၀ ဆံ့ စခန်းတစ်ခု၊ နောက်တစ်ခုက ဘုရင့်နောင် လှိုင်မြစ်ကူးတံတားဘေးကွန်ကရစ်ခင်းပြီး ကုန်တင်ယာဉ်အစီး ၄၀ ဆံ့ ရပ်နားစခန်းတစ်ခု၊ အရင်ရပ်နားစခန်းတစ်ခုနဲ့ဆိုတော့ သုံးခုဖြစ်သွားပြီး ယာဉ်ကြောကျပ်တည်းမှုကို လွယ်ကူစွာ ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ တစ်ခါတလေ ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ပြီး အချင်းချင်း အငြင်းပွားတဲ့အခါ ယာဉ်ပိတ်ဆို့တတ်ပါတယ်။ အဲဒီအခါ ယာဉ်ထိန်းရဲတပ်ဖွဲ့ကပါ ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ အခုလိုလုပ်ကိုင်တဲ့အတွက် ဘုရင့်နောင်နယ်မြေနဲ့ ဘုရင့်နောင်ပွဲရုံနယ်မြေအတွင်း အဆင်ပြေသွားပြီဖြစ်တဲ့အတွက် စိတ်ချမ်းသာရပါတယ်။ ကျွန်တော်တို့လုံခြုံရေးနဲ့ ကားသမားတွေကလည်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုရှိတဲ့အတွက် ပိုပြီး အဆင်ပြေသွားပါတယ်”ဟု ပြောကြားခဲ့သည်။

သတင်း- မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ- ထင်ပေါ်ဝင်း(ကမာရွတ်)

အငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ပွဲကျင်းပ

ပျဉ်းမနား မေ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား တိုင်းအမှတ်(၅) မြန်မာ့မီးရထားစက်ခေါင်းရုံက ကြီးမှူးကျင်းပသော နဝမအကြိမ်မြောက် စက်ခေါင်းလိုက်ဝန်ထမ်းအငြိမ်းစားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီလနောက်ဆုံးပတ်က မီးရထားစက်ခေါင်းရုံဝင်းခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်ဂျင်နီယာမှူး စက်မှုတိုင်းအမှတ်(၅) ဦးညွှန့်အောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ စက်ခေါင်းကြီးကြပ်ရေးမှူး ဦးအောင်မြင့်ကြည်က ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ထမ်းများအား စက်ခေါင်းမောင်း ဦးညီငယ်က ကန်တော့ချိုးတိုင်ကြားပေးကာ သက်ကြီးအငြိမ်းစားများအား ကန်တော့၍ ဂုဏ်ပြုငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၄

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၆)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ လွှတ်တော်ရုံးအသီးသီးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးကျော်စိုးက (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အီတိုစူမာဒီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အင်ဒိုနီးရှားနိုင်ငံနှင့်မြန်မာနိုင်ငံအကြား Capacity Building Programme များ လုပ်ဆောင်နိုင်ရေးနှင့် နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာသို့ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် စန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

တပ်ကုန်း မေ ၄

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ဧပြီလကုန်ပိုင်းကဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် အလုံး ၁၁၂၀ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အဖွဲ့ဝင်များ မေ ၁ ရက်က သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးခဲ့သည်။

ထို့နောက် ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့် ကြက်သွန်ခင်းကျေးရွာအုပ်စု၊ ချောင်းခြားကျေးရွာအုပ်စု၊ ညောင်လွန့်ကျေးရွာအုပ်စု၊ ညောင်လွန့်အရှေ့ကျေးရွာတို့မှ လေဘေးသင့်ပြည်သူများနှင့် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ဆေးရုံတွင် လေဘေးသင့်မှုနှင့် မိုးကြိုးစက်ကွင်းမိပြီး ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများထံသို့ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ **(အောက်ပုံ)**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဧပြီလကုန်ပိုင်းက ဖြစ်ပွားခဲ့သော လေပြင်းတိုက်မှုကြောင့် တပ်ကုန်းမြို့နယ်အတွင်း နေအိမ် အလုံး ၁၁၂၀၊ စာသင်ကျောင်းပေါင်း ၂၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅ ကျောင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ နွားတစ်ကောင်သေဆုံးခဲ့ကြောင်း၊ နေအိမ် ၄၆ လုံးမှာ လုံးလုံးလျားလျားပြိုလဲခဲ့ပြီး လူအသေအပျောက်မရှိခဲ့ကြောင်း သိရသည်။

မောင်လွင်(တပ်ကုန်း)

ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏
တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

✻ *ရှေ့ဖုံးမှ*

ဇွဲကပင်တောင်သည် အမြင့်ပေ ၂၅၃၂ ပေမြင့်ရာ တောင်ထိပ်သို့ တက်ရာတွင် မတ်စောက်မှုများရှိသဖြင့် အသက်အရွယ်ကြီးသူများ၊ ကျန်းမာရေးမကောင်းသူများအတွက် တောင်ထိပ်ရှိ ဇွဲကပင်ဆံတော်ရှင်စေတီအား ဖူးမြော်ရန် ခက်ခဲလျက်ရှိသည်။ ထို့ကြောင့် ဇွဲကပင်ဆရာတော်က အသက်အရွယ်မရွေး ဘုရားဖူးများ တောင်ထိပ်သို့ တက်ရောက်နိုင်ရန် ကေဘယ်လ်ကားစီမံကိန်းကို ဖြစ်မြောက်အကောင်အထည်ပေါ်လာရန် ကြိုးစားနေခြင်းဖြစ်သည်။

ဇွဲကပင်တောင်ထိပ်သို့ ကေဘယ်လ်ကားဖြင့် တက်ရောက်နိုင်ရေးအတွက် တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်၌ အခြေစိုက်တက်ရောက်ရာ နေရာထားရှိပြီး တောင်ထိပ်သို့ ကေဘယ်လ်ကြိုးသွယ်တန်းမည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ကောင်းကင်ကေဘယ်လ်ကား အကောင်အထည်ဖော်ထားသော နေရာများသို့လည်း သွားရောက်လေ့လာ ကြည့်ရှုခဲ့ပြီးဖြစ်သည်။

"ဂျပန်မှာတော့ လူ ၃၀ ပါတဲ့ အဆင်းတစ်တွဲ၊ အတက်တစ်တွဲနဲ့ ကောင်းကင် ကေဘယ်လ်ကားစနစ်လုပ်ထားတာ လေ့လာခဲ့ရတယ်။ မလေးရှားမှာတော့ ကေဘယ်လ်ကားတစ်တွဲမှာ လူခြောက်ဦးပါတဲ့ ကေဘယ်လ်ကားတွဲတွေ အများကြီးနဲ့ လုပ်ထားတာတွေ့ခဲ့ရတယ်။ အခု ဇွဲကပင် တောင်တက်ဖို့အတွက် တစ်တွဲကို လူများများတင်နိုင်တဲ့ ဂျပန်နည်းစနစ်ကိုသုံးဖို့ သဘောကျတယ်။ ဇွဲကပင်ဘုရားပွဲဆိုရင် လူကသိန်းချီ လာရောက်ကြတာဆိုတော့ ဘုရားဖူးတွေ အဆင်ပြေအောင်လို့ပါ။ ဒါကလည်း ဆွေးနွေးကြရဦးမှာပါ" ဟု ဇွဲကပင် ဆရာတော်က မိန့်ကြားသည်။

လောလောဆယ်တွင် ဇွဲကပင်တောင်ထိပ်သို့ ကောင်းကင်ကေဘယ်လ်ကားအသေး သို့မဟုတ် ပစ္စည်းတင်ရန်အတွက် ကေဘယ်လ်ကားအသေး အတက်အဆင်း ပြုလုပ်နိုင်ရန်အတွက် တောင်ထိပ်နှင့် တောင်ခြေ လုမ္ဗိနီဥယျာဉ်တွင် အထိုင်များပြုလုပ်ပြီးဖြစ်သည်။ ကေဘယ်လ်ကြိုးဆွဲရန် ကြိုးစားနေပြီးပထမဦးစွာ သံမဏိငါးမူးလုံးကြိုးကို ဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ မမျှော်လင့်သော အခက်အခဲများရှိသော်လည်း ကြိုးစားလုပ်ဆောင်လျက်ရှိပြီး သံမဏိငါးမူးလုံးကြိုး ဆွဲပြီးပါက သံမဏိတစ်ကျပ်လုံးကြိုးကို ထပ်မံဆွဲတင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ပစ္စည်းတင်ကေဘယ်လ်ကားအသေးစားစီမံကိန်းကို ယခုနှစ်ကုန်၌ အပြီးဆောင်ရွက်သွားမည်ဟု ဇွဲကပင်ဆရာတော်က မိန့်ကြားသည်။

ဇွဲကပင်တောင်ထိပ်သို့ တက်ရောက်မည့် ဘုရားဖူးများအတွက် ကောင်းကင်ကေဘယ်လ်ကားအကြီး စီမံကိန်းအတွက် မေ ၁၅ ရက်တွင် ဆွေးနွေးပြီး လုပ်ငန်းအပ်ရန်စီစဉ်ထားသည်။ ကောင်းကင်ကေဘယ်လ်ကားအကြီး စီမံကိန်းသည် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ကုန်ကျနိုင်မည်ဖြစ်ပြီး ယခင်က မလေးရှားမှ SMET DA BHD ကုမ္ပဏီနှင့် ဆွေးနွေးခဲ့စဉ်က အမေရိကန်ဒေါ်လာ ၂၂ သန်းခန့် ကုန်ကျနိုင်ကြောင်း သိရသော်လည်း ပျက်ပြယ်ခဲ့သည်။ ထိုစဉ်က SMET DA BHD ကုမ္ပဏီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များပူးပေါင်းဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း လုပ်ငန်းအကောင်အထည်မပေါ်ဘဲ ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

ဖြည့်စွက်ဖတ်ရှုပေးပါရန်

မေ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကျောဖုံးစာမျက်နှာတွင် ဖော်ပြပါရှိသော "လာမည့်နှစ်များအတွင်း အိမ်ခြံမြေဈေးအကျဘက်ဦးတည်နိုင်" သတင်းအား ပြန်လည်ပြောကြားသူ ဦးစိုင်းခွန်နောင် (ရန်ကုန်တိုင်းဒေသကြီးအိမ်ခြံမြေလုပ်ငန်းရှင်များဥက္ကဋ္ဌ) အစား ဦးနေမင်းသူ (IMHC) ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(စာရေးသူ)

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းအောင်မြင်စေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၄

ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံသောဒေသများတွင် နေသောကလေးများ စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားခဲ့သည်။

အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မေ ၃ ရက် မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံစဉ် **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ချမှတ်ထားသော မူဝါဒများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံသားတိုင်း အနည်းဆုံးမူလတန်းပညာကို တတ်မြောက်ပြီး ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များ ရရှိရန်ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း ကျောင်းတွင်းမူလတန်းပညာရေးကို ပြီးဆုံးအောင်မြင်အောင် ဆောင်ရွက်ရန်နှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းနေသော ကလေးများ၊ ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေလနောက်ဆုံးပတ်တွင် ဆောင်ရွက်မည်ဖြစ်ရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး လုပ်ငန်းအောင်မြင်စေရန်အတွက် မိဘပြည်သူများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍လည်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်ပြီး ငါးနှစ်ပြည့်ပြီးသည့် ကလေးတိုင်းအား ကျောင်းစတင်အပ်နှံပါက KG သင်ရိုးသစ်ဖြင့် သင်ကြားမည်ဖြစ်ပြီး KG ဖြစ်သည့်အတွက် အရေးပိုင်းကိုသင်ကြားပေးမည် မဟုတ်ကြောင်း၊ KG ကလေးများအတွက် ဝတ်စုံများကို အခမဲ့ပေးမည်ဖြစ်ကြောင်း၊ ကျန်အတန်းများကိုလည်း မူလအတိုင်း ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းတိုင်းတွင်လည်း အခကြေးငွေ၊ လက်ဆောင်ပစ္စည်းများ လက်ခံခြင်းမပြုရန် တားမြစ်ထားကြောင်း ပညာရေးဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း မိဘပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းစာသင်ခန်းအတွင်းမှာပင် ကျောင်းသား ကျောင်းသူများအား သင်ယူတတ်မြောက်မှုမြင့်မားအောင် အဓိကထားပြီး ကြိုးစားသင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် မိဘပြည်သူများ၊ မိဘဆရာအသင်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကျောင်းကျန်းမာရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေး အသိပညာပေးရေး၊ ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုအရည်အသွေး မြင့်မားလာစေရန် WORLD BANK နှင့် ပူးပေါင်း၍ သင်တန်းပေးရန် စီစဉ်နေကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာရေးဆိုင်ရာ ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ပညာရေးဝန်ထမ်းများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် ခရက်ဒစ်ကတ်မှ ငွေသားချေးပေးနိုင်သည်အထိ ပြည်တွင်းဘဏ်များ ကြိုးပမ်းမည်

ရန်ကုန် မေ ၄

ယခုတလော ပြည်သူများစိတ်ဝင်စားမှုများပြားလာသည့် ကြိုတင်သုံးစွဲနိုင်သော ငွေပမာဏပါရှိသည့် ခရက်ဒစ်ကတ်များကို အာမခံငွေ ပေးသွင်းထားနိုင်သော ကတ်နှင့် အာမခံပေးသွင်းထားရန် မလိုအပ်သည့်ကတ်ဟူ၍ ပြည်တွင်းဘဏ်များအချို့မှ ထုတ်ပေးလျက်ရှိရာ ယင်းကတ်များအပြင် နောက်ပိုင်းတွင် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် ငွေသားချေးပေးနိုင်သည်အထိ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြည်တွင်းဘဏ်များထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ငါးနှစ်အတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ (Myanmar Payment Union-MPU) ကို စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ထားသည့် ပြည်တွင်းဘဏ် ၂၁ ခုမှ Master၊ VISA၊ ATM အစရှိသည့် Debit ကတ်များ ထုတ်ပေးလျက်ရှိသည်။ ခရက်ဒစ်ကတ်ကိုမူ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းမှ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ခွင့်ပြုပေးခဲ့သည်။

"ပြီးခဲ့သည့် မတ်လအတွင်းက ထုတ်ပေးခဲ့တဲ့ ခရက်ဒစ်ကတ်နဲ့ ပတ်သက်လို့ အခုရက်ပိုင်းအတွင်း ပြည်သူတွေတော်တော်များများ ဘဏ်ကိုလာပြီး စုံစမ်းကြတယ်။ အခု ထုတ်ပေးတဲ့ကတ်က ကျွန်မတို့ဘဏ်အနေနဲ့ အာမခံပေးဖို့မလိုတဲ့ ပထမဦးဆုံး ခရက်ဒစ်ကတ်ပါ။ လျှောက်ထားသူများသလို ပြန်လည်စိစစ်နေတာတွေလည်း ရှိပါတယ်။ နောက်ပိုင်းတော့ ဒီကတ်တွေအပြင် ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေ ငွေသားချေးပေးနိုင်သည်အထိ ကြိုးပမ်းသွားဖို့ရှိပါတယ်"ဟု အာမခံမလိုဘဲ ပြည်သူများကို ပထမဆုံး ခရက်တစ်ကတ်များ ထုတ်ပေးလျက်ရှိသော ရောဝတီဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်းဘဏ် တစ်ခုဖြစ်သည့် ရောဝတီဘဏ်သည် ပြီးခဲ့သည့်မတ်လအတွင်းက အာမခံပေးသွင်းရန်မလိုဘဲ ကြိုတင်ငွေသုံးစွဲနိုင်သည့် MPU အမှတ်တံဆိပ် ခရက်ဒစ်ကတ်ကို စတင်ထုတ်ပေးလျက်ရှိသည်။ အဆိုပါ ခရက်ဒစ်ကတ်၏ တစ်မူထူးခြားမှုမှာ အာမခံပေးထားရန် မလိုဘဲ အတိုးနှုန်းနည်းနည်းဖြင့် ကြိုတင်အသုံးပြုနိုင်သည့် ခရက်ဒစ်ကတ်အမျိုးအစားဖြစ်သည်။ ယခုအခါ အဆိုပါချေးငွေပါသည့် ခရက်ဒစ်ကတ်ကို ပြည်သူများ စိတ်ဝင်စားလာမှုများလာပြီး လျှောက်ထားသူ ၂၀၀၀ ဝန်းကျင်အထိ ရှိလာ၍ တချို့လျှောက်လွှာများကို စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ကတော့ ပြည်တွင်းဘဏ်အချို့ကထုတ်ပေးနေတဲ့ ကတ်တွေနဲ့ ပတ်သက်ပြီး ခေတ်မီလာတယ်။ ငွေကြေးနဲ့ပတ်သက်လို့ တဖြည်းဖြည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလာနိုင်တယ်။ ဝင်ဆံ့လာတယ်ပေါ့။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာက အဓိကလိုအပ်နေတာ အခုလို ချေးငွေကတ်တွေ ထုတ်ပေးနေတာထက် တကယ်ထိရောက်မယ့် ကျွန်တော်တို့လို ပြည်တွင်း အလတ်စား၊ အသေးစား လုပ်ငန်းရှင်တွေကို ပြည်တွင်းဘဏ်တွေအနေနဲ့ ထုတ်ချေးပေးတာ ပိုသဘောကျတယ်။ အဲဒါတွေကလည်း ဘယ်တော့ဖြစ်လာမလဲတော့မသိဘူး"ဟု ရန်ကုန်မြို့ တာမွေမြို့နယ်တွင်းရှိ ကိုယ်ပိုင်ကုန်စုံဆိုင်လေး ဖွင့်လှစ်ရောင်းချလျက်ရှိသော ကိုမိုးသူက ပြောသည်။

ယခုအခါ မြန်မာနိုင်ငံတွင် MPU အမှတ်တံဆိပ်ပါရှိသော ခရက်ဒစ်ကတ်ဖြင့် အဆင့်မြင့်ကုန်တိုက်များ၊ စျေးဆိုင်များ၊ အဝတ်အထည်စတိုးဆိုင်များ၊ ဆေးပစ္စည်းဆိုင်၊ ဓာတ်ဆီဆိုင်များ၊ စားသောက်ဆိုင်၊ ဟိုတယ်များ၊ စိန်ရွှေရတနာဆိုင်များ၊ ခရီးသွားလုပ်ငန်း၊ ပုဂ္ဂလိကဆေးရုံ၊ မိုဘိုင်းဖုန်းအရောင်းဆိုင်၊ အီလက်ထရွန်နစ် အရောင်းဆိုင်များ၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များ စသည့် နေရာများတွင် ငွေစက္ကူကိုင်ဆောင်ရန် မလိုအပ်ဘဲ အဆိုပါ ခရက်ဒစ်ကတ်ကို လွယ်ကူစွာ အသုံးပြု၍ မိမိလိုချင်သည့်ပစ္စည်းများကို ဝယ်ယူနိုင်ပြီ ဖြစ်သည်။

ကမ္ဘာ့ခေတ်မီသော နိုင်ငံများတွင် ငွေစက္ကူအစား အီလက်ထရွန်နစ်စနစ်ပါသောကတ်ဖြင့် ငွေပေးချေနိုင်မှုကို အမျိုးအစားစုံလင်စွာ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ၁၉၉၇ ခုနှစ်က ဘဏ်လုပ်ငန်းများ စတင်လာခဲ့ပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင် ကတ်စနစ်ကို ပြည်တွင်းဘဏ်များမှ စတင်လုပ်ကိုင်ခဲ့ကြသည်။ သို့သော် ၂၀၀၃ ခုနှစ်တွင် ဘဏ်လုပ်ငန်းများ အကျပ်တည်းဖြစ်ပေါ်မှုကြောင့် အဆိုပါစနစ်ကို ရပ်ဆိုင်းခဲ့ရ၍ ကတ်စနစ်ဖြင့် ငွေပေးချေနိုင်မှုလုပ်ငန်းများသည် နှောင့်နှေးခဲ့ရသည်။

ပြည်တွင်း အသေးစား၊ အလတ်စား တွင်ခုံလုပ်ငန်း လုပ်ကိုင်နေစဉ်

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်တွင်းဘဏ်များအနေဖြင့် မကြာသေးကပင် စတင်ထုတ်ပေးလျက်ရှိသော ချေးငွေခရက်ဒစ်ကတ်ကို ပြည်သူအများစုနှင့် ဝန်ထမ်းများက စိတ်ဝင်စားစွာ လျှောက်ထားလျက်ရှိကြောင်း သိရသည်။ အဆိုပါခရက်ဒစ်ကတ်ကို အသက် ၂၁ ပြည့် ဝင်ငွေလုပ်ငန်းရှိသည့် ပြည်တွင်း၌ နေထိုင်လျက်ရှိသော မည်သည့်နိုင်ငံသားမဆို ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်မိတ္တူနှင့်အတူ ဓာတ်ပုံနှစ်ပုံဖြင့် ပြည်တွင်းခရက်ဒစ်ကတ် ထုတ်ပေးလျက်ရှိသော ဘဏ်အချို့တွင် လျှောက်ထားနိုင်ကြောင်း သိရသည်။ ယင်းခရက်ဒစ်ကတ်သည် သုံးစွဲသူ၏ အာမခံမည့်သူ၏ ဝင်ငွေ၊ သုံးစွဲသူ နောက်ခံသမိုင်းနှင့် ငွေကြေးခိုင်မာမှု စသည့်အချက်များပေါ် မူတည်၍ ကြိုတင်သုံးစွဲနိုင်သည့် ငွေပမာဏကို ခရက်ဒစ်ကတ်ထုတ်ပေးမည့် ဘဏ်ကသတ်မှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

❐ ***ရှေ့ဖုံးမှ***

ထောက်ပံ့သလို စည်ပင်ဝန်ထမ်းတွေအပေါ်မှာလည်း လူထုရဲ့ခွေးထွေးမှုဟာ အရင်ကထက်ပိုလာတော့ ဝန်ထမ်းတွေအနေနဲ့ လုပ်ရတာ အရင်ကထက်စာရင် ပိုပျော်လာကြတာ တွေ့ရပါတယ်။ လိုအပ်နေတဲ့ စည်ပင်ဝန်ထမ်းအင်အား တိုးပြီးခန့်ထားဖို့ရယ် စက်ကိရိယာယာဉ်ပစ္စည်း ထပ်ဖြည့်နိုင်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်"ဟု ဦးကျော်မျိုးဝင်းက ပြောပြသည်။

လက်ရှိ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ လုပ်ကိုင်ဆောင်ရွက်နေမှုအပေါ် အများပြည်သူများအနေဖြင့် အားရထောက်ခံမှုများ ရရှိလာခြင်းနှင့်အတူ မြို့သန့်ရှင်းရေးအပေါ် ဆောင်ရွက်ရာတွင် စည်ပင်၏တာဝန်ဖြစ်၍ မိမိတို့နှင့် မသက်ဆိုင်ဟူသောအမြင်များ လျော့လာသည်ကို တွေ့ရသလို ဝန်ထမ်းများအနေဖြင့် ယခင်ကကဲ့သို့ ညွှန်ကြားမှ၊ ခိုင်းမှလုပ်သည့် အမူအကျင့်များဖျောက်ကာ ကိုယ်တိုင်အသိစိတ်ဖြင့် ဆောင်ရွက်သော နိုင်ငံတကာအဆင့်ဝန်ထမ်းများအသွင်သို့ တဖြည်းဖြည်းချင်း ပြောင်းလဲလာနေပြီဖြစ်ကြောင်း မုံရွာဒေသခံ ဦးဇော်ထိုက်က ပြောသည်။

"မုံရွာမှာ အမှိုက်တွေရှင်းတာ အရင်ကနဲ့တော့ မတူတော့ဘူး။ အများပြည်သူစိတ်ဝင်စားတာတွေရှိလာသလို ဝန်ထမ်းတွေအနေနဲ့ ခိုင်းမှလုပ်တာထက် ကိုယ်တိုင်က ကိုယ့်အသိစိတ်နဲ့လုပ်လာတာတွေ တွေ့ရတယ်။ လက်ရှိမှာ မြို့သန့်ရှင်းရေးကိုတော့ အများကြီး ပြောင်းလဲလာတာတော့ အမှန်ပဲဗျ။ အမှိုက်ရှင်းတာက တိုးတက်ပြောင်းလဲလာတာနဲ့အတူ သိမ်းပြီးတဲ့ အမှိုက်ပစ်ရာမှာ ဘယ်လိုစနစ်နဲ့ ဘယ်လိုပစ်ရင် ကောင်းနိုင်မယ်ဆိုတာကတော့ ပညာရှင်တွေ၊ မြို့မိမြို့ဖတွေနဲ့ တိုင်ပင်ဆွေးနွေး အဖြေရှာသင့်ပါပြီ။ အမှိုက်တွေကို လက်ရှိမှာ မြို့ရဲ့သမိုင်းဝင် အင်းတွေထဲ သွားထည့်နေကြတာကိုလည်း ဝိုင်းဝန်းစဉ်းစား အဖြေထုတ်သင့်နေပါပြီ။ အင်းတွေထဲမှာ မြို့ရဲ့ ခရိုနီအချို့က အကွက်တွေရိုက်နိုင်အောင် စည်ပင်အမှိုက်ကားတွေက အမှိုက်တွေ ဝယ်ပြီးတောင် အင်းကိုဖို့နေတာတွေဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမယ့် အကြောင်းရင်းတွေပဲ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

❊ ***ရှေ့ဖုံးမှ***

ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ တစ်အိမ်တက်ဆင်းသောက်ရေအိုးစင်၊ ရေအိုးများ၊ ရေကန်များကို စစ်ဆေးပြီး ဖုံးသွန်လဲစစ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကျေးရွာနေပြည်သူများကိုလည်း ခြင်အန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းထွန်း(ဒီပဲယင်း)

နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

(မိုး/ဇလ)

ကူညီကယ်တင် မီးသတ်တပ်ဖွဲ့ဝင်

စံရွှေတိုး (သုတေသန)

အလုပ်ဆိုသည်မှာ လူတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုကို ပတ်ဝန်းကျင်၌ အသုံးဝင်စေသော သတ္တိထူးရှိပါသည်။ မိမိတို့ စွမ်းဆောင်ခဲ့သော အလုပ်သည် ပြည်သူသို့ ဦးတည်သော လုပ်ငန်း (Service Delivery) တစ်ခုဖြစ်ပြီး အကောင်းဆုံး လုပ်ဆောင်၍ လုပ်ငန်းပြီးမြောက်ချိန်တွင် ရရှိခံစားရသည့် ကြည်နူးစိတ်မှာ ဖော်ပြရန် စကားလုံးရှာ၍ မတွေ့ရှိပါ။ မီးဘေးလုံခြုံမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းအား အနှစ်ချုပ်ကြည့်ပါလျှင် မီးမလောင်အောင်စီမံဆောင်ရွက်ရခြင်းနှင့် မတော်တဆ မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုအနည်းဆုံးနှင့် လျင်မြန်စွာ မီးငြိမ်းသတ်ရေး ဆောင်ရွက်ရပါသည်။ ထို့ပြင် ရုတ်တရက် မတော်တဆဖြစ်ပွားတတ်သော ဘေးအန္တရာယ်များဖြစ်သည့် ဥပမာ - ယာဉ်တိုက်ခြင်း၊ ယာဉ်တိမ်းမှောက်ခြင်း၊ တိုက်ပြိုခြင်း စသည်တို့အပြင် သဘာဝဘေးဒဏ်အမျိုးမျိုး ကျရောက်မှုကိုလည်း ဖြေရှင်းဆောင်ရွက်ကြရပါသည်။ များပြားလှစွာသော ပြည်သူလူထု၏ ဘေးအန္တရာယ်ဟူသမျှကို ကူညီဆောင်ရွက်လျက်ရှိသည်။ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ရမှုမှာ တစ်ခါတစ်ရံတွင် သိမ်မွေ့စွာ လျှောက်လှမ်းရ၍ တစ်ခါတစ်ရံတွင် ကြမ်းတမ်းသော အန္တရာယ်သတ်ကွင်းကို ဖြတ်သန်းရတတ်သည်။ လုပ်ငန်းသဘာဝအရ သိမ်မွေ့မှုနှင့် ခက်ထန်မှု အစွန်းနှစ်ဖက်တွင်ရှိနေပါသည်။ မီးသတ်သမားများသည်ကား နှလုံးလှသူရဲကောင်းများပင်ဖြစ်ကြပါသည်။ မီးသတ်သမားတိုင်း၏ နှလုံးသားဝယ် ပြည်သူတို့၏ ဘေးဒုက္ခများအား ဖယ်ရှားပစ်မည်ဟူသော အမြဲတေကို ဆောင်ကြဉ်း၍ ပေးဆပ်ရန် အသင့်ရှိနေကြပါသည်။

နှလုံးလှ သူရဲကောင်းတို့၏ အစဉ်အလာ

မြန်မာပြည်၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ ရင်ထဲဝယ် နယ်ချဲ့ရန်သူအား ရင်ဆိုင်တွန်းလှန်ရန် ကြိုးပမ်းအားထုတ်နေကြချိန် နိုင်ငံတော်၏ မီးဘေးကာကွယ်ရေး လိုအပ်ချက်အား မျိုးချစ်လူငယ်များက စုဖွဲ့စတင်ဆောင်ရွက်ခဲ့ကြပါသည်။ မီးဘေးကာကွယ်ရေးလိုအပ်ချက်အား စေတနာ့ဝန်ထမ်းနှင့် အပျော်တမ်းမီးသတ်အဖွဲ့များအား ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ မီးသတ်အဖွဲ့များ၏ လိုက်နာရမည့် ဥပဒေစည်းမျဉ်းများ သတ်မှတ်ခြင်း၊ ဝတ်စားဆင်ယင်မှုပုံစံ၊ မီးသတ်အဖွဲ့ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် အခွင့်အာဏာများ၊ ပြစ်ဒဏ်များ သတ်မှတ်ပြဋ္ဌာန်းခဲ့ကြသည်။ မီးသတ်စက်၊ ရေနွေးငွေ့မီးသတ်စက်များဖြင့် တွဲဆက်၍ ရေပက်ပိုက်ခေါင်း၊ ရေပက်ပိုက်၊ ရေပက်ပိုက်ခေါင်းရှည်၊ ရေစုပ်ပိုက်၊ ရေပက်ပိုက်ချိတ်၊ မီးသတ်သမားပုဆိန်၊ ရေဖွင့်သော့၊ အသက်ကယ်ကြိုးနှင့် ဆွဲငင်ကြိုး၊ ပိုက်ခေါင်းလှည့်၊ နှစ်တန်းခွဲ၊ သုံးတန်းခွဲပိုက်ဆက်၊ နှစ်တန်းပေါင်း ပိုက်ဆက်၊ သော့ဖြုတ်စို့၊ သော့ဖြုတ်ကတ်ကြေး စသည့် မီးသတ်ပစ္စည်းကိရိယာများ အသုံးပြု၍ နိုင်ငံတော်၏ မီးငြိမ်းသတ်ရေးတာဝန်၊ အသက်ကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်ခဲ့ကြသည်။ သမားရိုးကျဖြစ်သော မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းသည့် မီးလောင်မှုများအား ငြိမ်းသတ်ရသည့်အပြင် လွန်စွာအန္တရာယ်များသော မီးလောင်မှုများအား စွန့်စားငြိမ်းသတ်ခဲ့ကြသည့် သမိုင်းအထောက်အထားများကိုလည်း နှောင်းမီးသတ်သမားများအတွက် ခိုင်မာတည်ကြည်သည့် မီးသတ်သမားစိတ်ဓာတ် ကိန်းဝပ်စေရန် ဥဒါန်းကျူးခဲ့ကြပေသည်။ သာဓကအနေဖြင့် ၁၉၄၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့ ညအချိန်တွင် ရန်သူ့လေယာဉ်များ အုပ်စုဖွဲ့ ပျံသန်းလာ၍ ရန်ကုန်မြို့အား ဗုံးကြဲစဉ် လမ်းမတော်မြို့နယ်ရှိ ဆေးကောလိပ်ကို မီးစွဲလောင်လေတော့သည်။ အများနှင့်သက်ဆိုင်ပြီး ဆေးပညာရပ်များအား သင်ကြားခဲ့ကာ အဆောက်အအုံများ မပျက်စီးစေလိုသောဇောဖြင့် မီးငြိမ်းသတ်ခြင်းအား အသက်စွန့်ကြိုးပမ်းငြိမ်းသတ်ကြရာ မီးကို အောင်မြင်စွာငြိမ်းသတ်နိုင်ခဲ့သော်လည်း မီးသတ်အရာရှိဖြစ်သူ ဦးလှကျော်မှာ ရန်သူ့ဗုံးဆန်ထိမှန်၍ ပေါင်ကျိုးကာ သုံးလမျှ ဆေးဝါးကုသခဲ့ရပေသည်။ ဤဆောင်ရွက်မှုမှာ ရိုးရှင်းသောဖြစ်ရပ်ဟု ထင်မှတ်ရသော်လည်း ဗုံးဆန်များကြားတွင် စွန့်စားစွာလုပ်ဆောင်သည့် မီးသတ်သမားများ၏ အားထုတ်မှုမှာ ကြီးမားသောသမိုင်းအစဉ်အလာတစ်ခုအဖြစ် နှောင်းလူတို့အား ဝီရအလင်း ဆောင်ကြဉ်းပေးခဲ့သော နှလုံးလှသူရဲကောင်းများပင်ဖြစ်တော့သည်။

နှလုံးလှသူရဲကောင်းတို့၏ အောင်မြင်မှု

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့မှစတင်၍ စနစ်တကျ မွေးဖွားလာခဲ့ခြင်း၊ တစ်ဆက်တစ်စပ်တည်း ပုံသဏ္ဌာန်မှန်ကန်စွာ ပျိုးထောင်လာခဲ့ခြင်း၊ ပညာရပ်များနှင့် အတွေ့အကြုံများဖြင့် လက်ဆင့်ကမ်းကြီးပြင်းလာခဲ့ခြင်းတို့ကြောင့် စိတ်ဓာတ်ခွန်အားမြင့်မားကာ အရည်အသွေးကြွယ်ဝလျက် လက်ဆင့်ကမ်းတာဝန်များထမ်းဆောင်လျက်ရှိသည်။ အသက်နှင့်ခန္ဓာကို အရင်းအနှီးပြု၍ အန္တရာယ်သတ်ကွင်းအတွင်း ရှင်သန်ခြင်းဟူသော အောင်မြေနင်းခဲ့ကြပါသည်။ ဂုဏ်ယူဖွယ်စွမ်းဆောင်မှုအဖြစ် ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက် ၄ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) သန်လျင် ရေနံချက်စက်ရုံ မီးလောင်မှုမှာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ရေနံတွန်းပို့စက်(Pump House) အတွင်း လျှပ်စစ်မှားယွင်းမှုဖြစ်ပေါ်ကာ မီးလောင်မှု စတင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှု စတင်သည့်အဆင့် လောင်စာဆီတို့၏ ဂုဏ်သတ္တိအရ မီးတောက်ကြီးမားစွာ တောက်လောင်ပြီး ပတ်ဝန်းကျင်အောက်ခြေ၌ ယိုစိမ့်ရေနံများရှိသည့် မြက်ခြောက်များကို လျင်မြန်စွာ လောင်ကျွမ်းခဲ့သည်မှာ ဧရိယာအကျယ် ခြောက်ကေရှိ မီးပင်လယ်ကြီးဖြစ်ခဲ့သည်။ မီးစတင်ရာ Pump House အနီးတွင် အမြင့် ၁၂ မီတာ၊ အချင်း မီတာ ၅၀ ခန့်ရှိ ရေနံစိမ်းဂါလန် နှစ်သန်းထည့်၍ သိုလှောင်ထားသော သိုလှောင်ကန်အမှတ် (၂၀၂)၊ (၂၀၄)၊(၂၀၆)တို့က နီးကပ်စွာ တည်ရှိနေသည်။ ရေနံပိုက်လိုင်းများက မီးလောင်မှုအရှိန်ကြောင့် ပြတ်ထွက်ကာ ရေနံစိမ်းများ ပန်းထွက်မီးလောင်မှု(Jet Flame) မှာ နဂါးမီးမှုတ်သကဲ့သို့ ရှိသည်။ ကံဆိုးစွာပင် လေအောက်ရှိ ဆီသိုလှောင်ကန်အမှတ် (၂၀၆)သို့ မီးကူးစက်လေတော့သည်။ ဤသို့ ပြင်းထန်သည့်အခြေအနေကို ထိန်းသိမ်းရန် မီးငြိမ်းသတ်ရေးအဖွဲ့၊ ရေရရှိရေးအဖွဲ့၊ အမြှုပ်မီးသတ်ဆေးရည် ရရှိရေးအဖွဲ့၊ သတင်းစုဆောင်းရယူရေးအဖွဲ့၊ ဆက်သွယ်ရေးအဖွဲ့တို့ဖြင့် စနစ်ကျသော မီးလောင်ပြင်ကွပ်ကဲမှု ရယူဆောင်ရွက်ခဲ့သည်။ ကျယ်ပြန့်သော မီးပင်လယ်ကြီးကို ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ နောက်ဆုံး ဆီသိုလှောင်ကန်အမှတ်(၂၀၆)၏ အပေါ်အထိ မီးလျှံများကြား တက်ရောက် ငြိမ်းသတ်ခဲ့မှုမြင်ကွင်းမှာ အသည်းယားလှသည့် လွန်စွာစွန့်စားရသော ဆောင်ရွက်မှုဖြစ်ပါသည်။ ဆီသိုလှောင်ကန်များ၏ ပြင်းထန်သော ပေါက်ကွဲမှု (Boil Over) ဖြစ်စဉ်ကို သိလျက်နှင့် ဆောင်ရွက်ခဲ့ကြမှုများမှာ နှလုံးလှသူရဲကောင်းတို့၏ စိတ်ဓာတ်ပင်လောမသိတော့။ အဆိုပါမီးလောင်မှုတွင် ထိခိုက်ကျဆုံးမှုမရှိဘဲ ရာနှုန်းပြည့်အောင်မြင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ခု ပိုင်ဆိုင်ခဲ့ကြပါသည်။

မီးသတ်တပ်ဖွဲ့၏ အဓိကတာဝန်တစ်ရပ်ဖြစ်သော ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း(Rescue)သည်လည်း ဘေးအန္တရာယ်တစ်ခုခုဖြင့် ရင်ဆိုင်ကြုံတွေ့နေသူအား ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်သည်။ တစ်စုံတစ်ယောက် ဘေးအန္တရာယ်ကျရောက်ပြီဆိုကတည်းက ယင်းနေရာသည် အန္တရာယ်ရှိနေကြောင်း အထူးပြောစရာ မလိုအပ်ပေ။ အန္တရာယ်များသည့်နေရာ သို့မဟုတ် သတ်ကွင်းသို့ ထောင်ချောက်များကို ရင်ဆိုင်ကျော်လွှားကာ ဖြေရှင်းဆောင်ရွက်ရပါသည်။ သာဓကအားဖြင့် ၂၀၀၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၆ လမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်ရှိ လေးထပ်တိုက်တစ်လုံးသည် နံနက် ၅ နာရီခွဲခန့်တွင် တိုက်၏အောက်ခြေ (Foundation)ကြေပြီး အောက်ကို ကျွံဝင်သွားခဲ့ပါသည်။ ပြိုကျသည့် တိုက်၏ မြေညီထပ်မှာ လူမနေဘဲ ပထမထပ်မှာ တက္ကသိုလ်ကျောင်းသူ သုံးဦး အဆောင်ငှားနေပြီး ကျန်အထပ်များမှာ လူများနေထိုင်ကြရာ တိုက်ပြိုကျချိန်တွင် အဆိုပါကျောင်းသူ သုံးဦး ပိတ်မိ၍ အဆောက်အအုံတိမ်းစောင်းနေစဉ် အပေါ်ထပ်မှ လူများက ခုန်ချလွတ်မြောက်သွားကြသည်။ မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင် ပြိုကျပြီး အဆောက်အအုံဖြစ်သဖြင့် စက်ကိရိယာသုံး(Engine Cutter)၊ (Hydraulic Bull Point) တို့ အသုံးမပြုရဲပေ။ တုန်ခါမှုကြောင့် ထပ်မံပြိုကျမည်စိုးရိမ်ရသဖြင့် လက်သုံးကိရိယာများဖြစ်သည့် သံတူရွင်း၊ စို့၊ တူ၊ သံဖြတ်လွှ၊ လက်ဆွဲလွှ၊ ဂေါ်ပြားတို့ဖြင့် ဖြည်းညင်းစွာ ချိန်ဆ၍ ပိတ်မိနေသူရှိရာနှင့် အနီးဆုံးလည်းဖြစ်၊ လုံခြုံမှုလည်း ရရှိနိုင်မည့်နေရာကို ရွေးချယ်ကာ ပင်ပန်းကြီးစွာ လိုဏ်ခေါင်းဖောက်၍ ကယ်ဆယ်ခဲ့ရပါသည်။ ပိတ်မိနေသူကျောင်းသူ သုံးဦးတွင် တစ်ဦးမှာ အဆောက်အအုံ ပြိုကျစဉ်ကပင် ဦးခေါင်းအား ကွန်ကရစ်တန်းပိ သေဆုံးနေပြီး ကျန်နှစ်ဦးကို နှစ်နာရီအတွင်း အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ပါသည်။ ရှာဖွေကယ်ဆယ်ရေးနည်းစနစ် (Searching & Rescue Technique) အရ အပျက်အစီးနေရာ (Ruined Area) အတွင်း အဆောက်အအုံထပ်မံမပြိုကျစေရန် ဒေါက်ထောက်ခြင်းနည်းစနစ်(Method of Shoreing)၊ ပိတ်မိသူထံ ချဉ်းကပ်ဥမင်ဖောက် ကယ်ဆယ်ခြင်း(Tunneling Rescue)အရ သစ်သားအခိုင်အမာဖြင့် လေးထောင့် လိုဏ်ခေါင်းဖြင့် လုံခြုံမှုရယူဆောင်ရွက်ရမည်ဖြစ်သော်လည်း အဆိုပါအထောက်အကူပြုပစ္စည်းများ ပြည့်စုံမှ ဆောင်ရွက်လျှင် မဖြစ်နိုင်သဖြင့် လူနှစ်ဦး၏ အသက်ကို မိမိတို့ အသက်များရင်းကာ စွန့်စားဖြေရှင်းကယ်တင်ခဲ့သည့် ဂုဏ်ယူဖွယ် ပြယုဂ်တစ်ခုဖြစ်ခဲ့ပါသည်။

နှလုံးလှသူရဲကောင်းတို့၏ ပေးဆပ်မှု

ပေးဆပ်သူတို့၏ နှလုံးသားဟူသည် လွန်စွာနူးညံ့သိမ်မွေ့၍ သာမန်အချိန်တွင် မြင်တွေ့နိုင်ရန် ခက်ခဲပြီး အခက်အခဲတစ်ခုကို ရင်ဆိုင်ဖြေရှင်းရန် အကြောင်းရှိသည့်အခါ ခိုင်မာတည်ကြည် စိတ်ဓာတ်မြင့်မားသော ကိုယ်ချင်းစာတရား၊ ပြတ်သားသော စွန့်လွှတ်မှုတို့နှင့်အတူ ပြင်းထန်သည့် လှုံ့လတို့ကို ပိုင်ဆိုင်ကြသည့် နှလုံးသားများဖြစ်ကြသည်။ မီးသတ်တပ်ဖွဲ့များ မီးသတ်လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အန္တရာယ်အချက်ပေး သင်္ကေတများဖြစ်ကြသည့် အသံ၊ အနံ့၊ အလင်းရောင်နှင့် လောင်ကျွမ်းပစ္စည်းတို့၏ ရုပ်လက္ခဏာများကို လေ့လာတွက်ဆရသည်။ လုပ်ငန်းသဘောအရလည်း မာယာထောင်ချက်များ လွန်စွာပေါလှသည်။ မည်သည့်အခြေအနေတွင်ဖြစ်စေ အန္တရာယ်မကင်းသည်မှာ သေချာပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မေတ္တာမွန်ဂိုဒေါင်မီးလောင်မှုများသည် ကြေကွဲခြင်းအတိနှင့် ပြီးခဲ့ပါသည်။ မီးငြိမ်းသတ်နေသည့် တပ်ဖွဲ့ဝင်များသည် အန္တရာယ်၏ အမှတ်လက္ခဏာများဖြစ်သည့် ပေါက်ကွဲမှုအသေးစား နှစ်ကြိမ်ဖြစ်ပွားပြီး မီးတောက်၏ အရောင်မှာလည်း ပုံမှန်အရောင် မဟုတ်သဖြင့် မီးတောက်မြန်မြန်မပျောက်ပါက ကြီးမားသော ပေါက်ကွဲမှု ဖြစ်ချေတော့မည်။ ပတ်ဝန်းကျင်နေပြည်သူများ ထိခိုက်မှုရှိပေလိမ့်မည်။ ထို့ကြောင့် မီးတောက်အား ဦးနှိမ်နိုင်ရေး အနီးကပ်ကြိုးပမ်းစဉ် ပြင်းထန်သည့်ပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင် ငါးဦး အသက်စွန့်ခဲ့ကြရရှာသည်။ အလားတူ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ညောင်ကိုင်းကျေးရွာ အရှေ့ဘက်ရှိ ဒုန်းတုတ်ချောင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ ကားလမ်းပေါ်၌ ရေသုံးပေခန့်တက်၍ အရှိန်အဟုန်ပြင်းသည့် ရေစီးသန်မှုကြောင့် မော်တော်ယာဉ်တစ်စီး လမ်းဘေးချောက်ထဲသို့ ထိုးကျသဖြင့် ကောလင်းမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ခဲ့ကြရာ ရေစီးနှင့် မျောပါလုနီးပါးဖြစ်နေသော မော်တော်ယာဉ်အား ခက်ခဲစွာ ကြိုးဖြင့် ချည်နှောင်၍ အဆိုပါကားမှ ယာဉ်မောင်းဖြစ်သူအား ဘေးကင်းရာသို့ ကြိုးမှတစ်ဆင့် ကယ်တင်နိုင်ခဲ့သော်လည်း တပ်ဖွဲ့ဝင်တစ်ဦးမှာမူ ပြင်းထန်သော ရေစီးကြောင်းအတွင်း မျောပါ အသက်စွန့်ခဲ့ရရှာပါသည်။ နှလုံးလှသူရဲကောင်းဟူသည် အသက်အန္တရာယ်ရှိနေခြင်းကို နားလည်သိရှိပါလျက် ပြည်သူအတွက် ဆိုပါလျှင် ပေးဆပ်ခဲ့ကြသူများပင် ဖြစ်ကြပေတော့သည်။

နှလုံးလှသူရဲကောင်း(ဝါ) ကူညီကယ်တင် မီးသတ်တပ်ဖွဲ့ဝင်

မွေးဖွားခြင်းသည် သေဆုံးရန်အတွက် ဖြစ်ပါသည်။ ဤအကြောင်းတရားအတွက် တွေဝေရန်မရှိပြီ။ ပြည်သူကို မျက်နှာမူ၍ တည်ငြိမ်စွာဖြင့်ပင် “စွန့်စားမှုသည် ငါ၏ ဝါသနာဖြစ်သည်” ဟု ခံယူထားသည့် သူရဲကောင်းတို့၏ နှလုံးသားဝယ် ပေးဆပ်သွားခဲ့သူများ၏ လိပ်ပြာတောင်ပံခတ်သံများဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ ပိုးဖလံဟူသည် မီးတောက်မြင်လျှင် တိုးဝင်သည်။ ပြည်သူတို့၏ နှလုံးသွေးများ၊ မျက်ရည်များကို လောင်စားသည့် မီးတောက်မီးလျှံများကို ရင်ဆိုင်ဖြိုဖျက်မည့် သံမဏိပိုးဖလံများ တာဝန်ထမ်းလျက်ရှိကြသည်။ နည်းပညာရပ်တိုင်းက မိမိ၏ လုံခြုံမှုကို ဦးစားပေးရမည်ဖြစ်သော်လည်း အခြေအနေက တောင်းဆိုလာသည့်အခါ တစ်ပါးသူ အသက်ရှင်ခွင့်ရလျှင် လိုအပ်ပါက ပေးဆပ်ရန် အသင့်ဖြင့် တာဝန်ထမ်းလျက်ရှိကြသည်။ ပြည်သူလူထုအား ကူညီလိုခြင်း၊ ကယ်တင်လိုခြင်း ဆန္ဒမွန်ဖြင့် တာဝန်ထမ်းရွက်ခဲ့ကြသည်မှာ နှစ်ပေါင်း ၇၀ တိုင်ခဲ့ပြီဖြစ်ပါကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အား ဂုဏ်ပြုလျက် တင်ပြအပ်ပါသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

တာမိုးညဲဒေသနေ ပြည်သူတချို့ကို တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးခြင်းမရှိ

နေပြည်တော် မေ ၄

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး၏ **၂၀၁၆ ခုနှစ် လာမည့်နွေရာသီတွင် အယ်နီညို သက်ရောက်မှုကြောင့် ရေလျော့နည်းဆုံးရှုံးမှု ပိုမိုဖြစ်လာနိုင်ပါသဖြင့် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက နွေရာသီကာလ ဓာတ်အားထုတ်လုပ်မှု လျော့ကျသွားသည့်ပမာဏအား ပြန်လည်ဖြည့်ဆည်းနိုင်ရန် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များဖြင့် ဓာတ်အားထုတ်လုပ်ခဲ့သဖြင့် ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ် နွေရာသီကာလများတွင် ဝန်အားလျော့ချရခြင်းမရှိဘဲ ပုံမှန်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ယခု ၂၀၁၆ ခုနှစ် နွေရာသီကာလတွင်လည်း အယ်နီညိုသက်ရောက်မှုကြောင့် ရေလျော့နည်းမှု အနည်းငယ်ရှိသော်လည်း ရေအားလျှပ်စစ်စက်ရုံများအနေဖြင့် ပုံမှန်လည်ပတ်မောင်းနှင်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးနိုင်မည့်ပမာဏမှာ စုစုပေါင်းမဂ္ဂါဝပ် ၂၄၅၀ ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် နွေရာသီကာလ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၂၇၃၀ မဂ္ဂါဝပ်ခန့်ရှိမည်ဖြစ်သဖြင့် ထုတ်လုပ်နိုင်မှုထက် ၂၈၀ မဂ္ဂါဝပ် ထပ်မံလိုအပ်မည်ဟု ခန့်မှန်းရပါကြောင်း။

ထို့ကြောင့် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၀၀ မဂ္ဂါဝပ်၊ ကျောက်ဖြူသဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ၄၅ မဂ္ဂါဝပ်၊ မြင်းခြံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံမှ ၁၃၀ မဂ္ဂါဝပ်၊ သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ၂၅ မဂ္ဂါဝပ် စုစုပေါင်း ၃၀၀ မဂ္ဂါဝပ် ထပ်တိုးထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ဖြေကြားသည်။

ထို့နောက် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲဒေသနေ ပြည်သူအချို့အား သက်ဆိုင်ရာက မုန်းဝန်း(တရုတ်)လူမျိုးမှ မုန်းဝန်း(ဗမာ) တိုင်းရင်းသားလူမျိုး တစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးကြောင်း သိရှိရပါသဖြင့် မည်သည့်အကြောင်းများကြောင့် တရားဝင်အတည်ပြုပေးခဲ့သနည်း၊ မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးတစ်မျိုးမျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုပါက ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ရှိပါက မည်သည့်အကြောင်းချက်များဖြင့် သတ်မှတ်ဆောင်ရွက်အတည်ပြုပေးနိုင်မည်နည်း၊ လူမျိုးအမည်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက မည်ကဲ့သို့ မူဝါဒချမှတ်ဆောင်ရွက်ထားသနည်း၊ မည်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ဆောင်ရွက်ပေးနိုင်သည်တို့ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တာမိုးညဲဒေသနေပြည်သူတချို့ကို တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင် အတည်ပြုပေးခြင်းမရှိပါကြောင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲဒေသရှိ မုန်းဝန်းလူမျိုးများသည် တာမိုးညဲဒေသတွင် အစဉ်အဆက်အခြေချနေထိုင်လာခဲ့သည့် လူမျိုးများဖြစ်ပါကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ပြီး နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များတွင်လည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ပါဝင်ကူညီပံ့ပိုးခြင်း၊ ပြည်သူ့စစ်များဖွဲ့စည်း၍ လက်နက်ကိုင်သောင်းကျန်းသူများအား တပ်မတော်နှင့်အတူပူးပေါင်း တိုက်ခိုက်ခြင်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် လူမျိုးစုတစ်ခုဖြစ်ပါကြောင်း။

၎င်းတို့သည် မြန်မာနိုင်ငံတွင် အစဉ်အဆက် အခြေစိုက်နေထိုင်ခဲ့ကြသူများဖြစ်သည်နှင့်အညီ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေနှင့် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများအရ အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ကြသူများ ဖြစ်ပါကြောင်း၊ ၁၉၈၉ ခုနှစ်မှစ၍ မုန်းဝန်းလူမျိုးများအား မြန်မာနိုင်ငံသားအက်ဥပဒေနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများစတင်ဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် လူမျိုးအမည်ရေးသားဖော်ပြရာ၌ လုပ်ထုံးလုပ်နည်းအရ ကာယကံရှင်၏ တရားဝင်ပြောဆိုချက်ကို သာအခြေခံ၍ ရေးသွင်းခဲ့ပါကြောင်း။

ထိုစဉ်က ကာယကံရှင်တစ်ဦးချင်း၏ အသီးသီးပြောဆိုချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်တွင် လူမျိုးအမည်ရေးသွင်းရာ၌ တရုတ်မုန်းဝန်း၊ မုန်းဝန်းတရုတ်၊ မုန်းဝန်းဗမာ၊ မုန်းဝန်း၊ ဗမာ(မုန်းဝန်း)၊ မုန်းဝန်း + တရုတ်၊ မုန်းဝန်း+ကိုးကန့်၊ မုန်းဝန်း + (တိုင်းရင်းသား) စသည့် အမည်ရှစ်မျိုး ကွဲပြားစွာရေးသွင်းခဲ့သည်ကိုတွေ့ရပါကြောင်း၊ မုန်းဝန်းလူမျိုးများ၏ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏အကျိုးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့မှုများအား အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ မုန်းဝန်းလူမျိုးများကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် လူမျိုးအမည်အား အမျိုးမျိုးရေးသွင်းဖော်ပြထားမှုအပေါ် တစ်ပြေးညီဖြစ်စေရန်အတွက် လည်းကောင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ကာယကံရှင်၏တင်ပြလာမှုရှိပါက

မုန်းဝန်းလူမျိုးများအား မုန်းဝန်းဗမာဟု ပြန်လည်အစားထိုး လဲလှယ်ခွင့်ပြုရန် ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်း ဆုံးဖြတ်ချက်များအရ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေါ်တွင် (မုန်းဝန်း)ဗမာဟု ပြင်ဆင်ရေးသွင်းပေးရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်တွင်ရေးသွင်းပေးရသည့် အချက်အလက်များသည် ကာယကံရှင်အတွက် ခိုင်မာသည့် အထောက်အထားဖြစ်စေရန် လူမျိုးရေးသွင်းနည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ ရေးသွင်းခံရသူ ကာယကံရှင်၏ တရားဝင်ပြောဆိုချက်ကိုသာ အခြေခံရေးသွင်းရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ရေးသွင်းချက်များသည် ဆောင်ရွက်ခဲ့ရသည့် ကာလ၊ ဒေသ၊ အခြေအနေအရ အမျိုးမျိုးကွဲပြားနေသဖြင့် တစ်ပြေးညီအဆင်ပြေစေရန်အတွက် ကာယကံရှင်တစ်ဦးချင်းစီမှ ဆန္ဒပြုလာပါက "(မုန်းဝန်း)ဗမာ"ဟု ရေးသွင်းပေးရန် ခွင့်ပြုခဲ့ခြင်းသာဖြစ်ပြီး တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တရားဝင်အတည်ပြုပေးခဲ့ခြင်း မရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော လူမျိုးတစ်မျိုးမျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခြင်းကို တည်ဆဲဥပဒေများအရ မိမိဝန်ကြီး ဌာနတစ်ခုတည်း၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ လူမျိုးအမည်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပြည်လမ်းထောင့်တွင်ရှိသည့် ဧရိယာ ၄ ဒသမ ၃ ဧက ရှိသည့်မြေနေရာသည် ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေဖြစ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနီးတွင် တည်ရှိပါကြောင်း၊ ပြည်သူအများစုသည် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသည့် ပြည်သူ့ဆေးရုံကြီးများတွင်သာ ဆေးဝါးကုသမှုများကိုခံယူလျက်ရှိပါကြောင်း၊ နောင်အခါဆေးရုံကြီးကိုတိုးချဲ့လျှင် အသုံးပြုရန်အတွက် လျာထားသည့်နေရာလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါမြေအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အနာဂတ်တိုးချဲ့လုပ်ငန်းများအတွက် မလွဲမသွေအသုံးပြုရမည့် မြေနေရာဖြစ်ပါသဖြင့် ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ခွင့်ပြုငှားရမ်းခဲ့ခြင်း၊ ၎င်းငှားရမ်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးသော ပြည်ထောင်စုအစိုးရနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိခြင်းနှင့် အများပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသဖြင့် ရပ်ဆိုင်းသင့်ပါကြောင်း တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေ ၆ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ရခိုင်ပြည်နယ်အတွင်း ယခုတစ်လော တစ်ကျော့ပြန် ဖြစ်ပွားနေတဲ့ တိုက်ပွဲများကိုချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြေယာကဏ္ဍဆိုင်ရာ **မေးခွန်းတစ်ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားခြင်း၊ **ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့်အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား အဆိုတင်သွင်းခြင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာနှင့် ကျောက်အိုင်ကျေးရွာအစပ် ရန်ကုန် - နေပြည်တော် အမြန်လမ်းမိုင်တိုင်(၃)နှင့် မိုင်တိုင်(၅) အကြား လမ်းဘေးမြေလွတ်မြေလပ် တွင် ရတနာအောင်ကျေးရွာသစ်စီမံကိန်း၌ အိမ်၊ ခြံမြေကွက် ဝယ်ယူနေထိုင်ခဲ့ကြသော အိမ်ခြေ ၈၀၀၀ ကျော်အား ကျူးကျော်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အင်အားသုံးဖျက်သိမ်းနှင်ထုတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်၍ နစ်နာသူများအား လျော်ကြေး၊ နစ်နာကြေးများပေးရန်နှင့် နေရာထိုင်ခင်းစီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်

ဒေါက်တာအောင်သူက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကူအညီဖြင့် အင်အားသုံးဖျက်သိမ်းနှင်ထုတ်ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဖြေရှင်းခြင်းမဆောင်ရွက်မီ ရန်ကုန်မြောက်ပိုင်း ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ယူထားသည့် စာရင်းအရ ကျူးကျော်သည့် အိမ်ခြေအရေအတွက်မှာ မေးခွန်းပါ အိမ်ခြေ ၈၀၀၀ မဟုတ်ဘဲ အိမ်ခြေ ၁၂၈၀ ဖြစ်သည်ကို စိစစ်သိရှိရပါကြောင်း၊ အထက်ပါ ဆုံးရှုံးနစ်နာမှုများသည် ကျူးကျော်သူများက ကျူးကျော်ဝင်ရောက်ခြင်းကြောင့်ဖြစ်ပြီး ဌာနနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ဌာနအနေဖြင့် လျော်ကြေး၊ နစ်နာကြေးနှင့် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က **ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **မြန်မာ့တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတစ်လော တစ်ကျော့ပြန် ဖြစ်ပွားနေတဲ့ တိုက်ပွဲများကိုချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးအနက် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် လေးဦးက ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်က

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

AA လက်နက်ကိုင်အဖွဲ့သည် ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ မြောက်ပိုင်း လဂျန်းယန်ဒေသတွင် ကေအိုင်အေ လက်နက်ကိုင်တပ်ဖွဲ့နှင့်အတူ မြန်မာ့တပ်မတော်စစ်ကြောင်းများကို တိုက်ခိုက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်သုဉ်းစေရန် ရည်ရွယ်၍ လောက်ကိုင်ဒေသကို MNDAA မှတိုက်ခိုက်သည့် တိုက်ပွဲကြီးများတွင် TNLA၊ MNDAA တို့နှင့်အတူ တပ်ပေါင်းစုအသွင် ပါဝင်တိုက်ခိုက်ပေးခဲ့ပါကြောင်း၊ ထိုအဖွဲ့အစည်းများသည် ယခင်အစိုးရအဖွဲ့က ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက် ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီးနောက်ပိုင်း အစိုးရအုပ်ချုပ်မှုယန္တရားနှင့် တပ်မတော်စစ်ကြောင်းများကို နှောင့်ယှက်တိုက်ခိုက်လာသော တည်ဆဲဥပဒေကို ချိုးဖောက်သည့် အဖွဲ့အစည်းများဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက်က ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ ပြည်နယ်တိုးတက်ရေးနှင့် လုံခြုံရေးကို တပ်မတော်နှင့်လက်တွဲ ဆောင်ရွက်ရမည့်အစား ကာကွယ်စောင့်ရှောက်ပေးသည့် တပ်မတော်ကို ရန်သူသဖွယ်နှင့် မိမိပြည်နယ်ကိုကာကွယ်ရန် လက်နက်ကိုင်အဖွဲ့အစည်းရှိရန် လိုအပ်သည်ဆိုသော မှားယွင်းသည့်အယူအဆနှင့် တည်ငြိမ်မှုကို ပျက်ပြားအောင်လုပ်သည့် သောင်းကျန်းသူအဖွဲ့အား နိုင်ငံရေး၊ စစ်ရေးသူရဲကောင်းအဖြစ် ဦးတည်ပုံဖော်နေမှုသည် ဦးတည်ချက်မှားနေခြင်းဖြစ်ကြောင်း၊ စစ်ပွဲများချက်ချင်းရပ်ရန် တစ်ဖက်သတ်လုပ်ဆောင်၍ မရဘဲ စစ်ပွဲရပ်စဲအောင်၊ ထာဝရငြိမ်းချမ်းအောင် ဆောင်ရွက်နေသည့် ဖြစ်စဉ်အသီးသီးတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားပြည်သူ အဆင့်အတန်းအားလုံးက နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ဖြူစင်သန့်ရှင်းသောစိတ်ဓာတ်နှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြမှသာ စစ်ပွဲမရှိဘဲ ထာဝရငြိမ်းချမ်း သာယာဝပြောသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမြန်ဆုံးဖြစ်ပေါ် လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးက ပြည်တွင်းစစ်မီးငြိမ်းပြီး အေးချမ်းတည်ငြိမ်သော ပြည်ထောင်စုတည်ဆောက်နိုင်ရေးသည် သိမ်မွေ့နက်နဲသော အခြင်းအရာဖြစ်ပါကြောင်း၊ လက်တွေ့ဖြစ်နိုင်သည့် မူဘောင်အတွင်းမှ တည်တံ့ခိုင်မာသော သဘောတူညီမှုရရှိရေးအတွက် အလေးအနက်ချင့်ချိန် စဉ်းစားဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့်အတွက် ယခုအရေးကြီးအဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် **ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း**က တပ်မတော်သည် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ပါကြောင်း၊ လူမျိုးတစ်မျိုးတည်းကို ကိုယ်စားပြုသောတပ်မတော် မဟုတ်သည့်အတွက် တပ်မတော်ကို **ပြည်ထောင်စုတပ်မတော် သို့မဟုတ် တပ်မတော်** ဟု ခေါ်ဝေါ်သုံးစွဲရမည်ဖြစ်ပါကြောင်း၊ AA လက်နက်ကိုင်အဖွဲ့တိုက်ခိုက်ခြင်းသည် နိုင်ငံတော်ကို လက်နက်စွဲကိုင် တိုက်ခိုက်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဟုဆိုရာတွင် နိုင်ငံတော်၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် သမ္မတဦးထင်ကျော်ခေါင်းဆောင်သည့် အစိုးရအဖွဲ့၊ နာယကမန်းဝင်းခိုင်သန်း ဦးဆောင်သည့် ပြည်ထောင်စုလွှတ်တော်နှင့် လွှတ်တော်များ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားစီရင်ရေးအဖွဲ့များကို လက်နက်စွဲကိုင်တိုက်ခိုက်နေခြင်း ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၉ နှင့်အညီ နိုင်ငံတော်ကို ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်နေရသူများဖြစ်သည့်အတွက် မြေပြင်တွင် နိုင်ငံတော်ကိုယ်စား တွန်းလှန်တိုက်ခိုက်နေရခြင်းဖြစ်ပါကြောင်း၊ AA လက်နက်ကိုင်အဖွဲ့သည် ဒီမိုကရေစီစနစ်ကို ဆန့်ကျင်တိုက်ခိုက်နေခြင်း ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့် မိမိတို့၏လိုလားချက်များကို လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် တင်ပြဆောင်ရွက်ခွင့် ရရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် လက်ရှိသမ္မတဦးထင်ကျော်ဦးစီးသည့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဦးစားပေးဆောင်ရွက်နေသည်ကို အားလုံးသိရှိထားပြီး ယခုကဲ့သို့ နိုင်ငံတော်ကို လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းသည် မဖြစ်သင့်မဖြစ်ထိုက်သော ကိစ္စတစ်ရပ်သာဖြစ်ပါကြောင်း၊ ထိုသို့ ဒီမိုကရေစီစနစ်ကိုလျစ်လျူရှုပြီး နိုင်ငံတော်ကို လက်နက်စွဲကိုင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းကို လွှတ်တော်ကိုယ်စားလှယ်များက လက်ခံအသိအမှတ်ပြုမည်ဆိုပါက မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနာဂတ်အရေးသည် ရင်လေးဖွယ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနည်းလမ်းအရ ဖြစ်သင့်ဖြစ်ထိုက်သော မိမိတို့လိုအင်ဆန္ဒများကို လွတ်လွတ်လပ်လပ်တင်ပြခွင့်ရှိပါလျက် နိုင်ငံတော်အပေါ် ကျေနပ်မှုမရှိတိုင်း လူအုပ်စုတစ်စုက ယခုကဲ့သို့ လက်နက်စွဲကိုင် တိုက်ခိုက်ခြင်းမျိုးကို အသိအမှတ်ပြုမည်ဆိုပါက နိုင်ငံ၏ဒီမိုကရေစီအရေးသည် ရတက်မအေးဖွယ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် AA လက်နက်ကိုင်အဖွဲ့ဝင်များကို ယခုလွှတ်တော်မှတစ်ဆင့် အနည်းငယ် ပြောကြားလိုပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော အမျိုးသားရေးအန္တရာယ်များကို မျက်ကွယ်ပြုပြီး တစ်နည်းအားဖြင့် မသိကျိုးကျွန်ပြု၍ တိုင်းရင်းသားများအရေးကို ဦးစားပေး ကာကွယ် ဆောင်ရွက်နေသည့် ပြည်ထောင်စုတပ်မတော်ကို ယခုကဲ့သို့ စတင်တိုက်ခိုက်ခြင်းသည် အမျိုးသားရေးအန္တရာယ်ကို လက်ကမ်းခေါ်နေသည့် အပြုအမူသာဖြစ်သည်ကို ဆင်ခြင်သုံးသပ်နိုင်ရန် ပြောကြားလိုပါကြောင်း၊ အမျိုးသားရေးရန်သူများကို တွန်းလှန်တိုက်ခိုက်နေသည့် ပြည်ထောင်စုတပ်မတော်ကြီးကို အင်အားတောင့်တင်းအောင် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ သက်ဆိုင်သူများ၏မိဘဆွေမျိုးများမှာ အစိုးရယန္တရားတွင် ပါဝင်နေကြသူများဖြစ်သည့်အလျောက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပြည်သူအများ ရွေးချယ်တင်မြှောက်သော နိုင်ငံတော်အစိုးရနှင့်အတူ အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းကို သတင်းစကားပါးလိုပါကြောင်း၊ AA လက်နက်ကိုင် အဖွဲ့သည် ၂၀၁၅ ခုနှစ်မှ စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သော်လည်း ယခု သမ္မတ ဦးထင်ကျော် လက်ထက်တွင် စစ်ပွဲများရပ်ရန် ဆန္ဒဖော်ထုတ်ခြင်း၊ အရေးကြီးအဆိုတင်သွင်းခြင်းတို့သည် လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံရေးအကျပ်အတည်းတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် ပုံဖော်ဖန်တီးရာ ရောက်နေသည်ကို တင်ပြလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်မှာ တစ်ဖက်တည်းဆွေးနွေးမှုမဟုတ်ဘဲ တိုင်းရင်းသားအဖွဲ့အစည်းများ ဆွေးနွေးရန်လိုကြောင်း ပါဝင်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် မပါဝင်သေးသော အဖွဲ့များကိုပါဝင်စေပြီး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက် ဆောင်ရွက်နေကြောင်း ပေါ်ပေါက်နေသည့်အတွက် ဥက္ကဋ္ဌတစ်ဦးအနေဖြင့် မှတ်တမ်းတင်ထားရှိသင့်သည်ဟု တွေ့ရှိရပါကြောင်း ပြောကြားပြီး အရေးကြီးအဆိုကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ဆန္ဒကို ရယူသည်။

ထိုသို့ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ဆန္ဒရယူရာ၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀၂ ဦးက ဆန္ဒပြုကြရာ ထောက်ခံဆန္ဒမဲ ၁၉၅ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၆ မဲနှင့် ကြားနေ ဆန္ဒမဲ တစ်မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကိုမှတ်တမ်းတင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို မေ ၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

ဆူးလေလူကူးခုံးကျော်တံတား မေလပထမပတ်အတွင်း အသုံးပြုနိုင်တော့မည်

ရန်ကုန် မေ ၄

ရန်ကုန်မြို့လယ်ကောင် အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံတွင် တည်ဆောက်နေသော ဆူးလေဘုရားလမ်းဆုံ လူကူးခုံးကျော်တံတားတည်ဆောက်မှုမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ဆေးသုတ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိနေပြီး အောက်ခြေမြေညှိခြင်း၊ ကွန်ကရစ်တုံးများအား အဖြူ၊ အနီရေးဆွဲခြင်းများဆောင်ရွက်လျက်ရှိနေသည်ကို မေ ၃ ရက် နံနက်က တွေ့ရသည်။

အနီးတွင် ကြီးကြပ်ဆောင်ရွက်မှုပြုနေသော မြို့တော်စည်ပင် လမ်း/တံတားဌာနမှ အမျိုးသမီးငယ်တစ်ဦးအား မေးမြန်းကြည့်ရာ "တည်ဆောက်မှုအပိုင်းကတော့ ပြီးစီးနေပါပြီ၊ အခုအချောသပ်လုပ်ငန်းအနည်းငယ်ပဲ ကျန်ပါတော့တယ်"ဟု ဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(လမ်း/တံတား)မှ လက်ထောက်ဌာနမှူး ဦးတင်ထွန်းဦးသို့ ဆက်သွယ်မေးမြန်းခဲ့ရာ "မေလ ပထမပတ်ထဲမှာ ခရီးသွားပြည်သူတွေအသုံးပြုနိုင်တော့မှာပါ" ဟု ပြောကြားခဲ့သည်။

ယင်းဆူးလေဘုရားလမ်း လူကူးခုံးကျော်တံတားမှာ သိမ်ကြီးဈေးအနီးရှိ စတုဂံပတ်လည်တံတားနှစ်ခုကဲ့သို့ ပတ်လည်သွားလာနိုင်သော တံတားပုံစံဖြစ်သည်။ လမ်းဆုံလေးဖက်လေးတန်မှ အဆင်းအတက်ပြုလုပ်နိုင်သော ကွန်ကရစ်လှေကားလေးစင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ခြေကျင်သွားခရီးသွားပြည်သူများ အဆင်ပြေစွာဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြတော့မည်ဖြစ်သည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မေ ၄

လာမည့် ရွေးကောက်ပွဲများအတွက် လေ့လာအကြံပြုတင်ပြသွားနိုင်ရန် မေ ၉ ရက်တွင် နေပြည်တော်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း ပြီးခဲ့သော ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဒါနရှေ့ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လာမယ့် မေ ၉ ရက်မှာ ရွေးကောက်ပွဲကော်မရှင်နဲ့၊ တစ်နိုင်ငံလုံးလေ့လာစောင့်ကြည့်ရေးအဖွဲ့တွေနဲ့ရော တစ်သီးပုဂ္ဂလစောင့်ကြည့်သူတွေနဲ့ပါ တွေ့ဆုံဖို့ ရှိပါတယ်။ ဒီအတွက် ခွင့်ပြုချက်လည်း ရရှိထားပြီဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့်ရွေးကောက်ပွဲတွေအတွက် ဘာတွေအကြံပြုနိုင်မလဲ၊ ဘာတွေဆွေးနွေးကြမလဲဆိုတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးသွားဖို့ရှိပါတယ်" ဟု ဒါနရှေ့ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က ယနေ့ညနေပိုင်းတွင် Summit Parkview ဟိုတယ်၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင် အဆိုပါအဖွဲ့အနေဖြင့် ရွေးကောက်ပွဲများ အချိန်မီကျင်းပရေး၊ စစ်မှန်သော ရွေးကောက်ပွဲဖြစ်ရေး၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးနှင့် ရွေးကောက်ပွဲတွင် လူတိုင်းပါဝင်မဲပေးခွင့်ရရှိရေး စသော အချက်များအပေါ်မူတည်၍ လေ့လာစောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၏ အမျိုးသမီးလူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသော်လည်း အမျိုးသမီးကိုယ်စားလှယ်မှာ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းသာရှိခဲ့၍ ကိုယ်စားပြုနိုင်မှု အားနည်းမှုများရှိခဲ့ကြောင်း ဒါနရှေ့ဆောင်အဖွဲ့ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ထို့အတူ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၃) သန်းသည် မသန်စွမ်းများဖြစ်ကြပြီး မသန်စွမ်းလွှတ်တော်ကိုယ်စားလှယ် သုံးဦးသာရှိခဲ့ပြီး ယင်းတို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မသန်စွမ်းကိုယ်စားပြုမှု အားနည်းမှုများရှိကြောင်းဖြင့်လည်း ဖော်ပြထားသည်။

အဆိုပါ ဒါနရှေ့ဆောင်အဖွဲ့အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲနေ့၊ ရွေးကောက်ပွဲအလွန်ကာလဟူ၍ အပိုင်းသုံးပိုင်းခွဲခြားကာ စောင့်ကြည့်လေ့လာခဲ့ကြောင်း၊ စောင့်ကြည့်လေ့လာခဲ့သော ဒေသများမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ဖြစ်ကြောင်း၊ အကြိုကာလတွင် ကာလရှည် စောင့်ကြည့်လေ့လာသူ ၃၄ ဦးဖြင့် မြို့နယ် ၂၈ မြို့နယ်တွင်လည်းကောင်း၊ ရွေးကောက်ပွဲနေ့တွင် ကာလတိုစောင့်ကြည့်လေ့လာသူ ၇၆၁ ဦးတို့ဖြင့် မြို့နယ် ၄၅ မြို့နယ်ရှိ မဲရုံပေါင်း ၃၈၄ ရုံတွင်လည်းကောင်း စောင့်ကြည့်လေ့လာခဲ့ကြောင်း သိရသည်။

မြင့်မောင်စိုး

အရန်သားဖွား သင်တန်းဆင်း

သဲကုန်း မေ ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် (၂/၂၀၁၅) အရန်သားဖွားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီခွဲက ကျန်းမာရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ထွန်းထွန်းစိုးက ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးသေနှုန်းလျှော့ချရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရန်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကာကွယ်ပေးရေးစသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းအားဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်ကြားထားသည့်သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဌာနနှင့် ပြည်သူကြားပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးကြရန်နှင့် မိမိတို့တတ်ထားသည့်အတတ်ပညာကို ပြည်သူ အတွက် အကျိုးရှိနိုင်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းအောင်လက်မှတ်နှင့် အရန်သားဖွား kit-box များကို ဆုရရှိသူများအား တာဝန်ရှိသူများကပေးအပ်ရာ သင်တန်းသူများက လက်ခံရယူခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့နယ်၌ ဆိတ်ညံကူးတို့ လေလံစနစ်မှ လိုင်းစနစ်သို့ပြောင်းလဲပေးရေး ဆန္ဒထုတ်ဖော်

မြင်းခြံ မေ ၄

မြင်းခြံမြို့နယ် လင့်ကြီးကျေးရွာမှ ဒေသခံပြည်သူ အင်အား ၁၀၀ ကျော်ခန့်သည် ငြိမ်း/စီခွင့်ပြုချက်ဖြင့် သယ်ယူစရိတ် မြင့်မားနေမှုအား လျှော့ချပေးနိုင်ရေး ဆန္ဒထုတ်ဖော်ပွဲကို မေ ၄ ရက် နံနက် ၉ နာရီခွဲက လေးအိမ်တန်းကျေးရွာ ဧရာဝတီမြစ်ဆိပ်ကမ်းမှ စတင်ကာ အမှတ် (၆)ရပ်ကွက် ဂရိတ်လမ်းဆုံမှ တစ်ဆင့် အမှတ် ၁၈ ဟစ်တိုင်ကွင်းသို့ ရောက်ရှိ၍ ကြွေးကြော်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆန္ဒထုတ်ဖော်ရာတွင် "ကျွန်းတောင်သူများ သယ်ယူစရိတ်ကြီးမြင့်နေမှုကို လျှော့ချပေးပါ"၊ "လေလံဥပဒေနှင့် စည်းကမ်းများ ဖောက်ဖျက်ပြီး တောင်သူများအပေါ် မတရားသဖြင့် ပြုလုပ်နေသော လေလံဆွဲသူများအား ထိရောက်စွာ အရေးယူပေးပါ"၊ "လေလံစနစ်မှ လိုင်းစနစ် ပွင့်လင်းမြင်သာစွာ ချပေးပါ" စသည့်ပိုစတာများ ကိုင်ဆောင်လျက် ဆိတ်ညံကူးတို့ လေလံကို တစ်ဆင့်ပြန်လည် ရောင်းချခြင်းအား ဖော်ထုတ်ပေးရေး၊ ဆိတ်ညံကူးတို့ လေလံစနစ်အား ပွင့်လင်းမြင်သာစွာ ချပေးရေး၊ လင့်ကြီးကျေးရွာမှ သတ်မှတ်ထားသော သယ်ယူစရိတ်များချပေးရေး တို့ကို ကြွေးကြော်ခဲ့ကြသည်။

လင့်ကြီးကျေးရွာသည် ဧရာဝတီမြစ်၏အလယ်၌ရှိပြီး မြင်းခြံမြို့သို့ စက်လှေများဖြင့် ဒေသထွက်ကုန်များဖြစ်သည့် စီပီပြောင်းဖူး၊ ပဲ၊ နှမ်းတို့ကို လေးအိမ်တန်းဆိပ်ကမ်းမှတစ်ဆင့် ပို့ဆောင်နေရပြီး လွန်ခဲ့သော ၁၅ နှစ်ခန့်မှစ၍ လေလံစနစ်ပေးကာ သွားလာနေရခြင်းဖြစ်ကြောင်း သိရသည်။

"လေလံအောင်သူတွေက အချိန်ပိဿာ ၃၀ တစ်အိတ်ကို ငွေကျပ် ၉၅၀ တောင်းနေတယ်။ ကျွန်တော်တို့ဒေသထွက်ကုန်တွေကို ကိုယ့်စက်လှေတွေနဲ့ သယ်ယူခွင့်ရရင် သက်သာတယ်။ ကျသင့်တဲ့ အခွန်ကိုလည်း ဆောင်မှာပါ။ လေလံပေးလိုက်တော့ သူတို့တောင်းချင်သလိုတောင်းပြီး ခေါင်းပုံဖြတ်နေလို့ လိုင်းစနစ်ကို တောင်းဆိုတာပါ" ဟု ဦးဆောင်သူ ဦးနေအောင်က ပြောပြသည်။

လင်းလက်ကြယ်(တောင်သာ)

မန္တလေးတိုင်းဒေသကြီး၌ လျှပ်စစ်ဓာတ်အားပြတ်တောက်

နေပြည်တော် မေ ၄

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် Circuit Breaker ၏ Trip Coil မှာ မေ ၄ ရက် နံနက် ၁၀ နာရီ ၁၉ မိနစ်က မီးလောင်ကျွမ်းပြီး ဓာတ်အားပေးစက်များ ရပ်တန့်မှုဖြစ်ပွားခဲ့သည်။ ထို့ပြင် ရွှေလီ(၁) ဓာတ်အားပေးစက်ရုံ၌ ဓာတ်အားထုတ်လုပ်မောင်းနှင်လျက်ရှိသော ဓာတ်အားပေးစက်များလည်း ရပ်တန့်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

ဓာတ်အားပြတ်တောက်ခဲ့ရမှုကို အမြန်ဆုံးပြန်လည်စစ်ဆေးပြီး ဓာတ်အားပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ မေ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် ပုံမှန်ဓာတ်အား ပြန်လည်ပို့လွှတ်ပြီးဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မှုမှာ ၁ နာရီ ၁၁ မိနစ်ခန့် ကြာမြင့်ခဲ့ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

မြိတ်မြို့မှ ဦးအောင်သူ တစ်ကိုယ်တော်ခရီးရက်ရှည်လမ်းလျှောက်

ထားဝယ် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အစိုးရအဖွဲ့အား ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ဦးအောင်သူ (၄၇ နှစ်)သည် ဧပြီ ၂၂ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်လမ်းဆုံမှ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု သို့ မြိတ်-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးအတိုင်း တစ်ကိုယ်တော်ခရီးရှည်လမ်းလျှောက်လာခဲ့ရာ မေ ၂ ရက်တွင် ထားဝယ်မြို့သို့ ရောက်ရှိသည်။

ဆက်လက်၍ မေ ၄ ရက်နေ့ နံနက် ၅ နာရီခွဲတွင် ထားဝယ်မြို့မှ ရေဖြူမြို့နယ်သို့ တစ်ကိုယ်တော်လမ်းလျှောက်ထွက်ခွာပြီး မွန်ပြည်နယ် ရေးမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တိုက်ပွဲရှောင်ဒေသခံများအတွက် ရေရှည်တွင် ရေအခက်အခဲများ ကြုံတွေ့လာနိုင်သည်ဟု ICRC မှ သတင်းထုတ်ပြန်

စစ်တွေ မေ ၄

ဧပြီလ ဒုတိယပတ်က တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကြား တိုက်ပွဲများဖြစ်ပေါ်ခဲ့မှုကြောင့် ဘူးသီးတောင်-ရသေ့တောင်-ကျောက်တော်-ပုဏ္ဏားကျွန်း စသည့်မြို့နယ်များရှိ ကျေးရွာဒေသခံများသည် ကြောက်လန့်ပြီး နီးစပ်ရာကျေးရွာများသို့ ဝင်ရောက်ခိုလှုံလျက်ရှိကြရာ အဆိုပါဒေသခံများအတွက် သောက်သုံးရေရရှိရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း မေ ၃ ရက် ICRC ၏ သတင်းထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ရခိုင်ပြည်နယ်ရှိ ICRC ကိုယ်စားလှယ်ရုံးတာဝန်ခံ မစ္စ အယ်လီယန်နာဘနာ့ဒ်က "နဂိုကတည်းက ရေရှားပါးမှုနဲ့ ရင်ဆိုင်နေရတဲ့ နယ်ခံအိမ်ရှင်လူထုအတွက် ပိုပြီးအခက်တွေ့စေမှာဖြစ်တဲ့အတွက် ဒီအခြေအနေအတိုင်းသာ ဆက်သွားနေရင် မကြာခင်မှာ ရေပြဿနာဟာ စိုးရိမ်စရာဖြစ်လာနိုင်ပါတယ်" ဟု ပြောသည်။ ICRC က လာမည့်ရက်သတ္တပတ်များတွင် အဆိုပါဒေသများသို့ သွားရောက်ပြီး သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ICRC အနေဖြင့် ရွှေ့ပြောင်းသွားလာသူများအား လက်ခံထားသည့် နယ်ခံအိမ်ရှင်လူထု၊ ဒေသခံအဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ ကနဦးအကူအညီပေးမှုကို ပိုမိုပြည့်စုံစေရန် ဖြည့်ဆည်းပေးသည့်အနေဖြင့် အိုးခွက်ပန်းကန်များ အပါအဝင် မီးဖိုချောင်သုံးပစ္စည်းများ၊ ခြုံစောင်များ၊ ခြင်ထောင်များနှင့် မီးဖွားရာတွင်အသုံးပြုသည့် တစ်ခါသုံး ပစ္စည်းများ စသည့် ပစ္စည်းများကို ဘူးသီးတောင်မြို့နယ်ရှိ စည်တောင်ကျေးရွာ၊ ကျောက်တော်မြို့နယ်ရှိ သလူချောင်းကျေးရွာနှင့် ပညာဝကျေးရွာများ၊ သွားလာရခက်ခဲသောဒေသများရှိ လူဦးရေ ၅၀၀ ခန့်အား ဝေငှပေးခဲ့ကြောင်း မစ္စတာ ဝေချောင်ရစ် က ပြောသည်။ "လူတွေဟာလိုအပ်တာလေးတွေ အနည်းအကျဉ်း ယူငင်ပြီး သူတို့အိမ်တွေက နေထွက်လာခဲ့ကြရတာပါ။ နေထိုင်ရတဲ့အခြေအနေက တကယ့်ကိုခက်ခဲပါတယ်။ စာသင်ကျောင်းတွေမှာလည်း လူတွေပြည့်နေပါတယ်။ ဒီလူတွေဟာ ကြမ်းပြင်ပေါ် ဒါမှမဟုတ် အခင်းတွေပေါ်မှာပဲ ဒီအတိုင်း အိပ်စက်နေကြရပါတယ်" ဟု ၎င်းက ပြောသည်။

မြတ်ဝေ



အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သော သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာအခက်အခဲများဖြေရှင်းရေး နည်းပညာပေးသင်တန်းဖွင့်

ပဲခူး မေ ၄

ပဲခူးတိုင်းဒေသကြီး၌ အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့်အခက်အခဲများ ဖြေရှင်းနိုင်ရေး နည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက်က ပဲခူးမြို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အယ်နီညိုရာသီဥတုကြောင့် သီးနှံစိုက်ပျိုးမှုဆိုင်ရာ အခက်အခဲများဖြေရှင်းနိုင်ရေး ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ သီးနှံအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များ၊ မြေအသုံးချရေး နည်းပညာနှင့် ဥပဒေများ၊ မျိုးစေ့နည်းပညာနှင့် ဥပဒေ၊ သီးနှံကာကွယ်ရေးနည်းပညာနှင့် ဥပဒေများကို ကဏ္ဍအလိုက် ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်တံခါးမြို့၌ မိုးသက်လေပြင်း တိုက်ခတ်ခြင်းကြောင့် နေအိမ်အချို့ ပျက်စီး၍ လျှပ်စစ်မီးခေတ္တပြတ်တောက်

ကျောက်တံခါး မေ ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဂနက်ကျေးရွာအုပ်စု နွှန်းနီးယားကျေးရွာနှင့် စီကူလာမ်းကျေးရွာတို့၌ မေ ၄ ရက် ညနေ ၃ နာရီခွဲက တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းဒဏ်ကြောင့် လူနေအိမ် ခုနစ်လုံးမှာ သွပ်မိုးများ လန်၍ ပျက်စီးခဲ့ပြီး ရန်ကု န်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၃/၃ နှင့် ၁၁၃/၄ ကြား၌ လမ်းဘေး ကုက္ကိုပင်မှ သစ်ကိုင်းများ လမ်းမပေါ်သို့ ကျိုးကျခဲ့ခြင်းကြောင့် ယာဉ်ကြောခေတ္တပိတ်ဆို့ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် အချိန်မီ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ဘရာဇီးသမ္မတကို စုံစမ်းစစ်ဆေးမှုများပြုလုပ်

ရီယိုဒီဂျနေးရိုး မေ ၄

အကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်ပြီး သမ္မတ ဒီလ်မာရူးဆက်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဘရာဇီး ထိပ်တန်း ရှေ့နေများက တောင်းဆိုခဲ့ကြကြောင်း အင်္ဂါနေ့တွင် ဒေသမီဒီယာများက ဖော်ပြခဲ့သည်။ ကမ္ဘာ့ခုနစ်ခုမြောက် အကြီးဆုံးစီးပွားရေးကို ဦးဆောင်နေပြီး သောကကြုံနေသော ခေါင်းဆောင်အတွက် အဆိုပါ စုံစမ်းစစ်ဆေးမှုသည် သမ္မတရာထူးမှ ဖယ်ရှားခံရမည့် အနေအထား ဖြစ်နေသည်။

၄င်းကို လာမည့်သီတင်းပတ်တွင် ဘတ်ဂျက်အခွန်ဆိုင်ရာ ဥပဒေများဖြင့် စွပ်စွဲသွားမည်ဖြစ်သည်။ဘရာဇီးနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကတည်းက အလယ်အလတ်တန်းစား ပြည်သူလူထု သန်း ၄၀ အတွက် လူမှုဖူလုံရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အလုပ်သမားပါတီ၏ ၁၃ နှစ်တာ ဆောင်ရွက်မှုများအတွင်း အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်လျက်ရှိနေသည်။ သမ္မတ ရူးဆက်ဘက်မှ မှားယွင်းမှုမရှိကြောင်း အခိုင်အမာငြင်းဆိုထားသော်လည်း ဘရာဇီးနိုင်ငံ၏ အကြီးမားဆုံး ဆောက်လုပ်ရေးကိစ္စများတွင် အရာရှိများ ပါဝင်ပတ်သက်လျက်ရှိနေကြောင်း အမှုတွင် ဖော်ပြထားသည်။

အောက်လွှတ်တော်မှ ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးသမား ၅၀ ခန့်ကိုလည်း စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

(ရိုက်တာ)

ဖိလစ်ပိုင်ရွေးကောက်ပွဲ၌ မားကို့စ်မျိုးဆက် ပြန်လည်နေရာရလာ

မနီလာ မေ ၄

ဖိလစ်ပိုင်၌ လာမည့်သီတင်းပတ်တွင် ပြုလုပ်မည့် ဒုတိယ သမ္မတ ရွေးကောက်တင်မြှောက်ပွဲတွင် အာဏာရှင် ဖာဒီနန် မားကို့စ်၏ သားဖြစ်သူသည် မိသားစုပုံရိပ်ကို ပြန်လည်မြှင့်တင်ရန်နှင့် တိုင်းပြည်ကို ပိုမိုကောင်းမွန်သော ဆောင်ကြဉ်းပေးရန် ရည်ရွယ်ချက်များဖြင့် နေရာရယူနိုင်ဖွယ်ရှိနေသည်။

ဘွန်းဘွန်းဟု လူသိများသော ဖာဒီနန်မားကို့စ်၏သားသည် မေ ၉ ရက် ရွေးကောက်ပွဲတွင် အောင်မြင်ရန် အလားအလာအများဆုံးဖြစ်နေကြောင်း သိရသည်။ ဗုဒ္ဓဟူးနေ့က စစ်တမ်းကောက်ယူမှုထုတ်ပြန်ချက်အရ ဒုတိယနေရာအတွက် ၄င်းကို ပထမဆုံးအကြိမ်အဖြစ် မဲပေးကြခြင်းဖြစ်ကြောင်း၊ ကွန်ဂရက် အမျိုးသမီးလွှတ်တော်အမတ် လာနီရော်ဘရီဒိုနှင့် နှစ်မှတ်သာကွာကြောင်း သိရသည်။

၁၉၈၆ ခုနှစ်က ၄င်း၏ဖခင်ဖြစ်သူကို ပြည်သူလူထုက ဖြုတ်ချခဲ့ပြီးနောက် နိုင်ငံရေးအသိုင်းအဝိုင်း၌ အထင်ကြီးလေးစားမှုကို မရရှိခဲ့သော်လည်း လူထုကြားတွင် နာမည်ကြီးသော မားကို့စ် ဂျူနီယာ ၅၈ နှစ်က ပြဿနာမှာ ၄င်း၏ မိသားစုတစ်ခုတည်းကြောင့် မဟုတ်ကြောင်း ပြောခဲ့သည်။

"ပြည်သူတွေ စီးပွားရေးမှာ အခုထိ နိမ့်ကျနေဆဲပဲဆိုတာ ကြားသိနေရတုန်းပါပဲ"ဟု ၄င်းက အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။ "အဆင်မပြေမှုတွေအတွက် ပြောင်းလဲမှု တစ်ရပ်လိုအပ်ပါတယ်"ဟု လည်း ၄င်းကပြောခဲ့သည်။ အခြားနိုင်ငံများနှင့်မတူဘဲ ဖိလစ်ပိုင်နိုင်ငံသည် သမ္မတနှင့် ဒုတိယသမ္မတ ရွေးချယ်ပွဲကို သီးခြားစီပြုလုပ်ကြပြီး ၄င်းတို့နှစ်ဦးသည် နိုင်ငံရေးအရ ယှဉ်ပြိုင်ဘက်များဖြစ်ကြသည်။

ဒါဗာအို တောင်ပိုင်း မြို့တော်ဝန် ရိုဒရီဂို ဒတ်တာသည် သမ္မတဖြစ်လာနိုင်ဖွယ်ရှိကြောင်း ထင်ကြေးပေးနေကြသည်။

စီနီယာ မားကို့စ်သည် စစ်အုပ်ချုပ်ရေး ကိုးနှစ်အပါအဝင် ဖိလစ်ပိုင်သမ္မတနေရာကို ဆယ်စုနှစ် နှစ်ခုစာ သိမ်းပိုက်ထားနိုင်ခဲ့သူဖြစ်သည်။

(ရိုက်တာ)

ဂျပန်၌ ငလျင်ငယ်လှုပ်မှုများ ဆက်တိုက်ဖြစ်ပေါ်

တိုကျို မေ ၄

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ ပြီးခဲ့သော သီတင်းပတ်သုံးပတ်ခန့်က ကြောက်မက်ဖွယ်ရာ ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် ငလျင်ငယ်လေးများ ဆက်တိုက် လှုပ်မှုများဖြစ်ပွားနေသေးကြောင်းသိရသည်။

ဧပြီ ၁၄ ရက်ကတည်းက ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်ငယ်လှုပ်သည့် အကြိမ် အရေအတွက်ပေါင်း ၁၂၀၀ ကျော်ရှိသည်။

ယင်းနေ့က ပြင်းအား မဂ္ဂနီကျု ၆ ဒသမ ၅ အဆင့်ရှိငလျင်လှုပ်အပြီး နောက်တစ်နေ့တွင်လည်း ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုထပ်မံလှုပ်ခဲ့သည်။

ငလျင်ကြောင့် သေဆုံးသူ ၄၉ ဦးရှိခဲ့သည်။ အခြား သေဆုံးသူ ၁၇ ဦးမှာ ငလျင်ကြောင့် ကြောက်ရွံ့ထိတ်လန့်ပြီး စိတ်ဖိစီးမှုကြောင့်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ပျက်စီးဆုံးရှုံးသည့် အိမ်အရေအတွက်မှာ ၂၃၀၀၀ခန့်ရှိပြီး နောက်ထပ် အိမ်ပေါင်း ၂၈၀၀၀ ကျော်မှာလည်း ပျက်စီးလုနီးပါးရှိနေကြောင်း ကူမာမိုတို သက်ဆိုင်ရာအရာရှိများက ပြောသည်။

လက်ရှိအချိန်တွင် လူဦးရေပေါင်း ၁၈၀၀၀ ကျော်ကို ဘေးလွတ်ရာနေရာသို့ ကူညီကယ်ဆယ်ရေးစခန်း ၃၇၆ ခုသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာက ခန့်မှန်းထားသည်။ ငလျင်များ ဆက်တိုက်လှုပ်မှုများရှိနေပြီး ကယ်ဆယ်ရေးစခန်းများတွင်လည်း လူများပြည့်နေသည့်အတွက် အခြားသူများသည် ၄င်းတို့၏ ကားများနှင့် ရွက်ဖျင်တဲများအတွင်း နေထိုင်လျက်ရှိကြသည်။ ယင်းငလျင်သည် ဗုဒ္ဓဟူးနေ့က မာရှိကီမြို့တွင် ပြင်းပြင်းထန်ထန်လှုပ်ခဲ့သည်ဟု သိရသည်။

(အင်န်အိတ်ချ်ကေ)

ဗီယက်နမ်၌ အားလပ်ရက်လေးရက်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူ ၁၁၁ ဦးသေဆုံး

ဟန်နွိုင်း မေ ၄

ဗီယက်နမ်၌ပြီးခဲ့သော စနေနေ့မှအင်္ဂါနေ့အထိ အားလပ်ရက်လေးရက်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၁၁၁ ဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းယာဉ်သွားလာမှု လုံခြုံရေးကော်မတီက ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည်။ ဧပြီ ၃၀ ရက်တွင်ကျရောက်သော တောင်နှင့်မြောက် ဗီယက်နမ်ပေါင်းစည်းရေးနေ့အထိမ်းအမှတ် အားလပ်ရက်နှင့် မေ ၁ ရက်အထိ နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုပေါင်း ၁၅၂ ခုဖြစ်ပွားခဲ့ပြီး လူ ၁၁၁ ဦးသေဆုံးကာ ၁၃၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းအွန်လိုင်းသတင်းစာတစ်စောင်က အဆိုပါကော်မတီ၏ထုတ်ပြန် ချက်ကို ကိုးကားဖော်ပြခဲ့သည်။ ပျမ်းမျှအားဖြင့် အားလပ်ရက်တစ်ရက်လျှင် ယာဉ်မတော်တဆမှု ၃၈ ခုဖြစ်ပွားပြီး ၂၇ ဦး သေဆုံးကာ ၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တွက်ချက်ရရှိသည်။ အားလပ်ရက်(အင်္ဂါ)နေ့တစ်နေ့တည်း၌ ယာဉ်တိုက်မှုပေါင်း ၆၀ ဖြစ်ပွားပြီး ၄၁ ဦးသေဆုံးကာ လူပေါင်း ၅၀ ဒဏ်ရာရရှိခဲ့သည်။ ဗီယက်နမ်အားလပ်ရက်အတွင်း လူအများစုသည် ခရီးထွက်လေ့ရှိပြီး မိမိတို့ဒေသသို့ပြန်ကြသူများလည်း ရှိသည်။ ဗီယက်နမ်တွင် အားလပ်ရက်ခရီးသွားစဉ် ယာဉ်မတော်တဆမှုများဖြစ်ပွားမှု အကြိမ်အရေအတွက်မှာ ပိုလာလျက်ရှိပြီး သေဆုံးသူအရေအတွက်မှာလည်း မြင့်တက်လျက်ရှိသည်။

(ဆင်ဟွာ)

ဗင်နီဇွဲလားမြို့တော် ကရာကတ်၌ မေ ၃ ရက် ကမ္ဘာ့လွတ်လပ်စွာရေးသားထုတ်ဖော်ရေးနေ့ (The World Press Freedon Day) တွင် လွတ်လပ်စွာရေးသားထုတ်ဖော်ခွင့်အထိမ်းအမှတ်အတွက် လူအများ စုပေါင်းချီတက်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာ)

အာဆီယံ အပေါင်း သုံးနိုင်ငံ စီးပွားရေး တိုးတက်မှုအတွက် လိုအပ်သော မူဝါဒချမှတ်မည်

တိုကျို မေ ၄

ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား နိုင်ငံနှင့် အာဆီယံအသင်းဝင်နိုင်ငံတို့မှ ဗဟိုဘဏ်အရာရှိများနှင့် ဘဏ္ဍာရေးဝန်ကြီးများသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုအကျဘက် ဦးတည်နေမှုအပေါ် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အင်္ဂါနေ့က ဂျာမနီနိုင်ငံ ဖရန့်ဖွတ်၌ ပြုလုပ်ခဲ့သော အစည်းအဝေးကို ဂျပန် ဘဏ္ဍာရေးဝန်ကြီး တာအိုအေဆိုနှင့် ဂျပန်နိုင်ငံအစိုးရဘဏ်မှ ဟာရူဟီခို ကူရိုဒါတို့ တက်ရောက်ခဲ့ကြပြီး ပူးတွဲ ထုတ်ပြန်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ဖော်ပြချက်ပါ အကြောင်းအရာများအရ နိုင်ငံတိုင်းသည် ယင်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်လာအောင် ထိန်းသိမ်းရမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကိုဖော်ဆောင်ရမည်ဖြစ်ကြောင်း ပါရှိသည်။ သို့သော်လည်း ရှိနေသေးသော ပြဿနာအနည်းငယ်အတွက် ပြောင်းလွယ်ပြင်လွယ်သော ငွေကြေးဆိုင်ရာ မူဝါဒများကို ကျင့်သုံးရမည်ဖြစ်သည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် အရင်းအနှီးငွေကြေး ယိုဆင်းမှုကြောင့် အာဆီယံနိုင်ငံများ၏ အားနည်းသော ငွေကြေးစနစ်ကို ခိုင်မာအောင်အစီအစဉ်များချမှတ်၍ ကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆိုထားသည်။

(အင်န်အိတ်ချ်ကေ)

ရေငုပ်သင်္ဘောစစ်ဆင်ရေး အိန္ဒိယ၊ အမေရိကန်နှင့် ဂျပန်တို့၏ ပူးပေါင်းလှုပ်ရှားမှုများ

မွန်လေး

ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်ရန်နှင့် အင်အားနည်း နိုင်ငံများအပေါ် ခြယ်လှယ်လွှမ်းမိုးနိုင်ရန် စစ်ရေးကဏ္ဍတွင် အပြိုင်အဆိုင် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မြေပြင်၊ ဝေဟင်၊ ရေပြင် ကဏ္ဍသုံးခုလုံးတွင် ဘက်စုံထောင့်စုံ အားဖြည့်လျက်ရှိသည်။

လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ မဟာမိတ်နိုင်ငံများနှင့် ပိုင်နက်ရေပြင်များတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အပြိုင်အဆိုင်ပြုလုပ်လျက်ရှိသည်။

တရုတ်နိုင်ငံက ပင်လယ်ရေအောက်လှုပ်ရှားမှုများကို အကောင်အထည်ဖော်လျက်ရှိရာ အိန္ဒိယနှင့် အမေရိကန်တို့ကလည်း အိန္ဒိယသမုဒ္ဒရာအတွင်း ရေငုပ်သင်္ဘောခြေရာခံရေးဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံကာကွယ်ရေး ပိုမိုခိုင်မာမှုရှိစေရန်အတွက် အချင်းချင်းအကူအညီပေးရန်ဆွေးနွေးခဲ့သည်။

တောင်တရုတ်ပင်လယ်၌အင်အားကြီးလာသော တရုတ်ရေတပ်၏ အင်းအား၊ ရည်ရွယ်ချက်တို့နှင့် ပတ်သက်၍ အမေရိကန်နှင့် အိန္ဒိယတို့က စိုးရိမ်ပူပန်လျက်ရှိနေပြီး အိန္ဒိယသမုဒ္ဒရာအတွင်း အိန္ဒိယ၏စိုးမိုးခြယ်လှယ်နိုင်မှုအပေါ် စိန်ခေါ်လျက်ရှိနေသည်ကိုလည်း တွေ့မြင်နေရသည်။

ဒေသတွင်း တရုတ်နှင့် အင်အားကွာဟမှုနည်းပါးစေရန် အကူအညီပေးမည့် လက်နက်နည်းပညာများရရှိရန်အတွက် အမေရိကန်၏ကမ်းလှမ်းမှုကို ဆယ်စုနှစ်များစွာ တွန့်ဆုတ်နေသော နယူးဒေလီအနေဖြင့် အမေရိကန် စစ်အခြေစိုက်စခန်းများ ဖွင့်လှစ်ရန် လွန်ခဲ့သောလက သဘောတူညီခဲ့သည်။

အမေရိကန်နှင့် အိန္ဒိယရေတပ်များသည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ဆွေးနွေးပွဲများပြုလုပ်ပြီး စစ်ရေးနည်းပညာဆိုင်ရာ အကဲဆတ်သော နယ်ပယ်နှင့် မဟာမိတ်များသာလျှင် မျှဝေသည့် နည်းဗျူဟာများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

စေ့စပ်ညှိနှိုင်းမှုအခြေခံထားသည့် ယင်းနည်းလမ်းများသည် ရေတပ်အချင်းချင်း ဆက်သွယ်မှု ကြာရှည်ခိုင်မာစေရန် အခြေခံအဆောက်အအုံကြီးဖြစ်ပြီး ရေငုပ်သင်္ဘောတိုက်ဖျက်ရေးအတွက် အချိန်အတော်ကြာအင်အားကောင်းလိမ့်မည်ဟု အိန္ဒိယ-အမေရိကန် စစ်ရေးပူးပေါင်းဆောင်ရွက်မှုမှ အမေရိကန်အရာရှိတစ်ဦးက ပြောခဲ့သည်။ တရုတ်ရေငုပ်သင်္ဘောများသည် ပုံမှန်သုံးလလျှင် လေးကြိမ်ခန့် ကင်းလှည့်လေ့ရှိကြောင်း အိန္ဒိယရေကြောင်းအရာရှိများက ပြောခဲ့သည်။ တရုတ်၏ လောင်စာထောက်ပံ့မှု ၈၀ ရာခိုင်နှုန်းကျော်ဖြတ်သန်းသွားရာနေရာဖြစ်သော တောင်တရုတ်ပင်လယ်၏ဝင်ပေါက် မလက္ကာရေလက်ကြားအနီးရှိ အိန္ဒိယပိုင် အန်ဒမန်နှင့် နီကိုဘာကျွန်းအနီးတွင် အဆိုပါ ရေငုပ်သင်္ဘောအချို့ကို တွေ့မြင်နိုင်သည်။

နှစ်နိုင်ငံရေတပ်ဆိုင်ရာ လေ့ကျင့်မှုများကို လုပ်ဆောင်နေသော အိန္ဒိယနှင့် အမေရိကန်တို့သည် ရေငုပ်သင်္ဘောခြေရာခံနိုင်စွမ်းမြင့်မားပြီး သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်မျှဝေနိုင်မည့် P-8 လေယာဉ်ကို နည်းပညာအသစ်များဖြင့် ပျံသန်းသုံးစွဲလျက်ရှိသည်။

P-8 လေယာဉ်သည် ရေငုပ်သင်္ဘောရှာဖွေနိုင်သော အဆင့်မြင့်ဆုံးလက်နက်တစ်ခုဖြစ်ပြီး ရေငုပ်သင်္ဘောများကို ခွဲခြားပြီး ခြေရာခံနိုင်သော အာရုံခံကိရိယာ တပ်ဆင်ထားသည်။

ရေငုပ်သင်္ဘောစစ်ဆင်ရေးအတွက် အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်မှုအပေါ် ဝေဖန်မှုများ လျော့နည်းလာကြောင်း အိန္ဒိယရေတပ်မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့သည်။

ရေငုပ်သင်္ဘောစစ်ဆင်ရေး လာမည့်ဇွန်လတွင် ဖိလစ်ပိုင်မြောက်ပိုင်း ပင်လယ်ပြင်၌ ပူးပေါင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း အိန္ဒိယရေတပ် သတင်းအရင်းမြစ်တစ်ခုက ပြောခဲ့သည်။

ပစိဖိတ်အနောက်ပိုင်းရှိ တရုတ်ရေငုပ်သင်္ဘောများကို ခြေရာခံရန် အမေရိကန်၏ မဟာမိတ်ဖြစ်သော ဂျပန်ရေငုပ်သင်္ဘောများကလည်း လေ့ကျင့်မှုတစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

စောင့်ကြည့်ထောက်လှမ်းမှုများကို အရှိန်မြှင့်တင်

အိန္ဒိယနှင့် အမေရိကန် နှစ်နိုင်ငံအနေဖြင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း ဒေသတွင်းစစ်ရေးနှင့်လုံခြုံရေးကျွမ်းကျင်သူများက ပြောခဲ့သည်။

ဟိုင်နန်ကျွန်းရှိ တရုတ်တောင်ပိုင်းရေငုပ်သင်္ဘော အခြေစိုက်စခန်းများ၏ အနီးတစ်ဝိုက်တွင် နျူလက်နက်တပ်ဆင်ထားသော တရုတ်ကင်းလှည့် ရေငုပ်သင်္ဘောများကလည်း အမြဲမပြတ်စောင့်ကြည့်လျက်ရှိသည်။

အိန္ဒိယကလည်း ၎င်း၏ပထမဆုံးပြည်တွင်းဖြစ် နျူဒုံးကျည်တပ်ဆင်ထားသော ရေငုပ်သင်္ဘောကို ရေချရန် ပြင်ဆင်လျက်ရှိသည်။ အမေရိကန်တိုက်ခိုက်ရေးရေငုပ်သင်္ဘောများသည် ပစိဖိတ်ဒေသအတွင်း နျူလက်နက်တပ်ဆင်ထားသော တရုတ်ရေငုပ်သင်္ဘောများကို ခြေရာခံရှာဖွေသကဲ့သို့ တရုတ်ကလည်း အိန္ဒိယသမုဒ္ဒရာအတွင်း အိန္ဒိယ၏ ကင်းလှည့်မှုများကိုစောင့်ကြည့်ရန် ၎င်းတို့၏ တိုက်ခိုက်ရေး ရေငုပ်သင်္ဘောများ ပို့လွှတ်ဖွယ်ရာရှိနေသည်။

စင်ကာပူရှိ ရာဂျာရက်တနန် နိုင်ငံတကာလေ့လာရေးတက္ကသိုလ်မှ ရေငုပ်သင်္ဘောကျွမ်းကျင်သူ ကောလင်းကို့က တိုးပွားလာသော အမေရိကန်ရေငုပ်သင်္ဘောများနှင့် လေ့လာစောင့်ကြည့်မှုများကို ဒေသအတွင်းမြင်တွေ့နိုင်ကြောင်း ပြောခဲ့သည်။ မလက္ကာရေလက်ကြားနှင့် နီကိုဘာကျွန်းတို့ကဲ့သို့ပင် အိန္ဒိယသမုဒ္ဒရာသည်လည်း အရေးပါလာပြီး အိန္ဒိယပင်လယ်ပြင်အတွင်း ပြုလုပ်ခဲ့သော ရေကြောင်းလေ့ကျင့်မှုများနှင့်အတူ တိုးတက်လာသော အမေရိကန်နှင့် ဆက်ဆံရေးသည်လည်းသိသာထင်ရှားလာသည်ဟု ကို့က ပြောခဲ့သည်။

အိန္ဒိယ၏ လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်

ရေငုပ်သင်္ဘောတိုက်ဖျက်ရေးတွင် ကမ္ဘာ့ထိပ်တန်းဖြစ်သော အမေရိကန်သည် ယင်းနယ်ပယ်တွင် အိန္ဒိယ၏စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးစီးဆင်းမှု၏ သုံးပုံနှစ်ပုံခန့် ဖြတ်ကျော်နေသော အိန္ဒိယသမုဒ္ဒရာကို လွှမ်းမိုးထားနိုင်ရန် နိုင်ငံတိုင်းက အစွမ်းကုန်အားထုတ်နေကြောင်း ကျွမ်းကျင်သူများက ပြောခဲ့သည်။

ဩစတြေးလျ အမျိုးသားတက္ကသိုလ်ရှိ အိန္ဒိယသမုဒ္ဒရာအတွင်း မဟာဗျူဟာပြိုင်ဆိုင်မှုအပေါ်လေ့လာနေသူ ဒေးဗစ်ဗျူစတာက ရေငုပ်သင်္ဘောစစ်ဆင်ရေး ပူးပေါင်းအဖွဲ့တွင် အမေရိကန်၏ မဟာမိတ်ဖြစ်သော ဩစတြေးလျပါဝင်ပြီး ရေငုပ်သင်္ဘောအသစ် ၁၂ စင်း မှာယူထားကြောင်း ပြောခဲ့သည်။

ပစိဖိတ်အနောက်ပိုင်းရှိ တရုတ်ရေငုပ်သင်္ဘောများကို ခြေရာခံရန် အမေရိကန်၏ မဟာမိတ်ဖြစ်သော ဂျပန်ရေငုပ်သင်္ဘောများကလည်း လေ့ကျင့်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လာ . . .

ရေငုပ်သင်္ဘောတိုက်ဖျက်ရေးတွင် ကမ္ဘာ့ထိပ်တန်းဖြစ်သော အမေရိကန်သည် ယင်းနယ်ပယ်တွင် အိန္ဒိယ၏စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးခဲ့ . . .

ကိုးကား-ရိုက်တာ

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)

Ph: 01-503472, 09 73001453, 09 30775232

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း

Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 11 May
9 - 12:00 (Sat + Sun) 14 May
1 - 4:00 (Sat + Sun) 14 May
10-11:30 (Mon~Thurs) 17 May

BASIC FOUR SKILLS ENGLISH
12 - 3:00 (Sat + Sun) 7 May
7:30-10:30 (Sat+Sun) 14,29 May
1 - 4:00 (Sat + Sun) 14 May
9 - 12:00 (Sat + Sun) 22 May
7:30 - 9 (Mon~Thurs) 23 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 22 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 30 May
12 - 3:00 (Sat + Sun) 4 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May

VOCAB ENRICHMENT
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 9 May
9 - 12:00 (Sat + Sun) 14 May

BASIC WRITING
7:30 - 9 (Mon~Thurs) 6 Jun

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 17 May
12 - 3:00 (Sat + Sun) 22 May
3:30 - 5 (Mon~Thurs) 30 May

BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 16 May
12 - 3:00 (Sat + Sun) 29 May

IELTS (Preparation)
7:30-9:30 (Mon~Thurs) 9 May

IELTS (Speaking)
7:30 - 9 (Mon~Thurs) 6 Jun

IELTS (Writing)
7:30 - 9 (Mon~Thurs) 9 May

BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon~Thurs) 9 May
7:30-10:30 (Sat + Sun) 14 May
9 - 12:00 (Sat + Sun) 14 May
7:30 - 9 (Mon~Thurs) 16 May

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 18 Jun

IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun

IELTS (Writing)
12:30-3:30 (Sat+Sun) 28 May

IELTS (Reading)
1 - 3:00 (Mon~Thurs) 6 Jun

IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun

မြန်မာ့ရိုးရာ ဗေဒင်ပညာစစ်စစ်ကိုမှ ဖတ်ရှုလိုသူများအတွက်

၁၃၇၈-ခုနှစ်

စံ-ဂဏိတ်

မြန်မာ့ရိုးရာအဋ္ဌဟောကိန်း

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး

မန္တလေးဖြန့်ချိရေး

ပိန်းဇလုပ်ကျောင်း ပရိယတ္တိစာသင်တိုက်

ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်

မူလတန်း၊ ပထမငယ်တန်း၊ ကိုရင်၊ ရဟန်းစာသင်သားများ အရေးအတွက်နှင့် လက်သင့်ခံနေပါသည်။ ရန်ကုန်မြို့

ပဓာနနာယက ဆရာတော် ဦးစာရိန္ဒ

၉/မနတ(သ)၀၀၀၅၀၁

ဖုန်း-၀၉-၂၅၀၁၅၁၄၆၃

အမည်ပြောင်း

ဦးသန့်ဇော်ဦး ၁၂/ဗတထ(နိုင်) ၀၀၁၀၅၄၏သမီး အထက(၁) ဒဂုံ Gread (4) D မှ မယမင်းဥမ္မာ အား မသန့်ကြည်စင်ဟု ပြောင်းလဲခေါ်ပါရန်။ မသန့်ကြည်စင်

ဘဏ်ချေးငွေနှုန်းထားတိုးမြှင့်ထုတ်ပေးမည့်သတင်းကြောင့် တောင်သူများ ဝမ်းသာ

ရေကြည် မေ ၄

ယခုနှစ် စပါးစိုက်ရာသီမှစတင်၍ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တောင်သူ လယ်သမားများအား ၂၀၁၆ ခု ဘဏ်ချေးငွေများ ထုတ်ချေးရာတွင် စပါးစိုက်တစ်ဧကအတွက် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ပေးမည် ဖြစ်ကြောင်း ကျေးရွာအုပ်စုများသို့ အကြောင်းကြားစာများအရ သိရသည်။

ထိုအကြောင်းကြားစာထဲတွင် နိုင်ငံတော်မှ တိုးမြှင့်ထုတ်ချေးမည့် နှုန်းသစ်ကို အပြည့်အဝခံစားနိုင်ရေးသည် တောင်သူများ၏ ချေးငွေဆပ်သည့် အချိန်ကာလအပေါ်မူတည်မည်ဖြစ်သဖြင့် တောင်သူများအနေဖြင့်လည်း ယခုအခါ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ သီးနှံများ ရိတ်သိမ်း ရောင်းချပြီးဖြစ်သည့်အတွက် ၂၀၁၅ မိုး၊ ဆောင်းချေးငွေနှင့် ကြွေးဟောင်း၊ ကြွေးကျန် များကို မေ ၁၀ ရက် နောက်ဆုံးထား၍ ပြေကျေအောင်ဆပ်နိုင်ရေး နှိုးဆော်ထားကြောင်းနှင့် နောက်ကျ ပေးဆပ်သူများအနေဖြင့် ဘဏ်ချေးငွေဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

"ဒီလိုတိုးမြှင့်ပြီး ချေးငွေချေးတာ ကျွန်တော်တို့ လယ်သမားတွေအတွက် မင်္ဂလာသတင်းပါ၊ နှစ်စဉ်လိုငွေပြနေတဲ့ စပါးစိုက်ပျိုး ရိတ်သိမ်းလုပ်ငန်းအတွက် တော့ အတိုးကြီးကြီးနဲ့ ချေးငှားပေါင်နှံ သုံးရတာ နည်းနည်းတော့ သက်သာသွားပါပြီ၊ စိုက်ပျိုးရိတ်သိမ်းစရိတ်ကလည်း လယ်တစ်ဧက စပါးဖြစ်ဖို့ ၁၇၂၀၀၀ ကျတယ်"ဟု ကြို့ကုန်းကျေးရွာမှလယ်သမား ကိုကျော်ဇေယျာလွင်က ပြောသည်။

ရေကြည်မြို့နယ်အတွင်း ဖြတ်သန်း တည်ဆောက်ထားသော ငဝန်ရေကာတာမှာလည်း ၂၀၁၆ ခုနှစ် တွင် အဆင့်မြှင့်တင်၍ အကြီးစားပြင်ဆင်မည်ဟု သတင်းများဖော်ပြခဲ့သော်လည်း ယခုအချိန်ထိ ဆောင်ရွက်ခြင်းမရှိသေး သလို မြို့နယ်အတွင်း ရေစီးရေလာမကောင်းသည့် ချောင်းကော၊ မြောင်းကောများကြောင့် မိုးစပါးများ ရေမြုပ်ပျက်စီးခြင်းဒဏ် နှစ်စဉ်လိုလိုခံနေရကြောင်းလည်း သိရှိရသည်။

သိန်းဇော် (ရွှေလီဦး)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ပေါက် မေ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ထိန်းချုပ်ကာကွယ်နိုင်ရေး ပညာပေးလုပ်ငန်းများအဖြစ် ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင် သာယာဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်ဥနှင့် ကြက်သား ရောင်းချလျက်ရှိသည့် ဈေးဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကြက်မွေးမြူရေးခြံများအား ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးပက်ဖျန်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၃ ရက် နံနက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ ကြက်သားများ ကိုင်တွယ်ရောင်းချရာတွင် စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ရန်၊ ကူးစက်ရောဂါ ဖြစ်ပွားသည်ဟု သံသယရှိသောဒေသတို့မှ ကြက်ဥနှင့်ကြက်သားများ ရောင်းချမှုမရှိစေရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများအား ကြက်မွေးမြူသူများအနေဖြင့် ကြက်ခြံများကို ပတ်ဝန်းကျင်တွင် အနံ့ဆိုးများမထွက်ရေး သန့်ရှင်းစွာ ထားရှိမွေးမြူကြရန်တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့က ပညာပေးပြောကြားပြီး ဝန်ထမ်းများက ကြက်မွေးမြူရေးခြံများအား ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးပက်ဖျန်းပေးခြင်းနှင့် ကြက်မွေးမြူရေးနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

သန်းနိုင်ဦး(ငဖဲ)

တရားမဝင်စက်သုံးဆီရောင်းချမှု အသိပညာပေးကာ လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူမည်

မန္တလေး မေ ၄

မန္တလေးမြို့တွင် တရားမဝင်စက်သုံးဆီ ရောင်းချမှုများပြားလာခြင်းကြောင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် စက်သုံးဆီအရောင်းဆိုင်များအား ဆက်လက်ရောင်းချခြင်းမပြုရန် မေလအတွင်း အသိပညာပေးခြင်းလုပ်ဆောင်သွားမည်ဖြစ်ကာ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တွင်း မော်တော်ယာဉ်များသုံးစွဲမှုများပြားလာခြင်းနှင့်အတူ စက်သုံးဆီဝယ်ယူမှု အဆင်ပြေလွယ်ကူမှုရှိသည့် တစ်နိုင်တစ်ပိုင်ရောင်းချနေသည့် လမ်းဘေးဆီဆိုင်များနှင့် Mobile pump ဆိုင်များမှ ဝယ်ယူသုံးစွဲမှုများလာခြင်းကြောင့် တရားမဝင်စက်သုံးဆီရောင်းချမှုများမှာ ကြီးထွားလာသည့်အတွက် ဆက်လက်ရောင်းချခြင်းမပြုရန် ပထမအဆင့်အနေဖြင့် အသိပညာပေးခြင်း လုပ်ဆောင်မည်ဖြစ်ကြောင်း မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ပြောကြားသည်။

"ဒီလို ရောင်းချနေတာက ဥပဒေနဲ့ မညီဘူး။ တရားဝင်ခွင့်ပြုချက်လည်း မရှိဘူး။ ဒါကြောင့် စက်သုံးဆီရောင်းချ ချင်တယ်ဆိုရင် သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ တရားဝင်ရောင်းချခွင့် လိုင်စင်လျှောက်ထားပြီး လွတ်လပ်စွာ ရောင်းချနိုင်မှာဖြစ်ပါတယ်။ မဟာအောင်မြေမြို့နယ်မှာလည်း တရားမဝင်ရောင်းချနေတဲ့ဆိုင်တွေ အရင်ထက်ပိုများလာတာ တွေ့နေရပါတယ်"ဟု ၎င်းကဆိုသည်။

ယခုကဲ့သို့ အပူချိန်မြင့်မားနေသည့် ကာလတွင် လောင်စာဆီရောင်းချမှုများမှတစ်ဆင့် မီးလောင်မှုဖြစ်စဉ်များမရှိစေရန်နှင့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကိုထိခိုက်ဆုံးရှုံးမှုမရှိစေရန်ရည်ရွယ်၍ အသိပညာပေးလုပ်ငန်းနှင့်အတူ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ရောင်းချမှုများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးခြင်း၊ တရားဝင်လိုင်စင်လျှောက်ထား၍ ရောင်းချနေသည့် ဆီဆိုင်များအတွက်လည်း နစ်နာကြောင်း သိရသည်။

တရားမဝင်ရောင်းချနေမှုများအား တည်ဆဲဥပဒေများဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဥပဒေများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

ရေရှားပါးနေသောကျေးရွာသို့ ရေလှူဒါန်း

မြန်အောင် မေ ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်လျက်ရှိသော ဆင်သေအုပ်စု လိန်တောကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၁၆၀၀ ကို စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မြန်အောင်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ မီးသတ်ရေသယ်ယာဉ်ဖြင့် မေ ၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းမောင်မောင် ၁၀/ခဆန(နိုင်)၀၁၉၇၂၀ ၏ Passport (No-မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

အမည်ပြောင်း

ဦးစိုးဝင်းနိုင် ၁၃/လရန(နိုင်)၀၁၇၂၀၉၏သား၊ လားရှိုးမြို့၊ အမှတ်၅၊ အထက(ခွဲ)ကျောင်း၊ ဆဋ္ဌမတန်းအောင် မောင်သတိုးစိုင်းဘုန်းမြတ်အား စိုင်းဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းဘုန်းမြတ်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘလှိုင် ၁၁/မတန(နိုင်)၀၂၆၀၃၅ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၁၃၃၃၂၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်း ၁၀/ခဆန(နိုင်) ၁၄၆၇၁၄ ၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

မွေးသက္ကရာဇ်အမှန်

ဦးငြိမ်း၏သမီး မော်လမြိုင်တက္ကသိုလ် (အဝေးသင်ဌာနခွဲ)၊ ပထမနှစ်၊ သမိုင်း (၁·သ·၁၉၇)(၀၀၃)မှ မသီတာမိုး ၃/ကဆက(နိုင်)၀၈၉၄၀၅ ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၇-၈-၁၉၉၅ ဖြစ်ပါကြောင်း။

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)
(၄၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ဖိတ်ကြားခြင်း

သဘင(၁)၏ (၄၃)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

(၁) ၇. ၅. ၂၀၁၆(စနေနေ့) ၀၉း၀၀ နာရီ - ဆွမ်းကပ်လှူပွဲနှင့် အာစရိယပူဇော်ပွဲ (ကျောက်ဆည်သင်း(ရန်ကုန်)မွေးရုံကြီး)
(၂) ၈. ၅. ၂၀၁၆(တနင်္ဂနွေနေ့) ၀၅း၃၀ နာရီ - ဆရာ/တပည့်ဂေါက်သီးရိုက်ပြိုင်ပွဲ (တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ)
(၃) ၈. ၅. ၂၀၁၆(တနင်္ဂနွေနေ့) ၁၈း၀၀ နာရီ - ညစာစားပွဲ (City Golf Resort Hotel) သီရိမင်္ဂလာလမ်း၊ အင်းစိန်။

ဆက်သွယ်ရန်။ ဖုန်း (၀၉-၄၃၀၂၈၁၀၅)၊ (၀၉-၅၀၁၈၄၉၃)၊ (၀၉-၅၀၆၄၃၉၄)၊ (၀၉-၂၅၄၈၈၉၉၄၈)၊ (၀၉-၄၉၅၃၄၃၃၂)။

ကျင်းပရေးကော်မတီ

ကရင်ပြည်နယ်အစိုးရအဖွဲ့
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း/တံတားလုပ်ငန်း၊ ဆိုလာမီးလင်းရေးလုပ်ငန်းများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၅-၂၀၁၆ ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၀-၅-၂၀၁၆ရက် (သောကြာနေ့)
(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - ၂၇-၅-၂၀၁၆ ရက် (သောကြာနေ့)

၂။ အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ဘားအံမြို့)၊ ဖုန်း-၀၅၈-၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄)
(၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ဖိတ်ကြားခြင်း

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုအားလုံးတက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

နေ့ဆွမ်းဆက်ကပ်ခြင်း ။ ၁၃-၅-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၀နာရီ အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ညစာစားပွဲအစီအစဉ်

(က) ရန်ကုန် ။ ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆နာရီ M (3) စားသောက်ဆိုင်
(ခ) နေပြည်တော် ။ ၁၄-၅-၂၀၁၆ရက် (စနေနေ့) ညနေ ၆နာရီ Western Park စားသောက်ဆိုင်၊ ဥတ္တရသီရိ
(ဂ) မန္တလေး ။ ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆နာရီ မင်္ဂလာမန္တလေး ကိုလာလာစားသောက်ဆိုင်

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်နေ မောင်ဉာဏ်လင်းကြည်နှင့် မကေခိုင်ဦးတို့၏ဖခင် ဦးငြိမ်းချမ်း၏ အမည်မှန်မှာ မင်းမွန်ငြိမ်းချမ်း ၁၀/မလမ(နိုင်)၁၅၄၀၉၉ ဖြစ်ပါကြောင်း။

မင်းမွန်ငြိမ်းချမ်း

ခုတင် (၁၀၀၀)နေ ရွှေလွန်းအိမ်(စားသောက်ဆိုင်)
ဘွားဘွား ဒေါ်နုနု၏မြေး
ဖေဖေ ဦးမြင့်ဇော် - မေမေ ဒေါ်ဝါဝါမိုး
တို့၏ သမီးဦးရတနာ
မဆုထည်ဝါဇော်(ခ)တုန်တုန်
၏ (၁)နှစ်ပြည့်မွေးနေ့မှ နှောင်နှစ်ပေါင်းများစွာ
ချစ်သောမိသားစုနဲ့အတူ ပျော်ရွှင်ပါစေ

ဘွားဘွား - **ဒေါ်နုနု**
ဖေဖေ - **ဦးမြင့်ဇော်**
မေမေ - **ဒေါ်ဝါဝါမိုး**
အန်တီကြီး - **ဇာဇာမိုး**
အန်တီလေး - **ဖွန်ဇင်မိုး**
မမ - **ပိုက်ပိုက်**
ကိုကို - **ကျော်သူရ**

မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၇၃ လမ်းနှင့် သဇင်လမ်းထောင့်၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၂-၅-၂၀၁၆ရက်မှ ၃၀-၅-၂၀၁၆ရက်အထိ
(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၃၀-၅-၂၀၁၆ရက်၊ ၁၆း၃၀နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၂-၇၈၆၅၄၊ ၀၂-၇၈၆၅၅တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ သုံးခွရပ်ကွက်၊ အပိုင်း(၁)၊ ခြံမြေကွက် ပေ ၇၀×ပေ၁၃၀ရှိ ခြံနှင့် မြေကွက်အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးမော်ဆာတော်ဘာကာမာလ် ၁၂/သကတ(နိုင်)၁၂၆၂၉၉ (အမှတ် ၂၇/၂၉၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်)ထံမှ ကျွန်ုပ်က စရန်ငွေပေးချေ၍ ဝယ်ယူရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အထက်အပိုဒ်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာပြောဆိုရန်ရှိသည့် မည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်ပြောဆိုကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ပြောဆိုကန့်ကွက်မှုအဝဝအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဇေဦး ၁၂/ဒဂတ(နိုင်)၀၂၀၅၉၅
အမှတ် ၁၃၃/ခ၊ နန္ဒဝန်လမ်း၊ (၂၀)ရပ်ကွက်၊ တ/ဒဂုံ၊
ဖုန်း-၀၉-၂၆၂၉၃၇၇၂၂

လားရှိုး၌ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေသူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၄

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု၌ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု ပြုလုပ်နေသောနေရာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဝင်ရောက်ရှင်းလင်းရာ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး တစ်ဦးတို့အား ဘိန်းဖြူဆပ်ပြာခွက် ၃၆ ခွက်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၀၊ ဘိန်းဖြူမှုန့် ပုလင်းအလုံး ၈၀၊ ဓားအရှည် ၁၂ ချောင်း၊ ဓားအတို ၁၂ ချောင်း၊ ဓားမ ရှစ်ချောင်း၊ ဆိုင်ကယ် ၁၇ စီးနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါအဖွဲ့အား ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ မြို့နယ်တပ်ဖွဲ့မှူး၊ အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စုမှူးနှင့် မြို့မရဲစခန်းတို့မှ ပူးပေါင်းရဲတပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ ရေပူစမ်းမှ လေးမိုင်ခွဲအကွာ ဟတ်ကာတောင်ကုန်းရှိ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု ပြုလုပ်နေသည့် အခိုင်အမာ ဆောက်လုပ်ထားသည့် တဲစခန်းအား ဝင်ရောက်စီးနင်းခဲ့ရာ နံနက် ၃ နာရီခွဲတွင် ဖမ်းဆီးရမိခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မတ်ပဲအိတ်များကို လုယက်သူများအား အချိန်တိုအတွင်းဖမ်းဆီးရမိ

ရန်ကုန် မေ ၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နေ ဦး----သည် ပေါင်းတည်မြို့ ပွဲရုံတစ်ရုံမှ မတ်ပဲ ၃၇၅ အိတ်တင်ဆောင်လာသည့် ယာဉ်အမှတ် ၆ဂ/---- Hyundai ယာဉ်ပျက်၍ ရပ်နားစဉ် ဧပြီ ၂၇ ရက် နံနက် ၂ နာရီက အမည်မသိလူများက ကားမိုးကာကို ဓားဖြင့်ခွဲ၍ မတ်ပဲ ၃၁ အိတ် ယူဆောင်သွားသဖြင့် ရွှေပြည်သာ မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည့်အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူများဖြစ်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ အငယ်လေး(ခ)ရင်ကိုကိုအောင်(ခ)မျိုးထက်အောင်နှင့် ငပေါ(ခ)ဟိန်းမင်းတို့ နှစ်ဦးအား နေအိမ်များမှ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ ဖော်ထုတ်ချက်အရ စိုးပိုင်၊ ငြိမ်းဝင်း၊ စိုင်းစိုင်း၊ ကျင်ဝှက်၊ ဖိုးသံလုံး၊ သန့်ဇင်မိုးတို့လည်း ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်းနှင့် ပျောက်ဆုံးသွားသော မတ်ပဲ ၃၁ အိတ်ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသော ငပေါ(ခ)ဟိန်းမင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၉ အမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးဖြစ်ပြီး အမှုတွင် ပါဝင်ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင် နေသော စိုးပိုင်မှာလည်း ပြစ်မှုပုဒ်မ-၃၈၀ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးတစ်ဦးဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ထွက်ပြေးတိမ်းရှောင်နေသော စိုးပိုင်၊ ငြိမ်းဝင်း၊ စိုင်းစိုင်း၊ ကျင်ဝှက်၊ ဖိုးသံလုံး၊ သန့်ဇင်မိုးတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မော်တော်ယာဉ်ပေါ်မှ မတ်ပဲအိတ်များကို လုယက်ယူဆောင်သွားသူများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား၌ အိုက်စ်များ ဖမ်းဆီးရမိ

မယ်ဆိုင် မေ ၄

မြန်မာနိုင်ငံသားများ သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၇၅၀ တန်ဖိုးရှိ အိုက်စ်များ ထိုင်း-မြန်မာ အမှတ်(၁)ချစ်ကြည်ရေးတံတား ထိုင်းဘက်၌ ဖမ်းဆီးရမိသည့်ဖြစ်စဉ် မေ ၃ ရက် မွန်းတည့် ၁၂ နာရီက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိုင်းဘက်တာဝန်ကျ အမှတ်(၂) လူပ်ရှားယန္တရားတပ်မှ ဗိုလ်ကြီးနိုင်းခစ်၊ အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်မှူး နိုင်းဆီရိဖန်းမိဆူထိဖွန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြန်မာနိုင်ငံ တာချီလိတ်မြို့ဘက်မှ ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်သို့ ထိုင်းနိုင်ငံသား နိုင်းတိုင်း(၃၃ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရာ အိုက်စ်ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၃ ကီလိုဂရမ်၊ အိုက်စ်တစ်ကီလိုဂရမ်လျှင် ကာလတန်ဖိုး ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၇၅၀ ခန့်အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ထိုင်းနိုင်ငံသားအား ဆက်လက်စစ်ဆေးရာ တာချီလိတ်မြို့ တာလေ့ဈေးအနီးတွင် မြန်မာနိုင်ငံသား ဇေယျာမင်း(၂၇ နှစ်) ဘဲရင်းရပ်ကွက်၊ ဇန်ကောက်မြို့နေသူမှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မယ်ဆိုင်ဟိုတယ်သို့ ပို့ဆောင်ခိုင်းပြီး ၎င်းမှ အခြားအငှားမော်တော်ဆိုင်ကယ်ဖြင့် နောက်မှ လိုက်ပါသွားခဲ့ကြောင်း၊ မယ်ဆိုင်ဟိုတယ်တွင် တည်းခိုလျက်ရှိသော မြန်မာနိုင်ငံသား အောင်ဆန်းမြင့်(၂၇ နှစ်) ဇန်ကောက်မြို့ ဖူးခက်ဆိပ်ကမ်းနေသူထံ ပို့ရန်ဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးသယ်ဆောင် ဖမ်းဆီးခံရသည့် ထိုင်းနိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသားနှစ်ဦးတို့အား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အကောက်ခွန်ဦးစီးဌာနရုံး၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ် ကျောက်မဲမြို့နှင့် သီပေါမြို့ကြား မိုင်တိုင်အမှတ် ၁၁၅/၆ မိုင်နှင့် ၁၁၅/၇ အတွင်း၌ မေ ၃ ရက်က ကုန်တင်ယာဉ်ကြီးတစ်စီး အရှိန်လွန်ကာ လမ်းဘေးတိမ်းမှောက်နေသည်ကို တွေ့မြင်ရစဉ်

ကိုမျိုး(ရွှေပေါက်ကံ)

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ အောင်သြဘာလမ်းနေ ဦးမြဝင်း ၁၂/ဥကမ(နိုင်) ၁၆၈၁၀၈ နှင့် ဦးမိုးဇော်ထွန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း ပေးပို့အပ်ပါသည်။

ဦးမြဝင်း(ခ)ဦးမိုးဇော်ထွန်း
၁၂/ဥကမ(နိုင်)၁၆၈၁၀၈

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3027 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ အာဇာနည်လမ်းနေ ဦးလှိုင်ဝင်းမှ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်- ၁၂)၊ စာတိုက်မြောက်၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ်(၂၀)ရှိသော အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယင်းမြေကွက်ကို မည်သည့်အတွက် မြေငှားဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူမည်သူမဆို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၁-၅-၂၀၁၆ ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို အဆိုပါဦးလှိုင်ဝင်းအား မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

ခင်မင်လေးစားစွာ ပန်ကြားခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားစုံညီ တွေ့ဆုံပွဲကြီးကို ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၃-၄-၅)ရက်၊ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂-၃-၄ ရက်များတွင် ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသားဟောင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် ခင်မင်လေးစားစွာ ပန်ကြားအပ်ပါသည်။

အရှင်မုနိဝရ	ဖုန်း-၀၉-၂၀၅၀၅၉၀
အရှင်ဇနိန္ဒ	ဖုန်း-၀၉-၂၅၆၁၇၁၈၁၆
ဒေါက်တာအရှင်ကုမုဒ	ဖုန်း-၀၉-၂၀၃၅၅၇၂
ဒေါက်တာအရှင်ဣန္ဒက	ဖုန်း-၀၉-၅၀၆၅၅၅၉
အရှင်သောဘန	ဖုန်း-၀၉-၉၇၅၆၈၉၂၀၂

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်လမ်းဦးစီးဌာနများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် တိုင်းရင်းသား ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူးရုံးသို့ တယ်လီဖုန်းနံပါတ် ၀၇၁-၂၃၇၆၄၊ ၂၂၅၄၁ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၅-၂၀၁၆ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် လမ်း/တံတားတည်ဆောက်ရေးနှင့် လိုအပ်သောအချက်အလက်ပုံစံ၊ တင်ဒါအာမခံကြေးပေးသွင်းမှုချလန်နှင့် ဈေးနှုန်းများပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးသို့ ၆-၆-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီအရောက် တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် တင်ဒါပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မုံရွာမြို့တွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
၀၇၁-၂၃၇၆၄၊ ၂၂၅၄၁

အက်သလက်တီကိုတို့ အဝေးဂိုးဖြင့် ဘိုင်ယန်ကိုအနိုင်ယူပြီး ဗိုလ်လုပွဲတက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဆီးမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မေ ၄ ရက် နံနက်ပိုင်းက ဂျာမန်မြေတွင် ဘိုင်ယန်မြူးနစ်နှင့် အက်သလက်တီကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ဘိုင်ယန်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပေမယ့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-နှစ်ဂိုးဖြင့် အက်သလက်တီကိုအသင်း အဝေးကွင်း သွင်းဂိုးကြောင့် ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပထမအကျော့ စပိန်မြေတွင် ဘိုင်ယန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး အိမ်ကွင်း၌ အနိုင်ရရှိရန် နည်းပြဂွာဒီယိုလာသည် ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ဘိုင်ယန်အသင်းသည် လီဝန်ဒေါ်စကီးကို အထောင်ထားကာ ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အက်သလက်တီကို အသင်းမှာ ၄-၄-၂ ပုံစံဖြင့် တောရက်စ်နှင့် ဂရေဇ်မန်းတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသည်။ အိမ်ရှင်ဘိုင်ယန်အသင်းသည် ပွဲစစချင်း ဖိအားပေးကစားခဲ့ပြီး နောက်တန်းကစားသမားဖြစ်သော အလာဘာနှင့် ဖီးလစ်လမ်းတို့သည် တိုက်စစ်ပိုင်းထိ ပံ့ပိုးကူညီကာ တိုက်စစ်မြှင့်ကစားခဲ့သည်။ နည်းပြဆီမြွန်နီ၏ အက်သလက်တီကို အသင်းသည် ခံစစ်ကစားကွက်ဖြင့် ဂိုးမပေးရရေး ပိတ်ဆို့ကစားခဲ့သည်။

ပွဲချိန် ၃၁ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း ၁၈ ကိုက်အပြင်ဘက် ပြစ်ဒဏ်ဘောရရှိကာ ကွင်းလယ်ကစားသမား အလွန်ဆိုကန်သွင်းခဲ့ပြီး အက်သလက်တီကို နောက်တန်းနှင့်ထိကာလမ်းကြောင်းပြောင်း၍ ဂိုးရရှိခဲ့သည်။ ဘိုင်ယန်အသင်း ဦးဆောင်ဂိုးရရှိ၍ ပွဲချိန် ၃၄ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ထပ်မံရရှိပြီး သောမတ်မူလာကန်သွင်းခဲ့ရာ အက်သလက်တီကို ဂိုးသမား အိုဘလက် လက်စွမ်းပြကာကွယ်ခဲ့သည်။

ဒုတိယပိုင်း ၅၄ မိနစ်တွင် ဘိုင်ယန်နောက်တန်း လူကျံဘောဖမ်းကစားရာက လွတ်ထွက်သွားပြီးတိုက်စစ်မှူး ဂရေဇ်မန်းက အက်သလက်တီကိုအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် ဗီဒယ်ဖန်တီးပေး၍ လီဝန်ဒေါ်စကီး ခေါင်းတိုက်သွင်းယူကာ ဘိုင်ယန်မြူးနစ်တို့ ပြန်လည်ဦးဆောင်လာနိုင်ခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် အက်သလက်တီကိုအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တောရက်စ် ကန်သွင်းခဲ့ရာ ဘိုင်ယန်ဂိုးသမား နူအာ လက်စွမ်းပြကာကွယ်ခဲ့၍ အက်သလက်တီကိုအသင်း ချေပဂိုးဆုံးရှုံးခဲ့သည်။ ဘိုင်ယန်အသင်း ပေးဂိုးတစ်ဂိုးပေးလိုက်ရ၍ ဂိုးပြတ်အနိုင်ရရှိရေး ပွဲချိန်ပြည့် ဖိကစားခဲ့သော်လည်း ထပ်မံဂိုးမရရှိဘဲ အကြိုဗိုလ်လုပွဲတွင်ရပ်တန့်ခဲ့ရသည်။

ဘိုင်ယန်အသင်းသည် ယခုနှစ်ရာသီချန်ပီယံလိဂ်ပွဲစဉ် တစ်လျှောက် အိမ်ကွင်းရလဒ်ကောင်းများရရှိပေမယ့် ဆီမီးဖိုင်နယ်နှစ်ကျော့ပေါင်း အိမ်ကွင်းပေးဂိုးတစ်ဂိုးကြောင့် နည်းပြဂွာဒီယိုလာ၏ ရာသီကုန်လက်ဆောင်ဖလား မျှော်လင့်ချက်ပျက်ပြယ်ခဲ့သည်။ ဂွာဒီယိုလာသည် ရာသီကုန်တွင် မန်စီးတီးသို့ ပြောင်းရွှေ့မည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလားရယူပေးခဲ့ရန် ရည်ရွယ်ထားသည်။ ဆီမြွန်နီလက်ထက် အကောင်းဆုံးအသင်းအဖြစ် အက်သလက်တီကို အသင်းရပ်တည်နေပြီး ကမ္ဘာ့အကောင်းဆုံး နောက်တန်းကိုပိုင်ဆိုင်ထားကာ ချန်ပီယံလိဂ်ဖလားဆွတ်ခူးရန် အကောင်းဆုံးအချိန်ဖြစ်သည်။

သီဟ



❖ *ကျောဖုံးမှ*

မြန်မာအမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က တာဝန်ယူ ကိုယ်တွယ်လျက်ရှိပြီး ဧပြီ ၂၅ ရက်မှ စတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းအသင်းကို ကစားသမား ၃၈ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း ၃၃ ဦးသာ လေ့ကျင့်လျက်ရှိပြီး ငါးဦးမှာ လာရောက်ခြင်း မရှိပေ။ ယခုရွေးချယ်ထားသည့် ပဏာမကစားသမားစာရင်းတွင် လက်ရွေးစင်ဘောလုံး ကစားသမားဟောင်းများဖြစ်သည့် စန်းစန်းမော်၊ သန်းသန်းထွေး၊ နီလာမြင့်တို့ပါဝင်လာပြီး သန်းသန်းထွေးမှာ ဒူးဒဏ်ရာကြောင့် လေ့ကျင့်နိုင်ခြင်း မရှိသေးပေ။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ယခုရက်ပိုင်းအတွင်း ပဏာမကစားသမားများလျှော့ချကာ ၂၅ ဦးဖြင့် စခန်းဝင်လေ့ကျင့်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဇွန်လဒုတိယပတ်တွင် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းတွင် နည်းပြချုပ်အဖြစ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြအဖြစ် ဒေါ်သီတာကြည်၊ ကစားသမားများအဖြစ် စန်းစန်းမော်၊ သန်းသန်းထွေး၊ ဝါဝါခိုင်၊ ခိုင်နှင်းသန့်၊ ဝတ်ရည်ထွန်း၊ ခင်မာလင်း၊ နန်းခမ်မို၊ ဇင်မင်းထွန်း၊ မေသက်ဖြူ၊ နီလာမြင့်၊ စန္ဒာထွေး၊ ပပဝင်း၊ ယုယုစိုး၊ ကေသီစိုး၊ မိဆက်၊ တင့်တင့်ထွန်း၊ ခိုင်မာဦး၊ နှင့်ပွင့်ဖြူ၊ သူဇာထွေး၊ ဆုပိုပိုကျော်၊ နွေးနန္ဒာ၊ နွယ်နွယ်စိုး၊ ဘေဝါးထူး၊ နန်းနိုင်နိုင်၊ ကေခိုင်စိုး၊ ပြည့်ပြည့်ဇော်၊ နန်းရွှေဇင်ဦး၊ သက်မျိုးခင်၊ သူဇာဝိုင်း၊ ဆုသွယ်သွယ်စိုး၊ ခင်မြတ်သူဇာမောင်၊ နန္ဒာဦးနှင့် အေးအေးဖြိုးတို့ ပါဝင်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်
ဘွဲ့လွန်သင်တန်းသားများခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း-နေပြည်တော်)တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
၁	ဆေးပညာဌာန	၁။ M.V.Sc(Medicine) ၂။ M.V.M.(Medicine) ၃။ Ph.D(Medicine)	B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc.(Medicine)
၂	ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန	၁။ M.V.Sc(Theriogenology) ၂။ M.V.M.(Surgery) ၃။ Ph.D(Theriogenology)	B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc.(Animal Reproduction/ Theriogenology)
၃	မွေးမြူရေးပညာဌာန	၁။ M.V.Sc(Animal Production) ၂။ M.V.Sc.(Animal Nutrition) ၃။ Ph.D(Animal Production) ၄။ Ph.D(Animal Nutrition)	B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc.(Animal Production) M.V.Sc.(Animal Nutrition)
၄	ရောဂါဗေဒနှင့် အဏုဇီဝဗေဒဌာန	၁။ M.V.Sc(Pathology) ၂။ M.V.Sc.(Microbiology) ၃။ Ph.D(Microbiology)	B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc.(Microbiology)
၅	ဆေးဝါးဗေဒနှင့် ကပ်ပါးဗေဒဌာန	၁။ M.V.Sc(Pharmacology) ၂။ M.V.Sc.(Parasitology) ၃။ M.V.Sc(Public Health) ၄။ M.V.Sc(Epidemiology) ၅။ Ph.D.(Pharmacology) ၆။ Ph.D(Epidemiology) ၇။ Ph.D.(Public Health) ၈။ Ph.D(Parasitology)	B.V.S./B.V.Sc. B.V.S./B.V.Sc. B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc.(Pharmacology) M.V.Sc.(Epidemiology) M.V.Sc.(Public Health) M.V.Sc.(Parasitology)
၆	ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန	၁။ M.V.Sc (Physiology) ၂။ M.V.Sc (Biochemistry) ၃။ M.V.M. (Clinical Pathology) ၄။ Ph.D (Physiology) ၅။ Ph.D (Biochemistry)	B.V.S./B.V.Sc. B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc. (Physiology) M.V.Sc. (Biochemistry)
၇	ခန္ဓာဗေဒဌာန	၁။ M.V.Sc. (Anatomy) ၂။ M.V.Sc (Histopathology) ၃။ Ph.D (Anatomy) ၄။ Ph.D (Histopathology)	B.V.S./B.V.Sc. B.V.S./B.V.Sc. M.V.Sc. (Anatomy) M.V.Sc. (Histopathology)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမှုရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးသုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(င) ဤတက္ကသိုလ်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်းတက်ရောက်နေဆဲ သင်တန်းသားများသည် ၁၈-၅-၂၀၁၆ရက်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ကျမ်းရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့ (Ph.D)သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(စ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်းနှင့် တိရစ္ဆာန်ဆေးပညာမဟာသိပ္ပံဘွဲ့ (M.V.M.)သင်တန်းသားများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်းအတွက် ၂၀၁၄ခုနှစ်အထိ B.V.S./B.V.Sc.ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ် (၆၅)မှတ်ရရှိရမည်။

(ဇ) တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ (M.V.M.)သင်တန်းအတွက် ၂၀၁၄ခုနှစ်အထိ B.V.S./B.V.Sc.ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်နှင့် ဆက်နွယ်သည့်ဘာသာရပ်တစ်ခုတို့တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ် (၆၅) မှတ်ရရှိရမည်။

(ဈ) ပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc.အခြေခံဘွဲ့ရရှိထားပြီး Veterinary Science Subjcet တစ်ခုခုဖြင့် ပြည်တွင်းပြည်ပ တက္ကသိုလ်တစ်ခုခုမှ Master ဘွဲ့ရရှိရမည်။

(ည) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှစစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နေ့မှစ၍ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ၃-၆-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။

လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကိုထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်။

စဉ်	ဘာသာရပ်	ရက်စွဲ	အချိန်
(က)	အင်္ဂလိပ်စာ	၆-၆-၂၀၁၆ရက်(တနင်္လာနေ့)	၉နာရီမှ ၁၂နာရီ
(ခ)	သက်ဆိုင်ရာဘာသာရပ်	၇-၆-၂၀၁၆ရက်(အင်္ဂါနေ့)	၉နာရီမှ ၁၂နာရီ

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့)တွင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား၁၇-၆-၂၀၁၆ရက် (သောကြာနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ လူတွေ့စစ်ဆေးမည်။ ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်းနှင့်ပါရဂူဘွဲ့သင်တန်းများကို ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၆၇-၄၁၆၆၅၉၊ ၀၆၇-၄၁၆၅၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/9993၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်ဦး ၁၂/တတန(နိုင်)၁၆၄၀၇၁၏နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၉၈၀၇၉၃

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့၊ ဦးစိုင်းဆိုက်၏သမီး ကျိုင်းတုံတက္ကသိုလ် တတိယနှစ် ပထဝီ(အောင်)နန်းစံခမ်း ၁၃/ကတန(နိုင်)၁၃၅၆၅၄နှင့် နန်းစမ်ခမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နန်းစံခမ်း(ခ)နန်းစမ်ခမ်း

အမည်ပြောင်း

မင်းဘူးမြို့၊ မန်းရေနံအိမ်ရာ (၁)နေ ဦးသိန်းအေး၏သား မင်းဘူးအိမ်ရာ အထက(ခွဲ)တတိယတန်းမှ မောင်အောင်မြင့်ကြည်အား မောင်အောင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်သန့်**

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းညဏ်လင်း ၁၀/ခဆန(နိုင်)၀၇၀၇၅၆ ၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8373 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/7788၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ထင်သာမြင်သာပြုပြင်စရာ

ကျူးကျော်ဆိုင်ခန်းများဖယ်ရှားနိုင်ရန် တရားရုံးသစ်မျက်နှာစာရှိ လမ်းဘေးဈေးဆိုင်များကို စံပြအဖြစ် ရှင်းလင်းဆောင်ရွက်ရန်လို

လှိုင်သာယာမြို့နယ်ရှိ မြို့နယ်တရားရုံးသစ်ကို တရားရေးရာ သင်တန်းကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာတွင် မတ် ၂၃ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး တရားရုံးသစ်မျက်နှာစာ၌ ခနိမိုးဝါးဖြင့် တည်ဆောက်ထားသော ဈေးဆိုင်များ အစီအရီဖွင့်လှစ်ထားသည့်အတွက် တရားရုံး၏ဂုဏ်ကို ထိခိုက်စေသည့်အပြင် တရားရုံးမှလည်း ခွင့်ပြုထားခြင်းမရှိကြောင်း မြို့နယ်တရားသူကြီးထံမှ သိရသည်။ **(ယာပုံ)**

"တရားရုံးရှေ့က ဈေးဆိုင်တွေကို ရုံးကခွင့်ပြုချက်မပေးဘူး။ မြေကစည်ပင်ပိုင်ဖြစ်တယ်။ စည်ပင်ကချထားပေးရမှာ။ ဖြစ်သင့်တာက စည်ပင်ကဆိုင်ခန်းရှိရင် တစ်ဆိုင်ကို ၁၀ ပေဖြင့် ၁၀ ပေပေါ့။ အခုယူချင်တဲ့ဆိုင်က ပေ ၂၀၊ ၃၀ အခန်းအကျယ်ကြီးယူကြတယ်။ နောက်ကျတဲ့ ဆိုင်ခန်းတွေက ၁၀ ဆိုင်လောက် ကျပ်ညပ်နေတယ်။ အတွင်းမှာက ကြီးကြပ်လို့ရပေမယ့် အပြင်ကျတော့ ကြီးကြပ်လို့ မရဘူး။ တရားရုံးက ရန်ပုံငွေရှာပါတယ်ဆိုတာလည်း အဖြစ်မခံနိုင်ဘူး။ကိုယ်တိုင်ကအစ စည်းကမ်းလိုက်နာရမယ်။ တိုက်ရိုက်ကတော့ စည်ပင်နဲ့ထွေ အုပ်ပဲ။ ရုံးကကားတွေရပ်ဖို့ ကားစတင်းဆိုင်းဘုတ်နေရာကို ရွှေ့နေလို့မလုပ်ကြပါနဲ့လို့ တားထားရတယ်"ဟု မြို့နယ်တရားသူကြီး ဦးအောင်မင်းက ပြောသည်။

အဆိုပါတရားရုံးမျက်နှာစာမှ ဈေးဆိုင်ခန်းအသစ်များသည် ယခင်ရန်ကုန်-ညောင်တုန်းကားလမ်းမကြီး နံဘေးစုပေါင်းရုံးလမ်းပေါ်ရှိ တရားရုံး မျက်နှာစာမှ ဈေးဆိုင်တန်းများဖြစ်ပြီး ဆိုင်ခန်းပေါင်း ၂၀ ခန့်ရှိသည်။ လမ်းဘေးဆိုင်များမှာ ပွဲစားများစုဝေးရာ နေရာဖြစ်ခဲ့ပြီး ဈေးသည်နှင့် ဆိုင်ကယ်ကယ်ရီတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများကို တရားရုံးဟောင်းရှေ့တွင် ရုံးဖွင့်ရက်များ၌ ကြုံတွေ့ခဲ့ရသည်။

"အခုဈေးဆိုင်တွေက တရားရုံးဟောင်းနေရာကနေ ပြောင်းရွှေ့သွားတဲ့ဈေးဆိုင်တွေပါ။ မနက်ဖြန်ဒိုင်စုက ကျူးကျော်တဲ့တွေရှင်းလင်းပြီးရင် တရားရုံးရှေ့က ဈေးဆိုင်တွေကို စစ်ဆေးပြီး ရှင်းလင်းဆောင်ရွက်မယ်လို့စီစဉ်ထားပါတယ်"ဟု ဧပြီ ၂၈ ရက်က မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးဦးခင်မောင်ကြီးက ပြောကြားခဲ့ပြီး မေ ၂ ရက်အထိ ဖယ်ရှားရှင်းလင်းနိုင်မှု မရှိသေးကြောင်း သိရသည်။

ယခင်တရားရုံးဟောင်းနေရာရှေ့တွင်ရှိသော ဈေးဆိုင်ခန်းပေါင်း ၂၀ ခန့်မှ ဆိုင်ခန်းဝါးတဲများကိုလည်း ရှင်းလင်းသိမ်းဆည်းရန် ကျန်ရှိနေပြီး တရားရုံးသစ်မျက်နှာစာတွင်လည်း ဈေးဆိုင်များ အစီအရီ တည်ဆောက်ထားခြင်းဖြစ်သည်။ မြို့နယ်စည်ပင်သာယာမှ ဆိုင်ခန်းအရေအတွက် စာရင်းကောက်ယူခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ခြင်းတို့ကို ယခင်ဆိုင်ခန်းဟောင်းနေရာတွင် ဆောင်ရွက်ခဲ့သည်။ ဆိုင်ခန်းများ ဒဏ်ငွေဆောင်ရာတွင် တစ်ဆိုင်နှင့် တစ်ဆိုင်မတူညီကြောင်း တရားရုံးသစ်မျက်နှာစာတွင် ဈေးဆိုင်ဖွင့်ထားသည့် ဆိုင်ရှင်အမျိုးသမီးတစ်ဦးက ပြောကြားသည်။

မြို့နယ်အတွင်းရှိ လမ်းဘေးကျူးကျော်ဆိုင်များ ရှင်းလင်းရန်အတွက် မြို့နယ်တရားရုံးရှေ့မှ ဆိုင်ခန်းများကိုဦးစွာ ရှင်းလင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များက ဝေဖန်ပြောကြားလျက်ရှိသည်။ **(၁၆၄)**

မြန်အောင်မြို့နယ်အတွင်း၌ လေပြင်းတိုက်ခတ်၍ ပျက်စီးခဲ့သည့် အိမ်ထောင်စုဝင်များကို ထောက်ပံ့

မြန်အောင် မေ ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီးမိုးရွာသွန်းမှုကြောင့် ကျေးရွာအုပ်စုများအတွင်း ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုဝင်များကို မေ ၂ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးအပ်သောကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် တာဝန်ရှိသူတို့က အင်ပင်အုပ်စု အင်ပင်ရွာမှ မိုးကြိုးပစ်သံကြား၍ ထိတ်လန့်သေဆုံးနေသူ ဒေါ်မြင့်မြင့်အေး (၃၈)နှစ်နှင့် ကညင်ငူအုပ်စု ကညင်ငူရွာသစ်မှ ဘွတ်အင်းဇောင်းအနီး နွားကျောင်းနေစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့သူ ကိုအောင်တင်ဝင်း (၃၅)နှစ် တို့၏ မိသားစုဝင်များကို ထောက်ပံ့ငွေကျပ်တစ်သိန်းစီ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ လေဘေးသင့်ကျေးရွာအုပ်စုများမှ လေဘေးသင့်အိမ်ထောင်စုဝင်များကို ပြိုကျပျက်စီးသွားသော အိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးနှင့် အမိုးလန်အိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တတိယအကြိမ် ဆန်းဒေးဖောင်ဒေးရှင်း စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ ရက်က ကျင်းပရာ ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ သွေးလှူရှင်ဝန်ထမ်း ၄၀၀ ခန့် လာရောက်သွေးလှူဒါန်းကြစဉ်။
တင်စိုး(မြန်မာ့အလင်း)

နှစ်(၇၀)ပြည့်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပေါက် မေ ၄

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် နှစ်(၇၀)ပြည့်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်းနှင့်မြို့ပေါ်ဘုရား စေတီပုထိုးများနှင့်ရုပ်ပွားတော်များ ရေသပ္ပာယ်ကောင်းမှုကုသိုလ်ပြုခြင်းကို မေ၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး လေသာတောင်ဘုန်းတော်ကြီး ကျောင်းတိုက်နှင့် ကံကြီးကျောင်းတိုက်ရှိ စေတီပုထိုးများနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ဘုရားတန်ဆောင်းနှင့်ဘုရားရင်ပြင်တော်ပေါ်၌ တံမြက်စည်းလှည်းပေးခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဉာဏ်တိုး(ပေါက်)

သတင်းတိုများ

လူငယ်များစာကြည့်အသင်း တစ်နှစ်ပြည့်အခမ်းအနားကျင်းပ

မန္တလေး မေ ၄

မန္တလေးတောင်ခြေလူငယ်များ စာကြည့်အသင်း ပြန်လည်ဖွင့်လှစ်သည့် တစ်နှစ်ပြည့်အခမ်းအနားကို မေ ၂ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတောင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး တစ်နှစ်တာကာလအတွင်း စာဖတ်အား အကောင်းဆုံးရရှိသူများကို မန္တလေးတောင်တော်ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်း၊ အဖွဲ့ဝင် ဦးကိုကိုလေးနှင့် ဦးလှငွေတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါစာကြည့်တိုက်ကို ၁၉၇၁ ခုနှစ် မေ ၁ ရက်က ဗမာ့ခေတ် သတင်းစာ ဦးအုန်းခင်၊ စာရေးဆရာမ ဒဂုန်ခင်ခင်လေး မိသားစုက စတင်တည် ထောင်ခဲ့ခြင်းဖြစ်ပြီး လူထု ဦးလှ၊ ဆန်းထွန်း(မန်းတက္ကသိုလ်)၊ မောင်စွမ်းရည် စသည့် မန္တလေး၏အထင်ကရ စာရေးဆရာများ တက်ရောက်ချီးမြှင့်ကာ ဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မံစီမြို့၌ ထရန်စဖော်မာ အသစ်ဖွင့်လှစ်

မံစီ မေ ၄

ကချင်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျေးလက်ဒေသမီးလင်းရေး ဆောင်ရွက်လျက်ရှိသော ဗန်းမော်ခရိုင် မံစီမြို့နယ် ရေခူးမံခံကျေးရွာ၊ ကုန်းထိန်ကျေးရွာ၊ မံဝိန်းလေးကျေးရွာ၊ ဟန်ထက်ကျေးရွာတို့ကို မန်စီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်အောင်ဖြူ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်လျှပ်စစ်မှူး ဦးဇော်လင်းထွန်းတို့က ဧပြီလ စတုတ္ထပတ်က လျှပ်စစ်ဓာတ်အား စတင်ထည့်သွင်း ပြီးဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဆင်းပွဲကို ဧပြီ လနောက်ဆုံးပတ်က အထက်ကြည့်မြင်တိုင်လမ်းရှိ အလက(၄)၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။
ဘော်ဂါသွေး

ဒီဇယ်အင်ဂျင်ပြုပြင်ခြင်း သင်တန်းဖွင့်

လေးမျက်နှာ မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင်ခြင်းသင်တန်းကို မေ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက သင်တန်းပို့ချခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ သင်တန်းသားများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၁ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၁၄ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဝဝဝ

ရေရှားပါးသည့်ကျေးရွာများအား သောက်သုံးရေလှူဒါန်း

ရွှာင် မေ ၄

ရှမ်းပြည်နယ်နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွှာင်မြို့နယ်အတွင်းရှိ ရေရှားပါးသည့်ကျေးရွာများဖြစ်သည့် ဒုတ္ထိုးရေကျေးရွာအုပ်စုနှင့် ဆတ်ခြံကျေးရွာအုပ်စုများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် မေ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာများသို့ ရေသွားရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအေးမင်းစိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းတို့ကဦးဆောင်၍မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှရေသယ်ယာဉ်ခြောက်စီးဖြင့် ရေဂါလန် ၇၂၀၀ လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းမှုကြောင့် ဒုတ္ထိုးရေကျေးရွာအုပ်စုနှင့်ဆတ်ခြံကျေးရွာအုပ်စုများမှ အိမ်ခြေ ၈၁၃အိမ်နှင့်လူဦးရေ ၃၅၆၄ ဦးသောက်သုံးရေများရရှိပြီး ရေလိုအပ်သည့်ကျေးရွာများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့် သောက်သုံးရေများဆက်လက်၍ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရွှာင်)

သီပေါ ရွာသစ်ကျေးရွာမှ ရှေးဟောင်းစေတီ ပြန်လည်ပြုပြင်မည်

သီပေါ မေ ၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွာသစ်ကျောင်းစုကျေးရွာ မတ္တရာ၊ ကန်သာ၊ ဘဏ္ဍာ(သိမ်ကုန်း) စသည့် ဘုန်းတော်ကြီး ကျောင်းဝင်းများတွင် ရှေးနှစ်ပေါင်း ၃၀၀ ကျော်က စော်ဘွားကြီးများ စေတီ၊ ကျောင်းကန်ဘုရား ပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်။

၁၀၇၆ ခုနှစ်တွင် စော်ဘွားကြီး စဝ်ဥက္ကာဇေယျသည် အုန်းဘောင်မြို့မှ အရှေ့မြောက်အရပ်သို့ ပြောင်းရွှေ့၍ အုန်းဘောင်၊ သီပေါမြောက်မြို့ မြို့သစ်တည်ခဲ့ပြီး ဘဏ္ဍာအမတ်ကြီး ဦးမြတ်မွန်-ဒေါ်ခရုတို့က ဘဏ္ဍာကျောင်းတိုက်ကြီးကို ၁၂၃၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဉာဏ်တော် ၁၂ ပေ ၁၀ လက်မရှိ နီးဘုရား(ဖုရားအင်ဆမ်)ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း ကျောင်းတိုက်ရှိ ကျောက်စာ၌ တွေ့ရသည်။

ထို့အပြင် ဘဏ္ဍာဘုန်းတော်ကြီး ကျောင်းတိုက်ဝင်းအတွင်း၌ ပုဂံခေတ်လက်ရာ ရှေးဟောင်းစေတီတော်ကြီးတစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ကြရာ နှစ်ပေါင်းများစွာကြာမြင့်နေသည့်အလျောက် ပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်နိုင်ရန် မြို့နယ် ဥပဒ္ဓမ္မက အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးစိုင်းချစ်လှိုင်၊ မြို့မိမြို့ဖများ၊ ကျေးရွာလူကြီးများနှင့် သတင်းမီဒီယာများ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဟောင်းစေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရန် ရန်ကုန်နှင့်မန္တလေးမြို့များမှ အလှူရှင်များ ဘုန်းကြီးထံ ရောက်ရှိလာကြပြီး အိပ်မက်ထဲ၌ ဖူးမြော်ရသော စေတီတော်ကြီးဖြစ်နေ၍ ပြန်လည်ပြုပြင်ရာတွင် ပါဝင်လှူဒါန်းလိုကြောင်း၊ အနည်းဆုံး ငွေကျပ်သိန်း ၂၅၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်းပါကြောင်း၊ ထို့ကြောင့် အခုရောက်ရှိလာကြသော ဒကာကြီးများအနေဖြင့် ဘုရားကြီးပြန်လည်ပြုပြင်ရေးမှာ ဦးစီးကော်မတီနဲ့ လုပ်ငန်းဆပ်ကော်မတီများနှင့် စနစ်တကျဖွဲ့စည်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံကြောင်း ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသအရှင်သူမြတ်က မိန့်ကြားသည်။

ရှေးဟောင်းစေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရာတွင် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဘဏ္ဍာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသအရှင်သူမြတ်၊ မြို့နယ်ဥပဒ္ဓမ္မက အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးစိုင်းချစ်လှိုင် ဖုန်း ၀၉-၄၀၃၇၆၁၀၄၇ နှင့် ၀၉-၄၀၃၇၁၁၃၀၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

သောက်သုံးရေ အခက်အခဲရှိသော ငနက်ကြီးကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေ

မော်လမြိုင်ကျွန်း မေ ၄

ပင်လယ်ရေငန်နှင့် ထိစပ်နေသော မော်လမြိုင်ကျွန်းမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ငနက်ကြီးကျေးရွာမှ သောက်သုံးရေ အခက်အခဲရှိသော ဒေသခံပြည်သူများအား သောက်သုံးရေဖြန့်ဝေပွဲကို ဧပြီလနောက်ဆုံးပတ်က သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ယင်းသောက်သုံးရေများ ဖြန့်ဝေနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အောင်ဇော်ထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လှိုင်းဘုန်းရဲစခန်းမှူး ရဲအုပ်ဝင်းဇော်အောင်နှင့်ရဲတပ်ဖွဲ့ဝင်များသည် သောက်သုံးရေအခက်အခဲရှိနေသော ငနက်ကြီးကျေးရွာအိမ်ခြေ ၂၀ ရှိ ဒေသခံပြည်သူ ၁၂၀ အတွက် သောက်သုံးရေ ရေဂါလန် ၂၀၀၀ တို့အား မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကျေးရွာ၊ နေအိမ်အရောက် ကွင်းဆင်းသယ်ပို့ ဖြန့်ဝေပေးကြသည်။ (ဓာတ်ပုံ)

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကျရောက်ကာ အပူရှိန်ပြင်းသဖြင့် ငနက်ကြီးကျေးရွာရှိ ရေဂါလန် ၅၀၀၀ ဆံ့ သောက်သုံးရေကန် နှစ်ကန်တို့မှာလည်း ရေခန်းခြောက်လာသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ငနက်ကြီးကျေးရွာ ပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

စွယ်တော်ရှင်စေတီတော် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံမည်

ဂန့်ဂေါ မေ ၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာရှိ ဂန့်ဂေါမြို့နယ်၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်စွယ်တော်ရှင်စေတီတော်မြတ်ကြီးသည် ဧပြီ ၁၃ ရက် ည ၈ နာရီခွဲခန့်က ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်ပြုတ်ကျခြင်း၊ စေတီတော်အပေါ်ပိုင်း အက်ကြောင်းဖြစ်ပေါ်ခြင်းစသည့် ယိုယွင်းပျက်စီးမှုအချို့ဖြစ်ပေါ်ခဲ့ရာ ပျက်စီးယိုယွင်းသွားသော စေတီတော်အစိတ်အပိုင်းများ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ရှေးဟောင်းသမိုင်းဝင် စွယ်တော်ရှင်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

ပုလဲ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် တိုင်းရင်းဆေးကုသဌာနသည် အယ်နီညိုရာသီဥတု၏ ရိုက်ခတ်မှုဒဏ်ကြောင့် အပူဒဏ်ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မေ ၁ ရက် နံနက် ၇ နာရီက မွေ့တုံကျေးရွာသို့ ကွင်းဆင်း၍ ပညာပေးဆွေးနွေးခဲ့ပြီး ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပုလဲမြို့နယ် တိုင်းရင်းဆေးကုသဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသူစိုး၊ ဒုလက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ယဉ်ယဉ်နုနှင့် ဆေးခန်းအကူ ဒေါ်ချိုချိုဝင်းတို့သည် ကျေးရွာနေပြည်သူ ၈၀ ကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့သည်။

အလားတူ ဧပြီ ၃၀ ရက်က ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာသို့ သွားရောက်၍ အပူဒဏ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျေးရွာနေပြည်သူ ၁၁၃ ဦးတို့ကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

အမ်းမြို့နယ် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

အမ်း မေ ၄

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်း ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ ဧပြီလနောက်ဆုံးပတ်က ရေဂါလန် ၃၉၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရေရှားပါးသော ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေယာဉ်ဖြင့် ဧပြီလနောက်ဆုံးပတ်က အိမ်ခြေ ၁၆၅ အိမ်၊ အိမ်ထောင်စု ၂၀၃ စု၊ လူဦးရေ ၆၇၈ ဦး နေထိုင်သည့် အမ်းမြို့နယ်ရှိ ကျေးရွာများသို့ သောက်သုံးရေ ရေဂါလန် ၂၀၀၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သီးခြားဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စဉ့်ကိုင်တွင် ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ပေး

စဉ့်ကိုင် မေ ၄

စဉ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာအုပ်စု မြို့ဝန်ကုန်းကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် တွင်းကျယ်မှ မော်တာဖြင့်တစ်ဆင့် ရေတင်၍ ရေပေးဝေရန် ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်ကို မေ ၂ ရက် နံနက် ၉ နာရီက တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေလှောင်ကန်တည်ဆောက်ခြင်းကို ရက် ၁၀၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက ရေကန်အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်၊ ကျေးရွာများဖြစ်သော မြို့သစ်ရပ်ကွက်၊ သင်္ဂတုံကျေးရွာ၊ မြို့ဝန်ကုန်းကျေးရွာအိမ်ခြေ ၅၂၉ အိမ်မှ လူဦးရေ ၂၉၃၂ ဦးအတွက် သောက်သုံးရေအလွယ်တကူသုံးစွဲရမည့်အပြင် မြို့ဝန်ကုန်းကျေးရွာအတွင်းသို့ ရေပိုက်လိုင်းများဖြင့် စနစ်တကျသွယ်တန်းပြီး လွယ်လင့်တကူသန့်ရှင်းသော သောက်သုံးရေများ သုံးစွဲနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာစန်းကပြောသည်။

တင်တင်ထွေး(စဉ့်ကိုင်)

မြောက်ဦးမြို့၌ ကွန်ပျူတာအခြေခံ သင်တန်းဖွင့်

မြောက်ဦး မေ ၄

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြောက်ဦးမင်းသမီးဟိုတယ်တွင် ဖွင့်လှစ်သည့် ကွန်ပျူတာ အခြေခံသင်တန်းကို မေ ၂ ရက်က အဆိုပါ ဟိုတယ်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် တာဝန်ခံညွှန်ကြားရေးမှူး ဦးရဲအောင်မိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းကို သင်တန်းသူ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ ရေများဖြန့်ဝေလှူဒါန်း

နတ်မောက် မေ ၄
သောက်သုံးရေရှားပါးသည့် နတ်မောက်မြို့နယ်အတွင်းသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ကြီးကြပ်မှုဖြင့် ပင်မစစ်လက်နက်ပစ္စည်းတပ် (နတ်မောက်) တပ်မှတပ်မှူး ဗိုလ်မှူးကြီးထွန်းထွန်းနိုင်ဦးစီး၍ မေ ၂ရက်က အရာရှိစစ်သည်များနှင့်အတူ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ထိုသို့လှူဒါန်းရာ နတ်မောက်မြို့နယ် အိုင်ဇောက် ကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာ၊ ကြူချောင်းကျေးရွာနှင့် သမုန်းပင်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာတို့မှ ပြည်သူများအတွက် သောက်သုံးရေဂါလန် ၁၂၀၀ ဆံ့ ရေဘောက်ဆာကားဖြင့် တစ်ရွာခြင်းဖြန့်ဝေ၍ စုပေါင်းရေဂါလန် ၇၂၀၀ ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက နှစ်စဉ်နွေရာသီမှာ အလွန် ရေရှားပါးတဲ့ရွာကလေးဖြစ်သလို မြေအောက်စက်ရေတွင်း တူးလို့မရတဲ့အတွက် ရွာရဲ့အနောက်ဘက်ချောင်းမှ ကိုယ့်အားကိုယ်ကိုး လက်ယက်တွင်းကို အမှီပြုသုံးစွဲနေရပါတယ်။ ဒါပေမယ့် ဒီနှစ် ရာသီဥတုဖောက်ပြန်ပြီး သောက်သုံးရေ ခက်ခဲနေချိန်မှာ တာဝန်ရှိသူတွေ သောက်သုံးရေလာရောက်လှူဒါန်းပေးတဲ့တွက် တစ်ရွာလုံးဝမ်းသာနေကြပါတယ်"ဟု ကန်ကြီးကုန်းကျေးရွာ တောင်သူတစ်ဦးက ပြောသည်။

လှုဝင်း(နတ်မောက်)

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ မုံရွာတွင် ဖွင့်လှစ်

မုံရွာ မေ ၄
စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းအား မုံရွာမြို့ရတနာပုံရပ်ကွက်ရှိ မီးသတ်အဆောက်အအုံခန်းမ၌ ဧပြီလနောက်ဆုံးပတ်က စတင်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။**(ယာပုံ)**

"အခု ဖွင့်လှစ်တဲ့ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းမှာ ဒေသထွက် သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ သံပရာသီး၊ မန်ကျည်းသီး၊ သဘော်သီး၊ သရက်သီးစတဲ့ သစ်သီးတွေကနေတစ်ဆင့် ယို၊ ဖျော်ရည်နဲ့ ဂျယ်လီ ထုတ်လုပ်နည်းတို့ကို တတ်မြောက်သည်အထိ အဓိက သင်ကြားပေးတာဖြစ်ပါတယ်။ ဒါ့အပြင် လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်း သင်တန်းတွေလည်း ဆက်လက် သင်ကြားပို့ချပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သင်တန်းကို ဧပြီ ၂၉ ရက်မှ မေ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချခဲ့ရာ အဆိုပါသင်တန်းအား ရပ်ကွက်မှ ဒေသခံများ လာရောက်သင်ယူကြားခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ပြည်မြို့တွင် မေ ၂ ရက် ညနေ ၅ နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဗိုလ်ချုပ်လမ်းမပေါ် နာရီစင်အနီးရှိ ရေတမာပင် တစ်ပင်ပြိုလဲခဲ့ရာ အဆိုပါသစ်ပင်သည် မြို့တွင်း လိုင်းပြေးဆွဲလျက်ရှိသည့် လိုက်ထရပ်ယာဉ်တစ်စီးပေါ်သို့ပိကျခဲ့၍ ယာဉ်ဦးခေါင်းပိုင်း ပျက်စီးခဲ့ပြီး သက်ဆိုင်ရာမှ ရှင်းလင်းပေးနေစဉ်။
မျိုးကျော်ကြီး (ပြန်/ဆက်)

ပိတ်ဆို့နေသော ရေနုတ်မြောင်းအား ရေစီးရေလာကောင်းစေရန်ဆောင်ရွက်

ပင်းတယ မေ ၄

ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ဆင်ခေါင်းရပ်ကွက် (ကြိုသက် အထက) ကျောင်းဝင်းအတွင်းမှ ဆင်ခေါင်းရပ်ကွက်ရှိ ရေနုတ်မြောင်းအတွင်းသို့စီးဆင်းကာ ဒေသဦးစီးအဖွဲ့ရုံးအတွင်းသို့ ဆက်လက်စီးဆင်းပြီး ရွှေဥမင်ဘုရားသို့သွားသည့် မိန်းလမ်းမကြီးပေါ်သို့ဖြတ်ကာ စီးဆင်းလျက်ရှိသော ရေနုတ်မြောင်းမှာ ပိတ်ဆို့နေသည်။ ကြိုသက် အထကကျောင်းအား ကာရံထားသော တံတိုင်းများမှာ ရေစီးတိုက်စားခြင်းကြောင့် ပြိုကျခြင်း၊ ရေစီးအားကြောင့် ရွှေဥမင်ဘုရားသွားသည့် ကားလမ်းမကြီး ရေလွှမ်းသဖြင့် အမှိုက်သရိုက်များ၊ မြေကြီးများ ကားလမ်းပေါ်တင်ကျန်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေနုတ်မြောင်းကို ဆင်ခေါင်းရပ်ကွက်မှ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ/ရပ်ကွက်သားများက ပိတ်ဆို့နေသော အမှိုက်သရိုက်များနှင့် ရွှံ့နွံများကိုဆယ်ယူသန့်ရှင်းခြင်း၊ ရေမြောင်းအတွင်း၌ အမှိုက်နှင့်နုန်းများမတင်ကျန်စေရေးအတွက် ပေါင်းပင်ကိုင်းပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုလက်ရှိဖြစ်ပေါ်နေသော ရေနုတ်မြောင်းပိတ်ဆို့မှုနှင့်ပုန်းတလုပ်ရေကန်အတွင်းသို့ ရေများကောင်းမွန်စွာစီးဝင်နိုင်ရန်အတွက် မကြာမီအချိန်ကာလအတွင်းတွင် ရေမြောင်းများ၊ တံတားများ တူးဖော်ဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေး

လပ္ပတ္တာ မေ ၄
ကျေးလက်ဒေသများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ သဃ်န်းကြီးကျေးရွာအုပ်စု နလင်ကျော်ကျေးရွာတွင် ဧပြီလနောက်ဆုံးပတ်က ကျေးရွာပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ဟောပြောခဲ့ပြီး ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းဖြစ်သည့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို ကျေးရွာနေပြည်သူများမှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
ဝင်းကျော်မြင့် (ပြန်/ဆက်)

အခွန်ကောက်ဥပဒေဆိုင်ရာရှင်းလင်းပွဲ ကျင်းပ

သီပေါ မေ ၄

ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့နယ် အခွန်ဦးစီးဌာနမှကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်၏ ဥပဒေပါအထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာအချက်အလက်များရှင်းလင်းခြင်းအခမ်းအနားကို ဧပြီလနောက်ဆုံးပတ်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးအောင်စိုးက အခွန်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်ပြည် ထောင်စု၏အခွန်အကောက်ဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားတို့တည်းခိုခန်း၊ စျေးဆိုင်၊ စက်သုံးဆီဆိုင်၊ ယာဉ်ပိုင်ရှင်နှင့် ကုန်သည်ပွဲစားများစသည့်အခွန်ထမ်း ပြည်သူ ၂၀၀ ခန့်တက်ရောက်ကြပြီးမရှင်းလင်းသည့်အချက်များကို မေးမြန်းကြရာမြို့နယ်အခွန်ဦးစီးမှူးဦးအောင်စိုးကပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

သောက်သုံးရေခက်ခဲသော ကျေးရွာများသို့ ရေလှူဒါန်း

မြောက်ဦး မေ ၄

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်အတွင်းတွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် ရေတွင်း၊ ရေကန်များတွင် ရေခန်းခြောက်၍ အခက်အခဲများနှင့် ကြုံတွေ့နေရသည့် ရပ်ကွက်/ ကျေးရွာများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြောက်ဦးခရိုင် လမ်းဦးစီးဌာနဝန်ထမ်းများက မင်းပြားမြို့ပေါ် ရပ်ကွက်များဖြစ်သော အောက်ရွာပိုင်းရပ်ကွက်၊ မင်းဘာကြီးရပ်ကွက်၊ စျေးဟောင်းပိုင်းရပ်ကွက်၊ အမှုထမ်းရပ်ကွက် စသောရပ်ကွက်များနှင့်ကျေးရွာများသို့ မေ ၁ ရက် နံနက်မှစတင်၍ သောက်သုံးရေများလှူဒါန်းလျက်ရှိကြောင်း သိရသည်။
(ခရိုင် ပြန်/ဆက်)

ရေရှားပါးသောဒေသများ ရေစုတွင်းများ ပြုလုပ်ရန် အလှူငွေများပေးအပ်

ဒလ မေ ၄
ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေလုံလောက်မှုမရှိသော ကျေးရွာများတွင် ရေစုတွင်းများပြုလုပ်ပေးရန်အတွက် အဆိုတော်သားစိုးနှင့် အနုပညာရှင်များက အလှူငွေများအား မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌရုံးသို့ လာရောက်လှူဒါန်းခဲ့သည်။ ဒလမြို့နယ်အတွင်းရေစုတွင်းများပြုလုပ်ရန် အဆိုတော်ဖြူဖြူကျော်သိန်းက ငွေကျပ်ခုနစ်သိန်း၊ သရုပ်ဆောင် အဆိုတော် ခင်ဇာခြည်ကျော်၊ တေးသံရှင် စိန်လင်း (Aroma Custumer) မိသားစုဝင်များနှင့် ပရိသတ်များက ငွေကျပ် ငါးသိန်း၊ မေတ္တာကမ်းလက် အနုပညာရှင်ပရဟိတလူငယ်များအဖွဲ့က ငွေကျပ် နှစ်သိန်းတို့ကို အဆိုတော် သားစိုးနှင့် အနုပညာရှင်များက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
မောင်ယဉ်ဦး(ဒလ)

ကမ္ဘာ့အပူချိန် ဘယ်လောက်မြင့်တက်နေပြီလဲ

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာသည် မိမိဝင်ရိုးပေါ်၌ ၂၃ ½ ဒီဂရီ တိမ်းစောင်းလျက် နှစ်ဆယ့်လေးနာရီ လျှင် တစ်ပတ်ကျ လည်နေရင်း နေလုံးကြီးကိုလည်း ၃၆၅ ရက်လျှင် တစ်ပတ်ကျနှုန်းဖြင့် လှည့်ပတ်လျက်ရှိနေသည်။ ဤသို့သော ပထဝီသဘောတရားကြောင့်ပင် မည်သည့်အချိန်၌မဆို ကမ္ဘာတစ်ခြမ်းသည် နေ့အချိန်ဖြစ်၍ အပူချိန်မြင့်တက်နေကာ ကျန်တစ်ခြမ်းက ညအချိန်ဖြစ်ပြီး အပူချိန်ကျဆင်းနေသည်။ နေအလင်းရောင်ရရှိနေသော နေ့အခါမျိုး၌ပင် ကမ္ဘာ့တောင်နှင့်မြောက် ဝင်ရိုးစွန်းတို့၌ အပူချိန်က အနုတ် ၃၀ ဒီဂရီစင်တီဂရိတ်ခန့်အထိ ကျဆင်းနေချိန်တွင် အီကွေတာရပ်ဝန်း၌ ၄၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်တက်လျက်ရှိနေသည်။

ကမ္ဘာ့အရပ်ဒေသတစ်ခုတည်းအတွင်းမှာပင် ဒေသအပူချိန်က အချိန်နှင့်အမျှပြောင်းလဲလျက်ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ချင်းမတူသော ဒေသများ၊ ပင်လယ်ကမ်းခြေနှင့်အနီးအဝေးမတူသော ဒေသများ၊ သစ်ပင် တောအုပ် လွှမ်းမိုးမှုရေးယာ မတူညီသော ဒေသများစသည်တို့မှာ အပူချိန်ချင်း တူညီမှုမရှိနိုင်ကြပေ။ ထို့အတူ ကုန်းမြေထုအများစုဖြစ်သော ကမ္ဘာ့မြောက်ခြမ်း၏ အပူအအေးပြောင်းလဲမှုပုံစံကလည်း သမုဒ္ဒရာရေထုအများစုဖြစ်သည့် ကမ္ဘာ့တောင်ခြမ်း၏ အပူအအေးပြောင်းလဲပုံနှင့် ထပ်တူမကျနိုင်ပေ။

ခေတ်သစ်သိပ္ပံပညာဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက်နိုင်ရန်အတွက် အထက်ပါကဲ့သို့ ပထဝီအနေအထားမတူညီသော အရပ်ဒေသပေါင်းစုံ၌ ပင်မတိုင်းတာရေး အခြေခံစခန်းပေါင်း သုံးထောင်ကျော်ကို တည်ဆောက်ထားရသည်။ သို့ရာတွင် အဆိုပါ စခန်းပေါင်း သုံးထောင်ကျော်မှ တိုင်းတာရရှိသော အချက်အလက်များမှာ အခြေခံတိုင်းတာရေး အချက်အလက်များသာလျှင်ဖြစ်ကြပြီး ကမ္ဘာ့ပျမ်းမျှအပူချိန်ကိုတွက်ချက်ရန် လုံလောက်မှုမရှိသေးပေ။

ကမ္ဘာအရပ်ရပ်ရှိပင်လယ်နှင့်သမုဒ္ဒရာရေပြင်များပေါ်၌ ခုတ်မောင်းသွားလာနေကြသည့် ကုန်သွယ်ရေကြောင်း သင်္ဘောများ၊ နိုင်ငံပိုင် ရေပြင်နယ်နိမိတ်အဝန်းအဝိုင်းအတွင်း၌ စစ်ရေးတာဝန်ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောများ၊ နိုင်ငံတကာ ရေပြင်ပိုင်နက်အတွင်း၌ စစ်ရေးတာဝန်ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောအုပ်စုများ၊ ပင်လယ်အတွင်းချထားသည့် ဖော်ယာများ စသည်တို့မှ တိုင်းတာရရှိသော ရေပြင်အပူချိန် မှတ်တမ်းများစွာတို့ကိုလည်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ရာ၌ ထည့်သွင်းကြရသည်။

ထို့ပြင် အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဂြိုဟ်တုများက တိုင်းတာပေးပို့သည့် ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်မှတ်တမ်း အများအပြားသည်လည်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ရန်အတွက် အားဖြည့်ကိန်းဂဏန်း အချက်အလက်များ ဖြစ်ကြသည်။ သိပ္ပံပညာရှင်တို့သည် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက် ထုတ်ပြန်နိုင်ရန် ၁၈၆၀ ပြည့်နှစ်ကတည်းက ကြိုးပမ်းအားထုတ် လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် နည်းပညာများ မတိုးတက်မထွန်းကားသေးသည့် ကာလများဖြစ်သည့်အတွက် ထိုစဉ်ကထုတ်ပြန်ခဲ့သော ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တိကျပြည့်စုံမှု မရှိခဲ့ပေ။

ထို့မှတစ်ဆင့် ၁၉၃၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံး၌ တိုးမြှင့်ထုတ်လွှတ်နေသော ကာဗွန်ဓာတ်ငွေ့ပမာဏသည် မြင့်တက်လာသော ကမ္ဘာ့အပူချိန်နှင့် တိုက်ရိုက်အချိုးကျနေကြောင်း ဖော်ထုတ်လာနိုင်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များ၌ အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဂြိုဟ်တုများကို လွှတ်တင်နေရာချထားလာနိုင်ပြီး ထို့မှတစ်ဆင့် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ တိုင်းတာသတင်းပေးပို့ရေးဂြိုဟ်တုများ တည်ဆောက်သည့် နည်းပညာအဆင့်အတန်း မြင့်မားလာခဲ့ရာ ထိုကာလများမှစ၍ ကမ္ဘာ့အပေါ်လွှာလေထု၏အပူချိန်များ၊ ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်များ၊ သမုဒ္ဒရာရေပြင်နှင့် တောင်တန်းများပေါ်ရှိ လေထုအပူချိန်များကို ဂြိုဟ်တုများက မြေပြင်စခန်းများဆီသို့ စဉ်ဆက်မပြတ် ပေးပို့လာနိုင်သည်။

ဤသို့အားဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကိုတွက်ချက်ထုတ်ပြန်သော ကိန်းဂဏန်းများမှာ ပို၍တိကျသေချာလာသည်။ ၁၈၀၀ ပြည့်နှစ်နှင့် ၁၈၇၀ ပြည့်နှစ်အတွင်း အနှစ် ၇၀ ကာလ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်ဟူ၍ ရှည်လျားသော နှစ်ကာလကို ခြုံငုံတွက်ချက်ထုတ်ပြန်ခဲ့ကြရာမှ ၁၉၆၀ ပြည့်နှစ်အရောက်တွင် အဆိုပါပြက္ခဒိန်နှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း နှစ်တစ်နှစ်ချင်းအလိုက် ပို၍တိကျစွာ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်သို့ ရောက်ရှိလာချိန်တွင်မူ အဆိုပါနှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်ကို ထုတ်ပြန်ပေးနိုင်ရုံမျှမက နောက်ကြောင်းပြန် ဆယ်နှစ်အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၀ ဒသမ ၁၅ ဒီဂရီစင်တီဂရိတ် မြင့်တက်ခဲ့ကြောင်း ခိုင်ခိုင်မာမာ ထုတ်ဖော်နိုင်ခဲ့ကြသည်။ ကမ္ဘာ့ပျမ်းမျှအပူချိန် တိုင်းတာမှုနည်းပညာများ အဆင့်မြင့်လာခြင်း၊ တိုင်းတာရေးစခန်းများ တိုးချဲ့တည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေကြောင်း သင်္ဘောလိုင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကျယ်ပြန့်လာခြင်း၊ ရေတပ်သင်္ဘောများ၏ ထိရောက်သော ကူညီပံ့ပိုးမှုကို ပိုမိုရရှိလာခြင်းစသော အပြုသဘောဆောင်သည့် အကြောင်းအရာများသည် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်နိုင်ရေးအတွက် ကြီးမားသောအထောက်အပံ့များဖြစ်လာရုံမျှမက ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးသော နှစ်ကာလကို ရှာဖွေဖော်ထုတ်ရာ၌ပါ ထိရောက်သော စွမ်းဆောင်ချက်များ ဖြစ်လာကြသည်။

ယင်းကဲ့သို့ ထိရောက်သောစွမ်းဆောင်ချက်များကြောင့် ၁၈၆၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၅၀ အတွင်း အပူပြင်းဆုံးသော နှစ်ကာလများမှာ ၁၉၉၅ ခုနှစ်နောက်ပိုင်း၌သာဖြစ်ပေါ်ကြောင်း တွေ့ရှိလာရသည်။ လွန်ခဲ့သော နှစ်တစ်ရာက ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၄ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေပြီ ဖြစ်သည်။

နောက်ကြောင်းပြန် ကာလများကို ကြည့်လျှင် ၁၈၈၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်သည် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်ထက် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ တစ်နည်းဆိုရသော် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ မြင့်တက်ခဲ့ကြောင်း မီးမောင်းထိုးပြနေခြင်းပင် ဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကြားကာလတစ်လျှောက်လုံး၌ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တက်လိုက်ကျလိုက် ဖြစ်နေခဲ့ရာမှ ၁၉၇၉ ခုနှစ်မှစ၍ ကမ္ဘာ့ပျမ်းမျှအပူချိန်က သိသာစွာ မြင့်တက်လာခဲ့သည်။ ထိုကာလနောက်ပိုင်း ကမ္ဘာ့အပူချိန်မြင့်တက်နှုန်းသည် နှစ်ပေါင်းငါးထောင်အတွင်း အမြန်ဆုံးနှုန်းဖြစ်ကြောင်း သိပ္ပံသုတေသီတို့က ဆိုကြသည်။

> **နောက်ကြောင်းပြန်ကာလများကိုကြည့်လျှင် ၁၈၈၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်သည် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်ထက် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ တစ်နည်းဆိုရသော် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ် ကာလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ မြင့်တက်ခဲ့ကြောင်း မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကြားကာလတစ်လျှောက်လုံး၌ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တက်လိုက်ကျလိုက် ဖြစ်နေခဲ့ရာမှ ၁၉၇၉ ခုနှစ်မှစ၍ ကမ္ဘာ့ပျမ်းမျှအပူချိန်က သိသာစွာ မြင့်တက်လာခဲ့သည်။ ထိုကာလနောက်ပိုင်း ကမ္ဘာ့အပူချိန်မြင့်တက်နှုန်းသည် နှစ်ပေါင်းငါးထောင်အတွင်း အမြန်ဆုံးနှုန်းဖြစ်ကြောင်း သိပ္ပံသုတေသီတို့က ဆိုကြသည်။**

အတိတ်ကာလ၏ ရာသီဥတုအခြေအနေများ ဖော်ထုတ်ရေးဆိုင်ရာ နည်းပညာများကို အသုံးချကာ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းကာလအထိ နောက်ကြောင်းပြန်လျက် ကမ္ဘာ့မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုများကို လေ့လာလျက်ရှိသော အမေရိကန်သိပ္ပံပညာရှင်များအဖွဲ့သည် အစဉ်ခဲနေသော ရေခဲလွှာများ၏ အရည်ပျော်ကျနှုန်း၊ ဝင်ရိုးစွန်း ရေခဲလွှာပျော်ရည်ဖြစ်သော ရေချိုများ၏ပမာဏနှင့် အငွေ့ပျံနှုန်း၊ ကမ္ဘာ့မြောက်ဘက်စွန်း၌ တိမ်လွှာထုဖြစ်ပေါ်မှုနှင့် အင်အားပြင်းမုန်တိုင်းကြီးများ၊ သမုဒ္ဒရာရေစီးကြောင်းကြီးများ၊ ရေအောက်အပင်များပေါက်ရောက်မှု၊ ရေနေသတ္တဝါများ ရွှေ့ပြောင်းကျက်စားမှု စသည်တို့ကို အသေးစိတ်လေ့လာပြီးနောက် အထက်ပါအတိုင်း ထုတ်ဖော်ကြေညာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ထောင်ဂဏန်းနှင့်ချီသော ငါးနှင့် ရေသတ္တဝါ မျိုးစိတ်များမှာ ပို၍အေးမြသော ဝင်ရိုးစွန်းဒေသများဆီသို့ စားကျက်ရွှေ့ပြောင်းသွားကြသည့်အတွက် အီကွေတာရပ်ဝန်းဒေသများ၌ ငါးဖမ်းဆီးရမိသည့်ပမာဏများ လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့အပူချိန် မြင့်တက်နှုန်းသည် ဤပုံဤနည်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ငါးနှင့် ရေသတ္တဝါမျိုးစိတ်များစွာတို့သည် ဆယ်စုနှစ် တစ်စုလျှင် ၂၅ မိုင်နှုန်းဖြင့် မြောက်အရပ်ဆီသို့ တစ်နည်းအားဖြင့် ရေပြင်အပူချိန် ပို၍လျော့နည်းရာဒေသများဆီသို့ ကူးခတ်ရွှေ့ပြောင်းသွားကြဖွယ်ရှိနေသည်။

ထိုကဲ့သို့ စားကျက်ရွှေ့ပြောင်းသွားကြမည်ဆိုပါက အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ငါးကြီးဆီထုတ်ယူနိုင်သောငါးများ ဖမ်းဆီးရမိမှုမှာ လာမည့် ဆယ်စုနှစ်လေးစုခန့်အတွင်း ထက်ဝက်လျော့ကျသွားမည့်အလားအလာရှိနေသည်။ အပူပိုင်းနှင့် သမပိုင်းဒေသများမှ ငါးမျိုးစိတ်အများအပြားတို့က အအေးပိုင်းဒေသသို့ စားကျက်ရွှေ့ပြောင်းကြသည့်အခါ အာရှတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်များရှိ နိုင်ငံပေါင်း ၃၀ ကျော်တို့၏ ငါးဖမ်းလုပ်ငန်းများအနေဖြင့် အကြီးအကျယ် ထိခိုက်ခံစားကြရဖွယ် ရှိနေကြသည်။

ကမ္ဘာ့အပူချိန် မြင့်တက်မှုဖြစ်စဉ်ကြီး ကာလရှည်ဖြစ်ပေါ်နေစဉ်အတွင်း အချို့သောအရပ်ဒေသများ၌ အအေးပိုမိုလွန်ကဲသောဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ကြရသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်းက မြောက်အမေရိကနှင့် ဥရောပနိုင်ငံများ၌ ပုံမှန်ထက် အအေးပိုခဲ့သဖြင့် ကမ္ဘာ့အပူချိန်မြင့်တက်နေသည်ဆိုခြင်းအပေါ် ဒွိဟဖြစ်စေခဲ့သည်။ အမှန်တကယ်အားဖြင့်မူ ထိုနိုင်ငံများ၌ အအေးပိုခဲ့ခြင်းမှာ ပစိဖိတ်သမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့သော ကာလတို လာနီညာဖြစ်စဉ်ကြောင့်သာလျှင်ဖြစ်ကြောင်း နောက်ပိုင်း၌ သိရှိခဲ့ကြသည်။

ကမ္ဘာ့အပူချိန် မြင့်တက်နေမှု၏ သရုပ်သကန်အဖြစ် ၂၀၀၃ ခုနှစ်အတွင်းက ဥရောပတိုက်တစ်ခွင်၌ မကြုံစဖူး မိုးခေါင်မှုဖြစ်ပေါ်ခြင်းနှင့် အပူလှိုင်းဖြတ်သန်းမှုဖြစ်စဉ်များကို တွေ့ရှိနိုင်သည်။ လူပေါင်းသုံးသောင်းခန့် သေဆုံးခဲ့ကြရသော ထိုဖြစ်စဉ်ကြီးသည် ရေသယံဇာတများကို လျော့နည်းစေခဲ့ပြီး ကောက်ပဲသီးနှံအထွက်နှုန်းများကို သိသာစွာ လျော့ကျစေခဲ့ကာ ယူရို ၁၃ ဘီလီယံကျော် ဆုံးရှုံးစေခဲ့သည်။

ကမ္ဘာ့ မိုးလေဝသအဖွဲ့ချုပ်ကလည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းသည် ကမ္ဘာ့အပူပြင်းဆုံးသော ကာလဖြစ်ပြီး ထိုကာလထဲ၌ပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ မျက်မှောက်ကာလ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေမှု၏ ထင်ရှားသော ကြန်အင်လက္ခဏာများအဖြစ် ၁၉၈၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ပြင်းထန်သော အယ်နီညိုဖြစ်စဉ် ၁၁ ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့ခြင်းကို တွေ့မြင်နိုင်သည်။

ပျမ်းမျှအားဖြင့် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာ ဖြစ်ပေါ်လေ့ရှိသော အယ်နီညိုဖြစ်စဉ်သည် နှစ်ပေါင်း နှစ်ဆယ်အတွင်း ၁၁ ကြိမ်အထိ ဖြစ်ပေါ်ခဲ့ခြင်းကိုထောက်ရှု၍ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေမှုကို ချိန်ထိုးသိရှိနိုင်သည်။ မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်ခံစားနေရသော အယ်နီညိုရာသီဥတုသည် ၂၀၁၅ ခုနှစ်အတွင်းက အီကွေတာနှင့်နီးကပ်သော အရှေ့ဗဟို အပူပိုင်းပစိဖိတ်သမုဒ္ဒရာရေပြင်၏အပူချိန် သိသိသာသာမြင့်တက်ခဲ့မှု၏ ဆက်စပ်ဆိုးကျိုးပင်ဖြစ်သည်။

၂၀၁၅ ခုနှစ်၏ အပူချိန်စံချိန်သစ်တင်သော သာဓကအချို့အဖြစ် အီရန်နိုင်ငံ၌ အပူချိန် ၄၆ ဒီဂရီ စင်တီဂရိတ်၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီ စင်တီဂရိတ်နှင့် အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်တို့ အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအားလုံးတို့အနေဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေခြင်းကို ထိရောက်စွာဟန့်တားကြရန် အထူးလိုအပ်သည့်အားလျော်စွာ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန်၊ ပါဖလူအိုရိုကာဗွန်နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက်စသော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များထုတ်လွှတ်နေမှုကို လက်တွေ့ကျကျဖြင့် သိသိသာသာလျှော့ချကြရန် လိုအပ်နေပြီဖြစ်ပေသည်။ ။

ဘိုင်ယန်မြူးနစ်တို့ ဆက်တိုက်အောင်ပွဲခံဦးမယ့် ပွဲစဉ်(၃၃)

မိုးမြင့်လင်းလက်

ဂျာမနီမြေက ဘွန်ဒက်လီဂါပွဲစဉ်(၃၃)ကို မေ ၆ ရက်နဲ့ ၇ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဘွန်ဒက်လီဂါဖလားကိုရယူဖို့ သေချာလုနီးပါးဖြစ်နေတဲ့ ဘိုင်ယန်မြူးနစ်၊ ဖလားရရှိရေး မျှော်လင့်ချက်ရှိနေဆဲဖြစ်တဲ့ ဒေါ့မွန်တို့ရဲ့ ပြိုင်ဘက်အသင်းတွေကို ပြတ်ပြတ်သားသားကျော်ဖြတ်ပုံတွေကို အားပေးကြည့်ရှုခွင့်ရရှိကြဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် တန်းမဆင်းရရေး အကြိတ်အနယ်ရုန်းကန်နေကြတဲ့ အသင်းငယ်တွေရဲ့အားထုတ်မှုတွေကလည်း စိတ်လှုပ်ရှားစရာပုံရိပ်တွေအဖြစ် မြင်တွေ့ခံစားရပါဦးမယ်။

အင်ဂိုစတက်နှင့် ဘိုင်ယန်မြူးနစ်

အင်ဂိုစတက်နဲ့ဆုံတိုင်း ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်လေ့ရှိတဲ့ ဘိုင်ယန်မြူးနစ်တို့က အခုတလောခြေစွမ်းလည်း ကောင်းမွန်နေပါတယ်။ အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်တိုင်းကို ခြေစွမ်းကောင်းပြသခုခံနိုင်တဲ့ အင်ဂိုစတက်တို့ ဘယ်လောက်ထိ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်နိုင်မလဲ ကြည့်ရမှာပါ။ နောက်ဆုံး သုံးပွဲကစားခဲ့တဲ့ အင်ဂိုစတက်ရဲ့ခြေစွမ်းကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ဘိုင်ယန်မြူးနစ်တို့ပဲ အမှတ်ပြည့်ရယူပြီး အောင်ပွဲခံပါလိမ့်မယ်။

ဖရန့်ဖတ်နှင့် ဒေါ့မွန်

တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ ဖရန့်ဖတ်တို့အတွက် အိမ်ကွင်းမှာ ခြေကုန်ထုတ်မယ့်ပွဲဖြစ်ပေမယ့် ပြိုင်ဘက်က ဒေါ့မွန်ဖြစ်နေတာကြောင့် ပွဲကျပ်အဖြစ် ကြုံတွေ့ရပါလိမ့်မယ်။ ဒေါ့မွန်တို့က တန်းစီဇယားထိပ်ဆုံးက ပွဲတူ ငါးမှတ်ကွာနေတဲ့ ဘိုင်ယန်မြူးနစ်ကို ဆက်တိုက်ဖိအားပေးနိုင်ရေးအတွက် အခုပွဲမှာ အနိုင်ရဖို့ ဖိအားပေးကစားပါလိမ့်မယ်။ ဒေါ့မွန်တို့က ဖရန့်ဖတ်နဲ့ဆုံတိုင်း နိုင်ပွဲတွေချည်းရယူနိုင်တာကြောင့် အခုပွဲမှာလည်း အိမ်ရှင်တို့ ဂိုးပြတ်မရှုံးရေးကိုသာ အာရုံစိုက်ရမှာကလွဲပြီး အခြားမျှော်လင့်ချက်ထားလို့မရနိုင်တဲ့ အခြေအနေပါပဲ။

ရှော်လ်ကေးနှင့် အော့စ်ဘတ်

ရှော်လ်ကေးတို့လည်း ခြေစွမ်းကျဆင်းနေပြီး အမှတ်တွေဆုံးရှုံးနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲတစ်ပွဲသာရရှိထားတဲ့ ရှော်လ်ကေးတို့ အခုပွဲ အိမ်ကွင်းမှာတော့ အော့စ်ဘတ်ကိုအနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ ရှော်လ်ကေးနဲ့ အော့စ်ဘတ်တို့ နောက်ဆုံးငါးပွဲဆုံတွေ့ခဲ့မှုရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ စတုတ်နဲ့ ဝုဖ်ဘတ်အသင်းတွေကို အနိုင်ကစားခဲ့တဲ့ အော့စ်ဘတ်တို့ အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်မျှော်လင့်နိုင်တဲ့ပွဲပါပဲ။

စတုတ်နှင့် မိန့်ဇ်

အချိန်မရွေး တန်းဆင်းဇုန်ထဲကျဆင်းသွားနိုင်တဲ့ စတုတ်တို့အတွက် အခုပွဲဟာ တိုက်ပွဲတစ်ခုဖြစ်နေပါတယ်။ မိန့်ဇ်အသင်းကို ခြေရည်တူကစားပြီး တစ်လှည့်စီအနိုင်ယူခဲ့တဲ့ မှတ်တမ်းလည်းရှိနေတာမို့ အခုပွဲမှာ စတုတ်တို့ ခြေကုန်ဖွင့်ကစားရင် မိန့်ဇ်တို့ အခက်ခဲတွေ့သွားနိုင်ပါတယ်။ အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားထုတ်တတ်တဲ့ စတုတ်တို့ရဲ့စွမ်းဆောင်မှုက အနိုင်ရလဒ်ကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။

ဂလာဘတ်နှင့် လေဗာကူဆင်

တန်းစီဇယားတတိယနဲ့ စတုတ္ထတို့ တွေ့ဆုံတဲ့ပွဲမို့ ပွဲကောင်းအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဂလာဘတ်ရဲ့နောက်ဆုံးသုံးပွဲကစားခဲ့တဲ့မှတ်တမ်းကိုကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြစ်ပြီး လေဗာကူဆင်ရဲ့လတ်တလောခြေစွမ်းကိုကြည့်ရင်တော့ နိုင်ပွဲတွေဆက်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် လေဗာကူဆင်တို့က အသာစီးရတာများတာကြောင့် အခုပွဲမှာ အိမ်ရှင် ဂလာဘတ်ကံကောင်းမှ တစ်မှတ်မျှော်လင့်နိုင်မှာပါ။

ကိုလုံးနှင့် ဝါဒါဘရီမင်

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဝါဒါဘရီမင်တို့ အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင်ယူမယ့်ပွဲပါပဲ။ ဒီနှစ်သင်းဆုံတိုင်း အကြိတ်အနယ်ရှိခဲ့ပြီး ခံစစ်ကို အခြေပြုကာ တိုက်စစ်ဖွင့်ကစားခဲ့ကြလို့ ဂိုးလည်းနည်းခဲ့တာချည်းဖြစ်ပါတယ်။ အခုပွဲမှာ ကိုလုံးရဲ့ အိမ်ကွင်းခြေစွမ်းကောင်းမွန်မှုကြောင့် ဝါဒါဘရီမင်ရဲ့ ကြိုးစားအားထုတ်မှု သရေရလဒ်ကို ထွက်ပေါ်သွားနိုင်ပါတယ်။ ။

လာမယ့်ရာသီမှာ ထိပ်ဆုံး ၁၀ နေရာဝင်ဖို့ ကြိုးစားမယ်ဆိုတဲ့ လက်စတာ

လက်စတာအသင်းအနေနဲ့ မမျှော်လင့်ဘဲ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး နောက်လာမယ့်ရာသီမှာတော့ ထိပ်ဆုံး ၁၀ နေရာဝင်ဖို့သာ ကြိုးစားနိုင်လိမ့်မယ်လို့ နည်းပြ ရာနီရာရီက ဝန်ခံပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးနဲ့ စပါးအသင်းတို့ကစားခဲ့တဲ့ပွဲမှာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီးတဲ့နောက် လက်စတာက ပရီမီယာလိဂ်ချန်ပီယံဖြစ်သွားခဲ့ပါတယ်။ လက်ကျန်ပွဲနှစ်ပွဲအလိုမှာ လက်စတာက ချန်ပီယံဖြစ်သွားခဲ့တာပါ။ ပရီမီယာလိဂ်ချန်ပီယံဆက်ဖြစ်ဖို့ မျှော်မှန်းမထားပါဘူးလို့ နည်းပြ ရာနီရာရီက ဆိုပါတယ်။ အသက် ၆၄ နှစ်အရွယ်ရှိ နည်းပြ ရာနီရာရီဟာ ပြီးခဲ့တဲ့နှစ်က ဂရိအသင်းမှ အလုပ်ဖြုတ်လိုက်ပြီးနောက် လက်စတာအသင်းကို ကိုင်တွယ်ခဲ့တာပါ။ နည်းပြနဲ့ ကစားသမားတွေရဲ့ညီညွတ်မှုစွမ်းအားကြောင့် လက်စတာအသင်းမှာ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ သို့ပေမယ့် လာမယ့်ရာသီမှာတော့ လက်စတာအသင်းက ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်ဖို့ မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ လက်စတာအသင်းမှာ အဓိကကစားသမားတွေဖြစ်တဲ့ မော်ဂန်၊ မာရက်ဇ်နဲ့ ဗာဒီတို့ရဲ့ခြေစွမ်းပြဂိုးတွေနဲ့အတူ ဂိုးသမား ရှမိုက်ကယ်ရဲ့လက်စွမ်းတွေကြောင့်လည်း ဒီနှစ် ချန်ပီယံဆုနဲ့ ထိုက်တန်ခဲ့တာဖြစ်ပါတယ်။

အဲဗာတန်နည်းပြ ဖြစ်လာနိုင်တဲ့ ဘင်နီတက်ဇ်

နယူးကာဆယ်အသင်းဟာ တန်းဆင်းဇုန်တိုက်ပွဲမှာ ရှုံးနိမ့်သွားမယ်ဆိုရင်တော့ အဲဗာတန်က ဘင်နီတက်ဇ်ကို နည်းပြအဖြစ်ခန့်ထားနိုင်ပါတယ်။ အဲဗာတန်နည်းပြ မာတီနက်ဇ်ရဲ့နေရာမှာ ဘင်နီတက်ဇ်ကို အစားထိုးဖွယ်ရှိနေပါတယ်။ စပိန်နိုင်ငံသား ဘင်နီတက်ဇ်ဟာ ရာသီအကုန်မှာ အဲဗာတန်အသင်းတာဝန်ရှိသူတွေနဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။ မာတီနက်ဇ်နေရာကို အစားထိုးဖို့ အဲဗာတန်က စဉ်းစားတဲ့အခါ ဘင်နီတက်ဇ်နာမည်လည်း အပါအဝင်ဖြစ်ပါတယ်။ အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့ အောင်မြင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်က လီဗာပူးနဲ့အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ နယူးကာဆယ်အသင်းကို တန်းဆင်းဇုန်လွတ်မြောက်ရေး ကြိုးစားပေးလျက်ရှိပါတယ်။ သို့ပေမယ့် တန်းဆင်းလွတ်ဖို့ ရုန်းကန်နေရဆဲပါ။ တန်းဆင်းသွားမယ်ဆိုရင်တော့ ဘင်နီတက်ဇ်ကို အဲဗာတန်က အရခေါ်ယူသွားဖွယ်ရှိပါတယ်။ ဘင်နီတက်ဇ်ဟာ အရည်အချင်းပြည့်ဝတဲ့ နည်းပြကောင်းတစ်ဦးဖြစ်ပါတယ်။

ပရီမီယာလိဂ်ဖလားကို အမြန်ကိုင်မြှောက်လိုတဲ့ လက်စတာအသင်းခေါင်းဆောင်

ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်ဖို့ စောင့်မနေနိုင်တော့ဘူးလို့ လက်စတာအသင်းခေါင်းဆောင် မော်ဂန်က ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးနဲ့ စပါးတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီးတဲ့နောက် လက်စတာတို့ ပွဲမကုန်မီ ဖလားဆွတ်ခူးသွားခဲ့ပါတယ်။ လက်စတာပရိသတ်တွေက ဖလားရဖို့ တောင်းဆိုနေကြပါပြီ။ မြေခွေးလို့ တင်စားခေါ်ဝေါ်တဲ့ လက်စတာအသင်းကို စနေနေ့မှာ ကင်းပါဝါအားကစားကွင်းကြီးမှာ ဖလားပေးအပ်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့လက်ထဲကို ဖလားအမြန်ဆုံးရောက်ဖို့ စောင့်မနေနိုင်တော့ပါဘူးလို့ အသင်းခေါင်းဆောင် ဝက်စ်မော်ဂန်က ပြောဆိုလိုက်ပါတယ်။ လက်စတာပရိသတ် ၅၀၀၀ ကျော်ကလည်း တိုက်စစ်မှူး ဂျိမ်းဗာဒီရဲ့အိမ်အပြင်ဘက်မှာ အောင်ပွဲခံခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဗာတန်နဲ့ပွဲအပြီး လက်စတာအသင်းကို ဖလားပေးဖို့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ဝမ်းသာမှုကတော့ ပြောမပြနိုင်လောက်အောင်ပါပဲလို့ ဗာဒီက ဆိုပါတယ်။ စပါးအသင်းနေနဲ့ လက်စတာအသင်းကိုကျော်ပြီး ဖလားရဖို့ အားကုန်ထုတ်ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အနီးကပ်ပြိုင်ဘက် ချယ်လ်ဆီးက သရေကစားခဲ့တဲ့အတွက် ပရီမီယာလိဂ်ဖလားကို လက်စတာတို့ မပင်မပန်းဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်

ပြီးခဲ့သောဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်း ၄၅ ခု လုပ်ဆောင်နိုင်ခဲ့

မုံရွာ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိက ဖြတ်သန်းစီးဆင်းလျက်ရှိသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်နှင့် အခြားမြစ်ချောင်းများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်း ၄၅ ခုကို လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်ရွက်ခဲ့သော မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများအနက် ခြောက်ခုကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ကလေးခရိုင်အတွင်းရှိ ကလေးဝမြို့ ချင်းတွင်းမြစ်တွင် တစ်နေရာ၊ ကလေးမြို့ ဥပုပ်ချောင်းတွင် တစ်နေရာ၊ မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့ချင်းတွင်းမြစ်ကမ်းတွင် တစ်နေရာ၊ အရာတော်မြို့နယ်အတွင်း မူးမြစ်တွင် တစ်နေရာ၊ မော်လိုက်ခရိုင်အတွင်းရှိ ချင်းတွင်းမြစ်တွင် တစ်နေရာနှင့် ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ် မြောက်ယမားချောင်းတွင် တစ်နေရာဖြစ်ကြောင်း သိရသည်။

အခြား လုပ်ငန်း ၃၉ ခုမှာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ကလေးခရိုင်အတွင်း၌ မြစ်သာမြစ်တွင် တစ်နေရာ၊ နေရဥ္စရာချောင်းတွင် သုံးနေရာ၊ ချင်းတွင်းမြစ်အတွင်း သုံးနေရာဖြင့် စုစုပေါင်းခုနစ်နေရာ၊ ကသာခရိုင်အတွင်း၌ ဧရာဝတီမြစ်တွင် သုံးနေရာနှင့် ဒေါင်းမြူးချောင်းတွင် တစ်နေရာ စုစုပေါင်း လေးနေရာ၊ ခန္တီးခရိုင်အတွင်း၌ ချင်းတွင်းမြစ်တွင် နှစ်နေရာနှင့် ဥရုချောင်းတွင် တစ်နေရာ စုစုပေါင်း သုံးနေရာ၊ စစ်ကိုင်းခရိုင်အတွင်း၌ ဧရာဝတီမြစ်တွင် တစ်နေရာ၊ မူးမြစ်အတွင်း နှစ်နေရာ စုစုပေါင်းသုံးနေရာ၊ မုံရွာခရိုင်အတွင်း၌ ချင်းတွင်းမြစ်ကမ်းတွင် တစ်နေရာ၊ မော်လိုက်ခရိုင်အတွင်း၌ ချင်းတွင်းမြစ်တွင် ငါးနေရာ၊ ကိုးတန်ချောင်းအတွင်း တစ်နေရာနှင့် ခြသေ့်ချောင်းအတွင်း တစ်နေရာ စုစုပေါင်း ခုနစ်နေရာ၊ ယင်းမာပင်ခရိုင်အတွင်း၌ တောင်ယမားချောင်းတွင် တစ်နေရာ၊ ရေဝါချောင်းတွင် တစ်နေရာ၊ ဈေးချောင်းတွင် တစ်နေရာ၊ ချင်းတွင်းမြစ်တွင် နှစ်နေရာ စုစုပေါင်း ငါးနေရာ၊ အရေးပေါ် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများအဖြစ် ကနီမြို့နယ်တွင် သုံးနေရာ၊ ကလေးမြို့နယ်တွင် နှစ်နေရာ၊ မုံရွာ မြို့နယ်တွင် တစ်နေရာ၊ မင်းကင်းမြို့နယ်တွင်တစ်နေရာ၊ ကျွန်းလှမြို့နယ်တွင် တစ်နေရာနှင့် မြောင်မြို့နယ်တွင် တစ်နေရာ စုစုပေါင်း ၃၉ နေရာတွင် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးထိန်းသိမ်းရေး လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တင်ဒါစနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းခြောက်ခုအတွက် ငွေကျပ် ၂၂၅ ဒသမ ၈၈ သန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သော လုပ်ငန်း ၃၉ ခုအတွက် ငွေကျပ် ၁၃၉၃ ဒသမ ၆၂ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ဆိုလာစနစ်ဖြင့်ကျေးလက်မီးလင်းရေး ဆောင်ရွက်ပြီးစီးသည့်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှု

ညောင်ဦး မေ ၄

ညောင်ဦးမြို့နယ်အတွင်းမှ လျှပ်စစ်မီးရရှိရန် အလှမ်းဝေးသည့် ကျေးရွာများဖြစ်သော အုန်းနဲ့ချောင်းကျေးရွာ၊ သူကောင်းတည်ကျွန်းကျေးရွာ၊ မီးလောင်ဖျားကျေးရွာ၊ ထန်းပေါက်ကုန်းကျေးရွာနှင့် တောင်ရွာနောင်မြောက်(ထောင့်တြိဂံကျွန်း) ကျေးရွာများ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာများအနက် သူကောင်းတည် ကျွန်းကျေးရွာ၊ ထန်းပေါက်ကုန်းကျေးရွာနှင့် တောင်ရွာနောင်မြောက်(ထောင့်တြိဂံကျွန်း)ကျေးရွာများတွင် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်နှင့် ဝန်ထမ်းများ မေ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကျေးလက်နေပြည်သူများ အနေဖြင့် ဆိုလာမီးအသုံးပြုရာတွင် အဆင်ပြေမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး အသုံးပြု၍ အဆင်မပြေသည့်နေအိမ်များတွင် ပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ပြုပြင်ပေးမှုများကြောင့် ကျေးလက်နေပြည်သူများမှာ ဝမ်းမြောက်လျက် ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသည် နိုင်ငံပိုင်ဓာတ်အားလိုင်းစနစ်မှ ဓာတ်အားရရှိရန် ခက်ခဲသဖြင့် လျှပ်စစ်မီးအစား ဆိုလာစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲနိုင်ရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၂၉ ဒသမ ၈ သန်းဖြင့် ဆိုလာများတပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Comet Energy ကုမ္ပဏီက တင်ဒါအောင်မြင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

သတင်းတိုများ

ဘက်စုံထူးချွန်ကျောင်းသားများ အင်းလေးကန်အတွင်း လေ့လာ

အင်းလေး(ခေါင်တိုင်) ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်းမှ ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ဧပြီ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ အင်းလေးကန်အတွင်းရှိ ရေခြံ ကျွန်းမျောစိုက်ခင်းများ၊ ငွေထည်လုပ်ငန်း၊ ရက်ကန်းလုပ်များကို ကြည့်ရှုလေ့လာပြီး အလိုတော်ပေါက်ဘုရားနှင့် အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရားတို့ကို ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ရှိ အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း၊ ယဉ်ကျေးမှုပြတိုက်(ညောင်ရွှေဟော်နန်း)တို့ကို ကြည့်ရှုလေ့လာပြီး ရတနာမာရ်အောင်စေတီတော်ကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

နေမျိုးသူရိန်

ကျွဲ၊ နွားများ ရောဂါကာကွယ်ဆေးအခမဲ့ကွင်းဆင်းထိုးနှံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ရွာလွတ်၊ ချောင်းဆုံအရှေ့နှင့် မုရစ်ကလေး ကျေးရွာများမှ ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာနွဲ့နွဲ့ရီ ဦးဆောင်ပြီး ဒေါက်တာအေးမင်းနှင့် ဒေါက်တာဦးစံထွန်းတို့က မေ ၂ ရက်က ကာကွယ်ဆေးများထိုးပေးခဲ့ကြောင်း သိရသည်။ ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် လည်ချောင်းကွဲရောဂါကာကွယ်ဆေးများကို ကွင်းဆင်း၍ အခမဲ့ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ကျွဲ၊ နွားအကောင်ရေ ၁၉၀ ကျော်ကို ထိုးပေးနိုင်ခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ကျန်ရှိသည့်ကျေးရွာများသို့လည်း မေ ၁၅ ရက်အထိ ကာကွယ်ဆေးများကို ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

မေ ၅ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ဘိုးဘွားရိပ်သာ၌ မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ မေ ၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲညွန့်ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၂ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ရဲဝင်းထွန်း(မြစ်သား)

ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

ပျော်ဘွယ် မေ ၄

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ မေ ၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မြို့နယ်အတွင်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားနိုင်ရေး၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူများနှင့် တစ်သားတည်းရှိစေရန်ဆောင်ရွက်သွားရေး၊ မိမိဌာနလုပ်ငန်းများအကြောင်းကို ပြည်သူများသဘောပေါက်နားလည်သည်အထိ ရှင်းလင်းဆွေးနွေးသွားနိုင်ရေး စသည်တို့ကို ဆွေးနွေးခဲ့ပြီး မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း လွှတ်တော်သို့ အချက်အလက်များ တင်ပြရာတွင် မြေပြင်အနေအထားနှင့် ကွာဟမှုမရှိစေရန် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသဆိုင်ရာ အချက်အလက်များကို တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက ပြီးခဲ့သည့် ငါးနှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ ဒေသဆိုင်ရာအချက်အလက်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

ရမည်းသင်းမြို့တွင် လျှပ်စစ်ဓာတ်အား အလျင်အမြန်ရရှိရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရမည်းသင်း မေ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ဧပြီ ၃၀ ရက် ညနေတွင် တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲပျက်စီးကာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အား အလျင်အမြန်ပြန်လည်ရရှိရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးမြို့ MESC အစီအစဉ်ဖြင့် အရာရှိလေးဦး၊ အခြားအဆင့် လျှပ်စစ်ဝန်ထမ်း ၃၀၊ ကုမ္ပဏီအစီအစဉ်ဖြင့်ဝန်ထမ်း ၂၅ ဦး၊ ရမည်းသင်း ခရိုင်မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့်အတူ စုစုပေါင်း ၈၅ ဦးတို့သည် လျှပ်စစ်ဓာတ်အား အလျင်အမြန်ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ မေ ၂ ရက်မှစ၍ ခရိုင်/မြို့နယ်လျှပ်စစ်ရုံး၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ၊ ခရိုင်ပြည်သူ့ ဆေးရုံကြီး တို့တွင် လျှပ်စစ်မီးပြန်လည်ရရှိပြီဟု သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့်ဓာတ်အားပြတ်တောက်ကျန်ရှိနေသောဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များတွင်လည်း လျှပ်စစ်ဓာတ်အားအလျင်အမြန်ရရှိရေးအတွက် မြန်မာ့လျှပ်စစ်ဝန်ထမ်းများသည် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိပြီး အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ရမည်းသင်းမြို့တွင် ဓာတ်တိုင်ပေါင်း ၁၃၀ ခန့်ပြိုလဲပျက်စီးကာ မြို့နယ်အတွင်းတွင်လည်း ပျက်စီးမှုရှိကြောင်း သိရသည်။

အတ်ကလေး(ရမည်းသင်း)

ရေရှားပါးမှုမဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်

ဘုတလင် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနမှ အောင်ချမ်းသာကျေးရွာတွင် မေ ၂ ရက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျေးလက်ဦးစီးဌာနက ကျေးရွာတွေမှာ ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် အောင်ချမ်းသာကျေးရွာမှာရှိတဲ့ ယခင် MoNo စက်ရေတွင်းကို Svbmersible Pump ပြောင်းလဲတပ်ဆင်ပေးပါတယ်။ ထို့အပြင် ကျေးရွာနေပြည်သူများ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ရွာမှာရှိတဲ့ရေစင်မှ ရေဂါလန် ၈၀၀ ဆံ့ သံရေကန်နှစ်လုံးကို ဖိုင်ဘာ ရေလှောင်ကန်ဖြင့် ပြောင်းလဲ တပ်ဆင်ပေးခြင်းနဲ့ ရွာထဲကရေဂါလန် ၆၀၀ ဆံ့အများသုံး အုတ်ရေကန် နှစ်လုံးက ရေမလုံတော့တဲ့အတွက် ပြုပြင်ခြင်းတွေဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ဘုတလင်မြို့နယ်ကျေးလက်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖိုးချမ်း(မုံရွာ)

ရေရှားပါးသော ကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေး

ပုဏ္ဏားကျွန်း မေ ၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ရေရှားပါးပြတ်လပ်နေသော ကျေးရွာများသို့ သောက်သုံးရေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြန့်ဝေပေးလျက်ရှိရာ မေ ၁ ရက်က ဝက်နူတ်သီးကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သန့်ဇင်နှင့် ဝန်ထမ်းများက ရေများဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး နွေရာသီကာလအတွင်း ကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှုကိုဖြေရှင်းနိုင်ရန် ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုနှင့် စေတနာရှင်ပြည်သူများ၏လှူဒါန်းမှုများဖြင့် သောက်သုံးရေကန်များ၊ အဝီစိတွင်းများ တူးဖော်ပေးခြင်းနှင့် လက်ရှိအသုံးပြုနေသော သောက်သုံးရေကန်များကို ပြုပြင်ခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို့)

မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးပြုလုပ်

ခင်ဦး မေ ၄

မေ ၅ ရက်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ မေ ၃ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးလုပ်ခဲ့ ကြောင်း သိရသည်။

ခင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်စိုးပိုင်နှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များမီးရှို့ခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သန့်ရှင်းရေး ပြုလုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်တို့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ခင်ဦးစိုးဝေ

ရေရှားပါးသည့်ရပ်ကွက်သို့ သောက်သုံးရေများလှူဒါန်း

သာစည် မေ ၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည့် အမှတ်(၄) နယ်မြေ ထိန်ကန်တိုးချဲ့ရပ်ကွက်မှ အိမ်ထောင်စုများအတွက် သောက်သုံးရေများကို မေ ၃ ရက်က ရေသယ်ယာဉ်များဖြင့်သွားရောက် ဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သောက်သုံးရေလှူဒါန်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်ငွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်နှင့် အရာရှိ အရာခံ အကြပ်တပ်သား ရဲဘော်၊ ရဲမေများက ရေရှစ်ဂါလန်ဝင် ပလတ်စတစ်ပုံးများဖြင့် အိမ်တိုင်ရာရောက် သယ်ယူပို့ဆောင် ဖြန့်ဝေပေးခဲ့ကြပြီး စုစုပေါင်း အိမ်ထောင်စု ၄၀၀ အတွက် သောက်သုံးရေ ဂါလန် ၂၄၀၀ ကို ရေသယ်ယာဉ်နှစ်စီးဖြင့် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်ကို (သာစည်)

နှစ်(၇၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြခရိုင် မီးသတ်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းတို့ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၇၀ တို့ မေ ၂ ရက်က မြို့ကျက်သရေဆောင် ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရားကြီးအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (မီးသတ်တပ်ဖွဲ့ဝင်များသည် မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ချုံနွယ်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဖော်ယူခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။)

အောင်မင်း

ဒူးရင်းသီးအထွက်နှုန်းနည်းပြီး ဈေးကွက်အတွင်း ရှားပါးနေ

သုဝဏ္ဏဝတီ မေ ၄

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တစ်ခွင်ရှိ နာမည်ကြီးရာသီပေါ်သီးနှံဖြစ်သည့် ဒူးရင်းသီးသည် ယခုနှစ်တွင် အထွက်နှုန်းနည်းပြီး ဒူးရင်းပင်များလည်း ရှားပါးလာသည့်အတွက် ဒူးရင်းသီးဈေးကွက်မှာ ပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း သိရသည်။

ယခုနှစ်တွင် ဒူးရင်းသီးများ ပေါများစွာ ထွက်ရှိသည့် သင်္ကြန်အလွန်အချိန်အထိ ရောက်နေသည့်တိုင် ဒူးရင်းသီးများမှာ အထွက်နောက်ကျ၍ ဈေးကွက်အတွင်း တွေ့ရနည်းနေဆဲဖြစ်ကာ ဈေးနှုန်းအနေဖြင့် လက်ဦးသီးများမှာ တစ်လုံးလျှင် ကျပ် ၃၀၀၀ ခန့်အထိ ရရှိနေသည်။ သို့သော် ဒူးရင်းသီးခြံရှင်များမှာ ရာသီဥတုပူပြင်းမှုကြောင့် ဒူးရင်းပင်များတွင် အသီးများ မအောင်မြင်မည်ကို စိုးရိမ်နေကြရသည်။ ဒူးရင်းခြံများကို တစ်နှစ်သီးစား ခြံပြတ်ဝယ်ယူသူများမှာလည်း သီးနှံများမပေါ်ခင် အပွင့်ပွင့်ချိန် ပြာသိုလခန့်ကတည်းက ကြိုတင်ဝယ်ယူထားကြခြင်းဖြစ်၍ ယခု အသီးပေါ်ချိန်တွင် အသီးအောင်မှ အဆင်ပြေမည့်သဘောရှိသဖြင့် ရာသီဥတုအခြေအနေကို အားကိုး၍ မျှော်လင့်နေကြရကြောင်း သိရသည်။

“ဒူးရင်းခြံကို အပွင့်ကြည့်ပြီး အသီးသီးလာမယ့်အရေအတွက်ကို ခန့်မှန်းပြီး ဝယ်ရတဲ့အတွက် ရာသီဥတုကြောင့် အသီးမအောင်ရင်ရှုံးပြီ။ တစ်လုံးကို တစ်ထောင်နှုန်း ဝယ်ရတယ်။ လက်ဦးသီးဈေးကောင်းရရင် တော်သေးတယ်။ နောက်အသီးက စိတ်မချရဘူး။ ဈေးနှုန်းနဲ့ ရာသီဥတုကြောင့် မကျိန်းသေဘူး။ ဒီနှစ်က အဆင်မပြေပါဘူးဗျာ”ဟု ဒူးရင်းခြံသီးစားဝယ်ယူသူ ဒည်းကုန်းကျေးရွာသားတစ်ဦးက ပြောသည်။

သိမ်ဆိပ်မှ ရာသီပေါ်သီးနှံရောင်းချသူတစ်ဦးကလည်း “ဒူးရင်းသီးကိုရောင်းတဲ့အခါ အာမခံပြီး ရောင်းရတယ်။ တစ်လုံးမကောင်းရင် အသစ်တစ်လုံး လဲပေးရတယ်။ ရောင်းလိုက်တဲ့အသီး မကောင်းရင် ရှုံးတယ်။ အသီးအနံ့တွေက ပုပ်ကုန်တွေဆိုတော့ အချိန်မဆွဲဘဲ ရောင်းရတဲ့အတွက် အမြတ်နည်းပါတယ်။ တစ်လုံးကို ၂၅၀၀ ကျပ်ကနေ ၄၀၀၀ ကျပ်အထိ အရွယ်အစားအလိုက် ရောင်းရပါတယ်။ အခုအချိန်မှာ အရောင်းပါးသွားပါတယ်” ဟု ပြောသည် ။

သိပ်ဆိပ် ရာသီပေါ်သီးနှံဆိုင်တန်းများတွင် ဒူးရင်းသီး၊ မင်းဂွတ်သီး၊ နာနတ်သီး၊ ပိန္နဲသီး၊ ကျွဲကောသီးများကို ခင်းကျင်းရောင်းချနေပြီး ဒူးရင်းသီးမှာ အထွက်နည်းသည့်အတွက် ရပ်ဝေးသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိဘဲ ခရီးသွားပြည်သူများကိုသာ ရောင်းချနေရကြောင်း၊ ယခုနှစ် ဒူးရင်းသီးအထွက်နည်းခြင်းကြောင့် ပြီးခဲ့သည့်နှစ်က အမြတ်ရခဲ့သော ဒူးရင်းသီးဈေးကွက်တွင် လုပ်ကိုင်သူများအနေဖြင့် ယခုနှစ်တွင် အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

ခွန်(ဝင်းပ)

လေဘေးသင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်

မုံရွာ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လွန်ခဲ့သည့်ရက်ပိုင်းများအတွင်းက အပူချိန်မြင့်တက်ပြီး လေထုမငြိမ်သက်မှုများဖြစ်ပေါ်ကာ မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပွားခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့် ကသာခရိုင်အတွင်းရှိ မြို့နယ်များသို့ ထောက်ပံ့ရေးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဧပြီ ၂၇ ရက်က ရေဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်များအတွင်းသွားရောက်ခဲ့ကာ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ၊ အရေးပေါ်သုံးဆေးဝါးများကို ပေးအပ်ခဲ့သည်။

ဧပြီ ၂၈ ရက်တွင် အင်းတော်မြို့နယ်အတွင်းရှိ သောင်မြင်း၊ ကွင်းချောင်း၊ ဂျုံးဂျုံးကျ၊ လယ်ပြင်၊ မအူကုန်းနှင့် ပိန်းအင်းကျေးရွာများမှ လေဘေးသင့် အိမ်ထောင်စု ၂၄ စုအတွက် သွပ်အချပ် ၃၀၀ နှင့် အရေးပေါ်ဆေးဝါးများကို ထောက်ပံ့ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနကလည်း ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ဧပြီ ၂၉ ရက်တွင်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗန်းမောက်မြို့နယ်အတွင်းရှိ မံအင်မင်းကုန်းအုပ်စု၊ စာခမ်း၊ ကန်တော်၊ စီးမော်၊ ကနန်းလိပ်စော၊ ကနန်းနန်းညှင်း၊ ဟဲချိန်ကျေးရွာအုပ်စုနှင့် အင်းပေါက်ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၁၇ ရွာမှ လေဘေးသင့်ပြည်သူများနှင့် ဝန်းသိုမြို့နယ်အတွင်းရှိ ဝါးဘိုးချောင်းကျေးရွာ၊ ကျုံးကြီး၊ ရွှေတောင်ကုန်း၊ အလယ်ခုံကျေးရွာနှင့် ကျောက်ပေါက်ခုံကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများနှင့် အရေးပေါ်ဆေးဝါးများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကသော၊ ပင်းကြိုင်း၊ နောင်ပူးအင်း၊ နန်းတပ်၊ စင်လောင်၊ တောင်ဒွန်း၊ နောင်မူးကျေးရွာအုပ်စုနှင့် ကနီကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာမှ လေဘေးကြောင့် ပျက်စီးသော အိမ်ခြေ ၂၈၄ အိမ်အတွက်လည်းကောင်း၊ ကနီကျေးရွာအုပ်စု၊ မြဂနိုင်ကျေးရွာမှ အမိုးများ ပျက်စီးသွားသည့် နေအိမ်များနှင့် ကျေးရွာဘုန်းကြီး ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ဧပြီ ၃၀ ရက်တွင်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကောလင်းမြို့နယ် အင်ပင်လှကျေးရွာနှင့် တောင်ကြီးကျေးရွာများမှ လေဘေးကြောင့် ပျက်စီးခဲ့သော လူနေအိမ်များ၊ စာသင်ကျောင်း ဆောင်၊ ကျေးရွာစာကြည့်တိုက်နှင့် ဓာတ်တိုင်များကျိုးကျပျက်စီးနေမှုများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီထောက်ပံ့ပေးနိုင်ရန် ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ကြာပန်းများပြန်လည်ပွင့်လန်းကာ စည်ကားလာသော ရွှေမြင်တင်ကန်ကြီး

သတင်းဆောင်းပါး
မျိုးဝင်းထွန်း(မုံရွာ)

မုံရွာမြို့နယ်အတွင်းမှ ကမ္ဘာကျော် ဗောဓိတစ်ထောင် ရုပ်တော်မူရုပ်ပွားတော်ကြီး၏ တောင်ဘက်ရှိ ကျီးအုပ်ရွာ၊ ဘန်စီရွာ၊ နိဗ္ဗာန်ဝရွာ အိုင်နီရွာနှင့် ကျောက်တန်းရွာမှ ဒေသခံများ၊ တောတဲ ၅၀ ခန့်နှင့် ရွှေမြင်တင်တောင်ပေါ်မှ သံဃာတော်အပါး ၃၀ ခန့်အတွက် သောက်သုံးရေရရှိနေသော ရေကန်ကြီးဖြစ်သည့် ရွှေမြင်တင်ကန်ကြီးအတွင်း ပေါက်ရောက်နေသော ကိုင်းပင်များကို ဒေသခံများနှင့် အဝေးရောက် မုံရွေး၊ ကြေးမုံအန္တယ်ဝင်များ စုပေါင်း၍ စက်အားလူအားတို့ဖြင့် ရှင်းလင်းလျက်ရာ ကိုင်းပင်အားလုံးနီးပါး ရှင်းလင်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေမြင်တင်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဆရာဦးမြင့်ထံမှ သိရသည်။

"ပြီးခဲ့တဲ့ မတ်လ ၁၅ ရက်လောက်ကစပြီး ဘန်စီနဲ့ နိဗ္ဗာန်ဝရွာ ဒေသခံတွေဟာ လူအားနဲ့ ကန်ကြီးထဲက ကိုင်းပင်တွေကိုရှင်းလင်းခဲ့ကြတာ။ တစ်ရက်ကို စေတနာနဲ့ လာလုပ်အားပေးကြတာ ၄၀ ကျော် ၅၀ လောက် ရှိပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်ကာလအတွင်းက လုပ်အားပေးတာ ပိုများပါတယ်။ လုပ်အားပေးတဲ့သူတွေကို အာဟာရဒါနအဖြစ် မုံရွေးရွာ၊ ကျေးမုံရွာ၊ ဘန်စီရွာ၊ နိဗ္ဗာန်ဝရွာနဲ့ မုံရွာက အလှူရှင်တွေ လာရောက်ကုသိုလ်ပြုကြပါတယ်။ အဝေးရောက်နေကြတဲ့ မုံရွေး၊ ကြေးမုံအန္တယ်ဝင်တွေကလည်း အလှူငွေတွေကို သတင်းကြားကြားချင်း လှမ်းလှူနေကြတာ လက်ရှိမှာ ၄၅ သိန်းလောက် ရရှိပြီး လုပ်ငန်းလည်ပတ် လုပ်ကိုင်နေပါတယ်" ဟု ဆရာဦးမြင့်က ပြောသည်။

ရွှေမြင်တင်ကန်ကြီး ကိုင်းပင်များရှင်းလင်းရာတွင် ဒေသခံပြည်သူများသာမက ရွှေတောင်ကုမ္ပဏီကလည်း ပြီးခဲ့သည့် ဧပြီ ၂၆ ရက်မှ စတင်၍ စက်အားဖြင့် ကူညီပေးလျက်ရှိသည်။ ထို့အပြင် မေ ၁ ရက်တွင် မုံရွာမြို့ရှိ ရွှေတောင်ကုမ္ပဏီရုံးမှ ၂၆ ဦးနှင့် ကန်တလူ ရွှေတောင်ကုမ္ပဏီရုံးမှ ၁၂ဦး စုစုပေါင်း ၃၈ ဦးက ရွှေတောင်ကုမ္ပဏီ အင်ဂျင်နီယာမှူးကြီး ဦးကျော်မြင့်ကြီးကြပ်၍ လုပ်အားဒါနပြုခဲ့ကြောင်း သိရသည်။

ရွှေတောင်ကုမ္ပဏီစီအီးအိုက ရွှေမြင်တင်ကန်ကြီးထဲ ကိုင်းပင်တွေပေါက်ပြီး ကြာပင်တွေပြုန်း၊ ရေလည်းခန်းတော့မယ်ဆိုတာ သတင်းထဲမှာ ဖတ်လိုက်ရပြီးကတည်းက စက်အား၊ စက်သုံးဆီအားတွေအပြင် လူအားနဲ့ပါ လုပ်အားပေးနိုင်ဖို့ စီစဉ်ပါတော့တယ်။ မုံရွာမြို့ခံ မုံရွေးကြေးမုံနွယ်ဖွားတွေနဲ့ ချိတ်ဆက်ပြီး အခုလို စက်အားဆီအား လူအားတွေ လာရောက်ကုသိုလ်ပြုကြတာပါ။ ကုမ္ပဏီအနေနဲ့ ရေရှားတဲ့ဒေသတွေမှာ ရေလှူတာတွေရှိပေမယ့် အခုလို သောက်ရေကန်ကြီးတစ်ကန်ကို ဆယ်ယူကုသိုလ်ပြုရတာကတော့ ပထမဆုံးပါပဲ။ အခု ကုမ္ပဏီက မြေကော်တဲ့ ဘက်ဟိုးတစ်စီး၊ မြေသယ်ယာဉ်နှစ်စီး ကူညီထားပြီး နောက်ထပ်အလှူရှင်တစ်ဦးက ဘက်ဟိုးတစ်စီး လာကူဦးမယ်လို့ သိရပါတယ်။ ကန်ထဲက ကိုင်းပင်တွေကို ဧပြီ ၂၆ ရက်က စရှင်းတာ ၂၉ ရက်မှာ ပြီးပါတယ်။ အခု ကုန်းပေါ်က ကိုင်းပင်တွေရှင်းရင်း ကန်ပေါင်ပြန်ပြင်ပေးနေတာပါ။ စုစုပေါင်း ၂၅ ရက်လောက် စက်အားသုံးဆောင်ရွက်သွားရင် အားလုံးပြီးစီးပြီး ကန်ရေဝင်ဖို့ အသင့်ဖြစ်မှာပါ" ဟု အင်ဂျင်နီယာမှူးကြီးက ပြောသည်။

ရွှေမြင်တင်ကန်ကြီးအတွင်းတွင် ယခင်က ကိုင်းပင်များ ကန်တစ်ဝက်ခန့်ဖုံးလွှမ်းနေ၍ ကြာပင်များမပွင့်နိုင်ဘဲဖြစ်နေရာမှ ယခု ကိုင်းပင်များကို ရှင်းလင်းပြီးလျှင်ပြီးချင်း ကန်ကြီးအတွင်း ကြာပန်းရောင်စုံများ ဖူးပွင့်လာပြီး နေအေးချိန် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရေကန်ကြီး၌ ပန်းခူးသူ ရေခပ်သူများဖြင့်လည်းကောင်း၊ လုပ်အားဒါနပြုသူများဖြင့်လည်းကောင်း စည်ကားလျက်ရှိကြောင်း ဂေါပကအဖွဲ့ဝင် ဦးသန်းစိုးက ပြောပြသည်။

"ဒီနားဝန်းကျင်ကျေးရွာတွေက ဒီကန်ကြီးက ရေကို သောက်ကြရတာပါ။ မနက်ခင်း ညနေခင်းတွေမှာ လှည်းတွေ ဆိုင်ကယ်တွေ စက်ဘီးတွေနဲ့ ရေလာသယ်ကြတာတွေ ရှိပါတယ်။ အခု ကန်ကြီးထဲက ကိုင်းပင်တွေဖယ်ပြီးပြီးချင်း ကြာပန်းတွေရောင်စုံပွင့်တာ တွေ့ရတော့ ဒေသခံတွေ ကြည်နူးကြရပါတယ်။ ကျန်စစ်သားမင်းကြီး တည်ခဲ့တဲ့ ပရိမ္မရွာကလည်း အလှူငွေကျပ်ငါးသောင်းခွဲ လှမ်းလှူပါတယ်။ အဝေးကနေလှူတာဆိုတော့ ဘာကြောင့်လှူတယ် ဆိုတာ သိချင်လို့ မေးကြည့်တော့ နှစ်စဉ်ပရိမ္မရွာက ကျန်စစ်သားတည်ခဲ့တဲ့ဘုရားမှာ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ဘုရားကြီးကို ရွှေမြင်တင်ကန်က ကြာပန်းတစ်ထောင်လာခူးပြီး ကပ်လှူလေ့ရှိတာကြောင့် ကန်ကြီး ရေရှည်တည်မြဲပြီး ကြာပန်းတွေ ဝေနေစေချင်လို့ ပါဝင်လှူဒါန်းရတာဖြစ်တယ်လို့ ပြန်ကြားပါတယ်" ဟု ကန်ကြီးပြုပြင်ခြင်းကြောင့် ရပ်နီးရပ်ဝေးမှ ဝမ်းမြောက်လျက်ရှိပုံကို ဦးသန်းစိုးက ပြောပြသည်။

ရွှေမြင်တင်ကန်ကြီးကို မုံရွာမြို့ရွှေသိန်းစက်သုံးဆီရောင်းဝယ်ရေးကလည်း လွန်ခဲ့သည့် ငါးနှစ်ခန့်က ဆယ်ယူပြုပြင်ထားခဲ့သည်။ ထို့ကြောင့် ထိုအချိန်မတိုင်မီကာလနှင့် နှိုင်းယှဉ်လျှင် ရေနေမှုပိုကောင်းသောကြောင့် လက်ရှိအချိန်တွင် ကန်အတွင်း၌ လာမည့်ဇွန်လကုန်အထိ သောက်သုံးရေဖူလုံသေးကြောင်း သိရသည်။

ရှစ်ဧကခန့်ကျယ်သော ရွှေမြင်တင်ကန်ကြီးအတွင်းသို့ အရှေ့မြောက်အရပ်ရှိ တောင်မကြီးမှ မိုးရွာလျှင် မိနစ်ပိုင်းအတွင်း ရေရရှိစေလောက်အောင် ရေအရင်းနှင့် အနီးဆုံးနေရာတွင်ရှိနေပြီး ဝင်လာသမျှသော မိုးရေများကို သောက်သုံးရေအဖြစ် လက်ခံထားကာ ပိုသောရေများကို လွှဲပေါက်မှလျှံကျစေပြီး အနောက်တောင်ဘက်ရှိ သုံးရေကန်ကြီးထဲသို့ ထပ်မံစီးဆင်းစေ၍ သိုလှောင်ထားမည်ဖြစ်ရာ အနီးဝန်းကျင်မှ ကျေးရွာငါးရွာနှင့် တောတဲများအတွက် သောက်ရေ သာမက သုံးရေကိုပါ တစ်နှစ်တာပတ်လုံး ဖူလုံလောက်ငစေမည်ဖြစ်ပေသည်။ ။

လေပြင်းကြောင့် ကျိုးကျခဲ့သော ဓာတ်တိုင်များပြန်လည်ပြုပြင်ပြီးစီး

တပ်ကုန်း မေ ၄

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဧပြီ ၃၀ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ညောင်လွန့်ကျေးရွာအုပ်စုမှ ကျေးလက်နေပြည်သူများ အသုံးပြုလျက်ရှိသော ၃၃ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းထားသည့် ဓာတ်တိုင်များ ကျိုးကျပျက်စီးပြီး ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါကျေးရွာအုပ်စု၌ လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိနိုင်ရေးအတွက် မေ ၁ ရက်မှစ၍ နေပြည်တော် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးက ဓာတ်တိုင်များ အစားထိုးပေးခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုးနှင့် လျှပ်စစ်ဝန်ထမ်းများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ ပူးပေါင်းပြုပြင်ခဲ့ရာ မေ ၃ ရက်က ပြုပြင်ပြီးစီးသဖြင့် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှု

သံတောင်ကြီး မေ ၄

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နှင့် ဘောဂလိမြို့များ၌ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ မေ ၂ ရက်က ကွင်းဆင်းကာ ဒေသခံပြည်သူများ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လိပ်သိုမြို့ ဇလဲကျေးရွာအုပ်စုမှ ခြံပိုင်ရှင် ဦးသိန်းဇော် စိုက်ပျိုး ထားသော Robusta ကော်ဖီခြံသို့ သွားရောက်ကြည့်ရှုကာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် လိပ်သိုမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဆွေးနွေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မြို့စည်ပင်သာယာလုပငစေရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လိပ်သိုတိုက်နယ်ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှု အားပေးခဲ့ပြီး ၂၅ ခုတင်ဆံ့ ဆေးရုံအဆောက်အအုံသစ်တည်ဆောက်ပြီးစီးမှုများ ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သံတောင်မြို့ စိုက်ပျိုးရေးဦးစီးဌာန၏ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံသို့လည်းကောင်း၊ ရွာကြီးကျေးရွာအုပ်စု သူဌေးကုန်းရွာသစ်ရှိ ဝက်မွေးမြူရေးလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ သံတောင်မြို့ ပသိခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်အတွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

စောမင်းသား(ပြန်/ဆက်)

ကျွန်းစုမြို့နယ် ဒေသခံပြည်သူများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တွေ့ဆုံ

ကျွန်းစု မေ ၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီဝင်များ၊ ဒေသခံပြည်သူများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်ဦးဆောင်သည့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ မေ ၃ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော အထောက်အကူပြုကော်မတီဝင်များနှင့် ဒေသခံပြည်သူများက မိမိတို့ဒေသ၏ သောက်သုံးရေရရှိမှု၊ လမ်း၊ တံတား၊ ဆေးပေးခန်းများ၊ မီးသတ်ကား၊ အမှိုက်သိမ်းယာဉ်များနှင့် မီးရရှိရေး စသော ဒေသလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် ပြည်သူဆေးရုံရှိ လူနာများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ကန္တလူကျေးရွာ၌ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က လုပ်ကိုင်နေသော ခေတ်မီရေငန်ပုစွန်မွေးမြူရေးစီမံကိန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့သည်။

ရန်နိုင်(ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအား အိမ်မိုးသွပ်များ ထောက်ပံ့

မုံရွာ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ပြီးလနောက်ဆုံးပတ်အတွင်းက မိုးသက်လေပြင်းနှင့် မိုးသီးများ ကျရောက်ခဲ့မှုကြောင့် မြို့ပေါ်နှင့် ရပ်ကွက် ကျေးရွာများရှိ လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် မေ ၂ ရက် ညနေ ၄ နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က သွပ်ချပ်ရေ ၅၀၀၀ ချပ်၊ ဟွန်ဒါ ဦးတင်မောင်က သွပ်ချပ်ရေ ၁၂၀၀၀၊ ရန်ကုန်မြို့မှ ATE ကုမ္ပဏီမှ သွပ်ချပ်ရေ ၁၀၀၀၀ ချပ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်များက သွပ်ချပ်ရေ ၈၂၈၃ ချပ် စုစုပေါင်း သွပ်ချပ်ရေ ၃၅၂၈၃ ချပ်ကို လှူဒါန်းထားပြီးဖြစ်ကြောင်း၊ စေတနာရှင်အလှူရှင်များကလည်း အလှူငွေ ကျပ် ၁၀၂၀၀၀၀ ကို လာရောက်လှူဒါန်းထားပြီး လက်ခံရရှိထားသည့် အိမ်မိုးသွပ်များကို လေဘေးသင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရနှင့် စေတနာရှင် အလှူရှင်များ လှူဒါန်းထောက်ပံ့သည့် အိမ်မိုးသွပ်များနှင့် အလှူငွေများကို လေဘေးသင့်ကျေးရွာများမှ ပြည်သူများထံ ရောက်ရှိရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(တိုင်းဒေသကြီးပြန် / ဆက်)

လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

ကျောက်ပန်းတောင်း မေ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပြီး ၃၀ ရက်က ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် ကျေးရွာအချို့ရှိ လူနေအိမ်များအပါအဝင် အဆောက်အအုံအချို့ အမိုးများလန်ထွက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါ လေဘေးသင့်မိသားစုများ လတ်တလောအဆင်ပြေစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက မေ ၂ ရက်တွင် ကျေးရွာများအရောက် ကွင်းဆင်း၍ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းခိုင်နှင့် ဝန်ထမ်းများက ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်နွဲ့နှင့် ဝန်ထမ်းများနှင့်အတူ ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်ခဲ့ကြပြီး လေဘေးသင့်ပြည်သူများအား ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့ရာတွင် တဘက်များ၊ စောင်များ၊ ကျားဝတ်နှင့် မဝတ် လုံချည်များ၊ ကာဘော်လိတ်ဆပ်ပြာတောင့် အစရှိသည့် ပစ္စည်းလေးမျိုးနှင့် ဆန်ဖိုးငွေများကို လေဘေးသင့်ပြည်သူတစ်ဦးချင်း ပေးအပ်ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုခြောက်အုပ်စု ကျေးရွာပေါင်း ၁၂ ရွာရှိ အိမ်ထောင်စု ၉၉ စုမှ လူဦးရေ ၄၆၂ ဦး လေဘေးသင့်ခဲ့ပြီး လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုစုစုပေါင်းမှာ တစ်အိမ်ထောင်လျှင် ထောက်ပံ့ပစ္စည်းလေးမျိုးဖြင့် အိမ်ထောင်စု ၉၉ စုအတွက် တန်ဖိုး ကျပ် ရှစ်သိန်းကျော်နှင့် ဆန်ဖိုး ကျပ် လေးသိန်းကျော် ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန် / ဆက်)

မဲဇာမြစ်အနီးရှိ ဥမင်လိုဏ်ဂူကြီးမှ ရှေးဟောင်းစေတီ ဘုရားများ

စစ်ကိုင်း မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မဲဇာမြစ်အနီးတွင် တည်ရှိသော ဥမင်လိုဏ်ဂူတော်ကြီးအတွင်း၌ ရှေးဟောင်း ဘုရားဆင်းတုရုပ်ပွားတော်များ၊ စေတီပုထိုးများ အမြောက်အမြားရှိနေပြီး ယခုအချိန်အထိ စနစ်တကျ ထိန်းသိမ်းထားဆဲဖြစ်ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ဥမင်လိုဏ်ဂူတော်ကြီးရှိရာ ပန်းတောကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးမုန်းရွှေက "ကျွန်တော်တို့ဒေသမှာရှိတဲ့ ဥမင်လိုဏ်ဂူတော်ကြီးဟာ နှစ်ပေါင်းတစ်ထောင်လောက်ရှိပြီဖြစ်ပါတယ်။ စေတီပုထိုး ရှေးဟောင်းဘုရားတွေ အတော်များများရှိပါတယ်။ ကျောက်ဆင်းတုစေတီငယ်တွေ ဘုရားတွေကို ပြည်တွင်း ပြည်ပက ဘုရားဖူးများ လာရောက်ကြည်ညို ဖူးမြော်နိုင်ကြပါတယ်"ဟု ပြောသည်။

အဆိုပါ ဥမင်လိုဏ်ဂူတော်ကြီးအတွင်း ရှေးဟောင်းဘုရားဆင်းတုတော်များနှင့် စေတီငယ် အရေအတွက်များစွာကို ဖူးမြော်နိုင်သည်။ ဥမင်လိုဏ်ဂူအတွင်းရှိ ဘုရားဆင်းတုများနှင့် စေတီပုထိုးများသည် ရှေးဘုရင် မင်းအဆက်ဆက်က တည်ထားကိုးကွယ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် စေတီငယ်များသည် ဉာဏ်တော်အားဖြင့် သေးငယ်သော စေတီပုထိုးများ ဖြစ်ကြသော်လည်း ဆုတောင်းပြည့်သည့် စေတီများဖြစ်ကြောင်း ဒေသခံအချို့က ယုံကြည်မှုရှိကြသည်။

အဆိုပါ ဥမင်လိုဏ်ဂူသည် ဗန်းမောက်မြို့၏ အရှေ့မြောက်ထောင့် မြို့နှင့် ၁၈မိုင်ခန့်အကွာတွင် ဖြစ်သည်။ မဲဇာမြစ်၏ အနောက်ဘက်တွင် တည်ရှိကာ မြစ်နှင့်တစ်မိုင်ခန့် ကွာဝေးသည်။ လက်ရှိအချိန်တွင် ဥမင်လိုဏ်ဂူတော်ကြီးအတွင်းရှိ ဘုရားဆင်းတုတော်နှင့် စေတီငယ်များကို ဒေသခံပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ထားသလို လာရောက်၍ ဘုရားဖူးသူများ၊ လေ့လာသူများ အဆင်ပြေစေရန်အတွက်လည်း ဥမင်သွားလမ်းကို ဒေသခံများက ပြန်လည်ပြုပြင်ထားကြကြောင်း သိရသည်။

သန်းမောင်လေး

ရွှေပြည်-တောင်အင်း ကျေးရွာချင်းဆက်လမ်း ပြုပြင်

စဉ့်ကူး မေ ၄

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ အရှည် ၁ ဒသမ ၄ မိုင်ရှိ ရွှေပြည်-တောင်အင်း ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသဖွံ့ဖြိုးရေး ရက် ၁၀၀ စီမံကိန်းအရ မေ ၁ ရက်မှစ၍ ပြုပြင်နေပြီဖြစ်သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် ဒေသအတွင်း ကျေးရွာများကြား ဆက်သွယ်ထားသည့် အဓိကလမ်းဖြစ်ပြီး ချောင်းများ၊ အင်းများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းကြောင့် ကြံ့ခိုင်မှုရှိရန် အရေးကြီးသောလမ်းဖြစ်ကြောင်း၊ လက်ရှိလမ်းမှာ ကျောက်ချောလမ်းဖြစ်သော်လည်း ဧရာဝတီမြစ်ရေ ဝင်ရောက်ခဲ့မှုကြောင့် လမ်းပျက်စီးကာ ကျောက်များပေါ်နေပြီး သွားလာရေးခက်ခဲနေသဖြင့် ဂျင်းမြေခင်းပြုပြင်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်မှုများကို စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းကျော်ဇောနှင့် တာဝန်ရှိသူများ မေ ၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဝင်းမောင်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ရုံးသုံးနှင့် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါရုံးသုံးနှင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Generator 500 KVA	-	2 Nos
(ခ)	Air Conditioner (1.5 HP) Split Type	-	20 Nos
(ဂ)	Air Conditioner (2.0 HP) Split Type	-	10 Nos
(ဃ)	Duct Line Air Conditioner (40 HP)	-	4 Nos
(င)	Mail Box Car	-	3 Nos
(စ)	Digital Camera D-7200 (with Lens)	-	5 Nos
(ဆ)	Computer Core i7	-	20 Nos
(ဇ)	Printer A3 with Scanner	-	10 Nos
(ဈ)	Recorder	-	25 Nos
(ည)	Portable Printer	-	10 Nos
(ဋ)	Card Printer XID 8100	-	2 Nos
(ဌ)	**ရုံးသုံးပရိဘောဂမျိုးစုံ**	-	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၅-၂၀၁၆ရက်မှ ၃-၆-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ် (၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈	**ရုံးအမှတ် (၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျေးလက်ဒေသတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **လမ်းလုပ်ငန်း**

(၁)ကွန်ကရစ်လမ်း	-	(၁/၀)မိုင်
(၂)ကတ္တရာလမ်း	-	(၂/၀)မိုင်
(၃)ကျောက်လမ်း	-	(၈/၇.၅)မိုင်
(၄)ဂဝံ/ဂျင်းကျောက်လမ်း	-	(၄/၂.၁)မိုင်
(၅)မြေလမ်း	-	(၂၃/၅.၂၃)မိုင်

(ခ) **ရေပေးရေးလုပ်ငန်း**

(၁)တွင်းနက်	-	၆တွင်း
(၂)မြေသားရေကန်	-	၁ခု
(၃)စိမ့်စမ်း	-	၂၄ခု
(၄)အခြား	-	၂၁ ခု

၂။ တင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်းဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် သတ်မှတ်ချက်များကို ၁-၅-၂၀၁၆ ရက်မှ ၃၀-၅-၂၀၁၆ ရက် ၄း၀၀ နာရီအထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၃၁-၅-၂၀၁၆ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံသို့ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါရောင်းချမည့် လိပ်စာနှင့်တင်ဒါပေးသွင်းရမည့် လိပ်စာမှာ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇရာရပ်ကွက်၊ အမှတ် ၁၅၅၊ မြစ်ကြီးနားမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၀၇၄-၂၄၂၂၃၊ ၀၇၄-၂၀၉၉၇၊ ၀၉-၇၃၈၁၀၁၅၅၊ ၀၉-၅၃၅၀၆၉၂၊ ၀၉-၄၇၀၂၆၂၈၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

ဝန်ထမ်းအလိုရှိသည်
နေပြည်တော်၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ချမ်းငြိမ်းမေတ္တာဆေးဆိုင်အတွက်

(၁)	**ဆေးဝါးကျွမ်းကျင် (B.Pharm)ဘွဲ့ရ**	**ကျား/မ (၃)ဦး**
(၂)	**ဆေးဝါးကျွမ်းကျင်အကူ (Pharmalist Aid)**	**ကျား/မ (၃)ဦး**
(၃)	**ဆေးရောင်းကျွမ်းကျင် (အတွေ့အကြုံရှိ)**	**ကျား/မ (၃)ဦး**

ဝန်ထမ်း
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အရည်အချင်းပေါ်မူတည်၍ လစာကောင်းပေးမည်။

ဆက်သွယ်ရန် - ဖုန်း-၀၉-၂၅၀၃၄၅၁၂၀၊ ၀၉-၅၁၂၃၆၂၀၊ ၀၉-၇၈၅၁၂၃၆၂၀

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး၊ ရုံးသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	**အရေအတွက်**
(၁)	Digital Camera Nikon D 810 Body and	2 Nos
	- Lens 24-120mmFX	
	- Flash Gun SB-910	
	- Battery Grip BG-N7	
(၂)	Nikon Fish Eye Lens Fx(16 mm)	1 No
(၃)	Digital Camera Sony α 99	1 No
	24.3 Megapixel	
(၄)	External Flash for Sony α 77 DSLR F 58 AM	3 Nos
	Distance F2 0.7m to 29m	
(၅)	Sony Digital Camera 24.3 Megapixel	35 Nos
	-Flash Gun 20 AM	
	-Lens 28-70mm	
(၆)	Panasonic Video Camera HD(AVCHD)	9 Nos
	28mm Wide 1920x1080p	
(၇)	Online UPS 6KVA(Power Tree)	1 No
(၈)	UPS 650 VA Power Tree	37 Nos
(၉)	Personal Computer(Desktop)	110 Sets
	Core i7 3.4,(8MB/1150)	
	H9Z 1150/(DDR3),8GB(DDR3)	
	2TB,GT630(DDR3)64bit With	
	DVI/HDMI Output,	
	View Sonic 21.5"/22" LED DVI/HDMI,	
	24xDVD Writer,	
	Speaker,Keyboard,Mouse "A4 Tech	
	UPS-Power Tree 650 VA	
(၁၀)	Canon Laser Printer LBP 2900B(A4)	80 Nos
	600x600dpi,12ppm	
(၁၁)	EPSON Colour Printer(Inkjet)Only Print	2 Nos
	(Document & Photo)4 Color 4800x1200 dpi	
(၁၂)	Epson Scanner(A4)4800x9600 dpi	51 Nos
	48 Bit Color Input & Output	
(၁၃)	Panasonic Fax Machine (A4)Roll Paper 9.6 Kbps	30 Nos
(၁၄)	Panasonic LCD Projector Lumens 4000 with	9 Nos
	Tripod Screen 96"x96"	
(၁၅)	Konica Digital Multifunction Copier(A3 Size)	30 Nos
	600x600 dpi 250 Sheet Paper Tray	
(၁၆)	Chigo Airconditioner 2HP Split Type	21 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၅-၂၀၁၆ရက်မှ ၂၆-၅-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၅-၂၀၁၆ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူ
ပြန်ကြားရေးဝန်ကြီးဌာန	ရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၉၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(လျှပ်စစ်စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို ၁၆-၅-၂၀၁၆ရက်မှ ၈-၇-၂၀၁၆ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသည့် အနိမ့်ဆုံးပညာအရည်အချင်း A G.T.I (Electrical Power)/ A.G. T. I (Electronic) အောင်မြင်ပြီးသူမည်သူမဆို ၁၀-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန- အမှတ် (၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၃၇၅၃

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။	**ရောင်းချမည့်ပစ္စည်းများ**	-	ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သက်န်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ်အစားအမျိုးမျိုးနှင့် အခြားချုပ်ထည်များ
၃။	**ဈေးပြိုင်ရောင်းချမည့်ရက်**	-	၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့)
၄။	**ဈေးပြိုင်ရောင်းချမည့်အချိန်**	-	နံနက် ၁၀း၀၀နာရီ
၅။	**ဈေးပြိုင်ရောင်းချမည့်နေရာ**	-	စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ အစည်းအဝေးခန်းမ၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း**

မြန်မာ့သစ်လုပ်ငန်း
သစ်စက်ရှိ ပင်မစက်ရုံ၊ ခွဲသားဂိုဒေါင်နှင့်ဝန်ထမ်းအိမ်ရာအဟောင်းများ
လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပဲခူးတိုင်းဒေသကြီး(အနောက်)လက်အောက်ရှိ အမှတ်(၉၃)သစ်စက်၊ ပေါင်းတည်ရှိ ပင်မစက်ရုံ၊ ခွဲသားဂိုဒေါင်၊ ဝန်ထမ်းအိမ်ရာအဟောင်းများအား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က)	**လေလံတင်ရောင်းချမည့်နေရာ**	-	ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်မြို့
(ခ)	**လေလံတင်ရောင်းချမည့်ရက်/အချိန်**	-	၂၇-၅-၂၀၁၆ ရက်၊ သောကြာနေ့၊ နံနက် ၉း၃၀ နာရီ
(ဂ)	**လေလံပုံစံရောင်းချမည့်နေ့ရက်**	-	၂-၅-၂၀၁၆ ရက်မှ ၂၆-၅-၂၀၁၆ ရက်

လျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၆-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာ(တိုင်းရုံး)နှင့် လက်ထောက်အထွေထွေမန်နေဂျာ(ရောင်း/စက်ဌာနမှူး)ရုံးတို့တွင် ဝယ်ယူနိုင်ပါသည်။ **လေလံတင်ရောင်းချရေးအဖွဲ့**

ဒုတိယအထွေထွေမန်နေဂျာရုံး-ဖုန်း-၀၅၃-၂၄၂၅၁
လက်ထောက်အထွေထွေမန်နေဂျာ (ရောင်း/စက်ဌာနမှူး)ရုံး၊ ဖုန်း-၀၅၃-၂၇၁၈၁

ကြော်ငြာဆိုင်းဘုတ် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားရန် ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၉-၅-၂၀၁၆ ရက်မှ ၂၀-၅-၂၀၁၆ ရက် အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက် ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Website (www.ycdc.gov.mm) စီမံရေးရာဌာန (Home Page)နှင့် စီမံရေးရာဌာနကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
က	၀၆/မမ/CME	သုတ်ဆေးရောင်စုံနှင့် ဆက်စပ်ပစ္စည်း(၃၉)မျိုး
ခ	၀၇/မမ/CME	တွဲအတွင်းပိုင်းပစ္စည်း(၂၀)မျိုး
ဂ	၀၈/မမ/CME	Bolt,Nut,Washer,Drill,Tap & Split Pin (၆၁)မျိုး
ဃ	၀၉/မမ/CME	ပိုက်နှင့်ပိုက်ဆက်ပစ္စည်း(၂၇)မျိုး
င	၁၀/မမ/CME	စက်အရန်ပစ္စည်းနှင့် လက်သုံးကိရိယာပစ္စည်း(၃၉)မျိုး

